ကြေးမုံ
The Mirror Daily
Established in 1957
၁၉၅၇ ဖြို့ ၁၆ တွင် စတင်တည်ထောင်သည်။

e – paper ဖတ်ရှုရန်

လူအပေါင်းချစ်မြတ်နိုး

သီလနှင့်လည်းပြည့်စုံ၊ ဉာဏ်အမြင်နှင့်လည်းပြည့်စုံ၊ တရားဥဒ္ဓတည်၍ အမှန်ကိုလည်း ပြောဆိုတတ်၊ မိမိပြုအပ်သည့် ကျင့်ဝတ်နှင့်လည်းပြည့်စုံသောသူကို လူအပေါင်းသည် ချစ်မြတ်နိုး၏။

ဝိယဝဂ်(ဓမ္မပဒ - ၂၁၇)

၁၃၈၈ ခုနှစ်၊ ဒုတိယဝါဆိုလပြည့်ကျော် ၁၄ ရက်၊ ဗုဒ္ဓဟူးနေ့။ Wednesday, 12 August 2026 ၁၂၆၈

နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်ထံ အမျိုးသားဒီမိုကရက်တစ်မဟာမိတ်အဖွဲ့(NDAA) ဥက္ကဋ္ဌ ဦးထိန်လင်း ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ လာရောက်ဂါရဝပြုတွေ့ဆုံ

နေပြည်တော် ဩဂုတ် ၁၁

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်ထံ အမျိုးသားဒီမိုကရက်တစ်မဟာမိတ်အဖွဲ့(NDAA) ဥက္ကဋ္ဌ ဦးထိန်လင်း ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့က ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတရုံးတော် ဧည့်ခန်းမဆောင်၌ လာရောက်ဂါရဝပြုတွေ့ဆုံသည်။

တက်ရောက်

အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံတော်သမ္မတနှင့်အတူ ဒုတိယသမ္မတ ဦးညီစော၊ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့်ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်၊ အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီးမင်းနိုင်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ ဒုတိယဗိုလ်ချုပ်ကြီး ကျော်ကိုထိုက်နှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး အမျိုးသားဒီမိုကရက်တစ်မဟာမိတ်အဖွဲ့(NDAA) ဥက္ကဋ္ဌနှင့် အတူ ဒုတိယဥက္ကဋ္ဌများဖြစ်ကြသည့် ဦးစန်ပေ့နှင့် ဦးဆန်လူ၊ အထွေထွေအတွင်းရေးမှူး ဦးကြည်မြင့်နှင့် အတွင်းရေးမှူး ဦးအိုက်ပန်းတို့ တက်ရောက်ကြသည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့ ☆



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် အမျိုးသားဒီမိုကရက်တစ်မဟာမိတ်အဖွဲ့(NDAA) ဥက္ကဋ္ဌ ဦးထိန်လင်းအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။

သံလွင်မြစ်ရေမြင့်တက်မှုကြောင့် ဘားအံမြို့ပေါ်အနိမ့်ပိုင်းလူနေရပ်ကွက်များ ရေဝင်ရောက်မှုဖြစ်ပွား

ဘားအံ ဩဂုတ် ၁၁

ကရင်ပြည်နယ် ဘားအံမြို့တွင် သံလွင်မြစ်ရေသည် ယမန်နေ့ညနေ တိုင်းတာချက်အရ စိုးရိမ်ရေမှတ် ၇၅၀ စင်တီမီတာအထက် ၈၂၃ စင်တီမီတာသို့ရောက်ရှိခဲ့ပြီး အနိမ့်ပိုင်းလူနေရပ်ကွက်များအတွင်းသို့ မြစ်ရေများစီးဝင်လျက်ရှိရာ ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦးသည် ပြည်နယ်ဝန်ကြီးများ၊ တာဝန်ရှိသူများနှင့်အတူ ရေဝင်ရောက်မှုအခြေအနေနှင့် အရေးပေါ်တုံ့ပြန်ဆောင်ရွက်နိုင်ရေး ကွင်းဆင်းကြည့်ရှုစစ်ဆေးပြီး လိုအပ်ချက်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့ ❐



ဘားအံမြို့၌ ကူညီကယ်ဆယ်ရေးလုပ်ငန်းများဆောင်ရွက်ရန် အသင့်ပြင်ဆင်ထားမှုကို တွေ့ရစဉ်။

ယနေ့ ဖတ်စရာ

အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး လုပ်ငန်းများ၊ တရားမျှတသော ယှဉ်ပြိုင်မှုနှင့် အားလုံးပါဝင်သော စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုဆီသို့ သွားရာလမ်းကြောင်း

ဆောင်းပါး စာမျက်နှာ » ၆

ရောဝတီတိုင်းဒေသကြီး အတွင်းရှိရေဘေးသင့်ဒေသများတွင် ရေပြန်လည်ကျဆင်းပါက စိုက်ပျိုးရေးလုပ်ငန်းများကို ဦးစားပေး ဆောင်ရွက်သွားမည်

စာမျက်နှာ » ၈

စစ်ကိုင်းမြို့နယ်အတွင်း ရေဝင်ရောက်ခဲ့သည့် ရပ်ကွက်/ကျေးရွာများရှိ ဒေသခံပြည်သူများအား ဆန်/ဆီနှင့် စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်

စာမျက်နှာ » ၉

လေဖိအားနည်းရပ်ဝန်းတစ်ခု ဖြစ်ပေါ်နိုင်

နေပြည်တော် ဩဂုတ် ၁၁

ယနေ့နံနက် ၅ နာရီခွဲ တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အနောက်မြောက်ပိုင်း၌ ဩဂုတ် ၁၂ ရက်တွင် လေဖိအားနည်းရပ်ဝန်းတစ်ခု ဖြစ်ပေါ်နိုင်သည်ဟု ခန့်မှန်းရသည်။

မိုး/၈လ

ဖလမ်းမြို့ သစ္စာလမ်းမတစ်လျှောက် ၄၀၀ ပို့ ကာဗာလျှပ်စစ်မီးကြိုးများ ပြန်လည်သွယ်တန်းလျက်ရှိ

ဖလမ်း ဩဂုတ် ၁၁

ချင်းပြည်နယ် ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေးကော်မတီ၏ ဦးဆောင်ကြီးကြပ်မှုဖြင့် ဖလမ်းမြို့ သစ္စာလမ်းမတစ်လျှောက်တွင် ၄၀၀ ပို့ ကာဗာလျှပ်စစ်မီးကြိုးများ ပြန်လည်သွယ်တန်းလျက်ရှိကြောင်း သိရသည်။

ယခင်က ဖလမ်းမြို့နှင့် အနီးအနားရှိကျေးရွာများကို မဟာဓာတ်အားလိုင်းမှတစ်ဆင့် လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးပေးခဲ့ပြီး ဖလမ်းမြို့နယ်အတွင်း ၄၀၀ ပို့ လျှပ်စစ်ဓာတ်အား ပေးလိုင်း

စာမျက်နှာ ၃ ကော်လံ ၁ သို့ ❍



ကြေးမုံ

ပြည်သူ့ကျန်းမာရေးကဏ္ဍမြင့်မားကြံခိုင်ဖွံ့ဖြိုးသည့်ဘဝများပိုင်ဆိုင်

ကျန်းမာရေးကဏ္ဍတွင် နိုင်ငံသားတိုင်း ကျန်းမာကြံခိုင်မှုရှိစေရေးနှင့် လူတိုင်း သက်တမ်းစေ့နေနိုင်ရေးအတွက် အစိုးရတာစီရင်အနေဖြင့် စီမံဆောင်ရွက်ပေးရေး၊ "ဆေးရုံရှိလျှင် ဆရာဝန်ရှိရမည်၊ လူ့အသက်ထက်အရေးကြီးတာ ဘာမှမရှိ"စသည့် ကျန်းမာရေးမူဝါဒများကို နိုင်ငံတော်သမ္မတက လမ်းညွှန်ချမှတ်ပေးထားပြီး ပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုကဏ္ဍမြင့်မားရေးကို အလေးထားဆောင်ရွက်လျက်ရှိသည်။ အထူးသဖြင့် နိုင်ငံတော်အနာဂတ်အတွက် ကျန်းမာကြံခိုင်သန်စွမ်းသည့် လူသားအရင်းအမြစ်များ ပေါ်ထွက်လာစေရန်အတွက် မိခင်များနှင့် ကလေးသူငယ်များ ကျန်းမာကြံခိုင်ဖွံ့ဖြိုးရေးကို အလေးထားဆောင်ရွက်ပေးလျက်ရှိသည်။

ကျန်းမာကြံခိုင်ဖွံ့ဖြိုးသည့်ဘဝများကို ပိုင်ဆိုင်နိုင်ရန်အတွက် ကလေးရည်ကြည်သန္ဓေတည်သည်မှစ၍ မွေးကင်းစလူမမည်အရွယ်မှသည် ကလေးသူငယ်များဖြစ်လာသည်အထိ ကာလများသည် ခန္ဓာကိုယ်ဖွံ့ဖြိုးမှု အရှိန်အဟုန်ခြင့်မားသော အရေးအကြီးဆုံးအရွယ်များဖြစ်သည်။ ကလေးငယ်များ ကျန်းမာကြံခိုင်ဖွံ့ဖြိုးသည့် ခန္ဓာကိုယ်များရရှိစေရေးအတွက် အာဟာရပြည့်ဝသည့်အစားအစာများ ကျွေးမွေးရန် လိုအပ်သည်။ အာဟာရမပြည့်ဝတဲ့ ခန္ဓာကိုယ်ဖွံ့ဖြိုးမှုအားနည်းသောအခါ အားကစားလှုပ်ရှားမှုဘကိတွင်ကဲ့သို့ ကိုယ်ခံစွမ်းအားနှင့် သက်လုံမပြည့်ဝတဲ့ စွမ်းဆောင်ရည်လျော့နည်းနေမည်ဖြစ်သည်။ ထို့ကြောင့် အသက်အရွယ်အလိုက် အချိန်အခါအလိုက် ကျန်းမာရေးစစ်ဆေးခြင်း၊ အာဟာရပြည့်ဝစွာစားသုံးနိုင်ရေး တို့ကို ထိထိရောက်ရောက် ဆောင်ရွက်ပေးရမည်ဖြစ်သည်။

နိုင်ငံတစ်ဝန်းတွင် နေထိုင်ကြသည့် ပြည်သူများအားလုံး ကျန်းမာရေးလွှမ်းခြုံစောင့်ရှောက်ပေးနိုင်ရန်အတွက် နိုင်ငံတစ်ဝန်းရှိ ဆေးပေးခန်း၊ ဆေးခန်း၊ ဆေးရုံများ၌ ကျန်းမာရေးဝန်ထမ်းများ အလုံအလောက် ခန့်ထားပေးရေးအတွက် နိုင်ငံတော်က စဉ်ဆက်မပြတ် မွေးထုတ်ပေးလျက်ရှိသည်။ ကျောင်းကျန်းမာရေးနှင့်ပတ်သက်၍လည်း ကျောင်းနေအရွယ်ကလေးငယ်များ ကျန်းမာရေးအသိ၊ ကျန်းမာရေးသတိများရရှိအောင် တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ် ကျေးလက်ကျန်းမာရေးဌာနများရှိ ကျန်းမာရေးဝန်ထမ်းများက အသက်အရွယ်အလိုက် ကျန်းမာရေးစစ်ဆေးပေးခြင်း၊ ကျောင်းပတ်ဝန်းကျင်တစ်ဝိုက် ကျန်းမာရေးနှင့်ညီညွတ်မှုတသည့် ပတ်ဝန်းကျင်ဖြစ်စေရေး၊ အာဟာရပြည့်ဝစွာစားသုံးရေး၊ အစားအသောက်နှင့် သောက်သုံးရေများ သန့်ရှင်းမှုရှိစေရေးအတွက် စီမံဆောင်ရွက်ပေးလျက်ရှိသည်။

ယခုအခါ အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ်များ၏ ပထမရက်သတ္တပတ်ကို "မိခင်နို့တိုက်ကျွေးရေး ရက်သတ္တပတ်၊ ဒုတိယရက်သတ္တပတ်ကို အသက်ငါးနှစ်အောက်ကလေးများနှင့် ကျောင်းသားလူငယ်များ အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ်၊ တတိယရက်သတ္တပတ်ကို ကိုယ်ဝန်ဆောင်နှင့် နို့တိုက်မိခင်များ အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ်၊ စတုတ္ထရက်သတ္တပတ်ကို အိုင်အိုဒင်းဆ်ျိုးတဲ့ရောဂါများပပျောက်ရေးရက်သတ္တပတ်"ဟူ၍ သတ်မှတ်ပြီး နှစ်စဉ်နှစ်တိုင်း ဩဂုတ်လ တစ်လလုံးကို အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ်များအဖြစ် သတ်မှတ်ကာ ခရိုင်၊ မြို့နယ်နှင့် ကျေးရွာများအထိ အာဟာရဖွံ့ဖြိုးရေးလှုပ်ရှားမှုများကို လွှမ်းခြုံဆောင်ရွက်ပေးလျက်ရှိသည်။ ထို့အပြင် မူကြိုကလေးငယ်များအား အင်အားပြည့်ဗီတာမင်အေဆေးများ တိုက်ကျွေးခြင်း၊ ကိုယ်ဝန်ဆောင်မိခင်များအား သံဓာတ်ပါသောအဏုအာဟာရဆေးများ၊ ဗီတာမင်ဘီဝမ်းအားဆေးနှင့် လက်ဆောင်ပစ္စည်းများ ပေးအပ်ခဲ့သည်။

မြန်မာနိုင်ငံတွင် အနာဂတ်မျိုးဆက်သစ်များ ကျန်းမာကြံခိုင်ဖွံ့ဖြိုးရေးကို စဉ်ဆက်မပြတ် ဆောင်ရွက်ပေးလျက်ရှိရာ နှစ်စဉ် ဩဂုတ်လ တစ်လလုံးကို အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ်များ လှုပ်ရှားမှုအဖြစ် ပြည်သူလူထုက အာဟာရဖွံ့ဖြိုးရေးလုပ်ငန်းများအား ပိုမိုစိတ်ဝင်စားလာပြီး ပူးပေါင်းပါဝင်ဆောင်ရွက်ကြစေရန်၊ ကျန်းမာရေးနှင့်ညီညွတ်ပြီး အာဟာရပြည့်ဝစွာ စားသုံးတတ်စေရန်၊ ကျန်းမာသန်စွမ်းပြီး ဉာဏ်ရည်ထက်မြက်သော နိုင်ငံ့သားကောင်းများ ပြုစုပျိုးထောင်ပေးနိုင်ရန်ရည်ရွယ်၍ ကျန်းမာရေးဝန်ကြီးဌာနက ဦးဆောင်ပြီး ပြည်သူလူထုပူးပေါင်းပါဝင်မှုဖြင့် နိုင်ငံတစ်ဝန်းလုံးတွင် လှုပ်ရှားဆောင်ရွက်လျက်ရှိသည်။

"ကျန်းမာမှသာ ပညာသင်ကြားနိုင်မည်၊ ကျန်းမာမှသာ အလုပ်လုပ်နိုင်မည်" ဆိုသည့်အတိုင်း ငယ်ရွယ်စဉ်ကလေးဘဝမှစ၍ အရွယ်ရောက်လာသည်အထိ ကျန်းမာရေးနှင့်ညီညွတ်သော လူနေမှုဘဝပုံစံများ ကျင့်သုံးတတ်စေရန် လေ့ကျင့်ပျိုးထောင်ပေးကြရမည်ဖြစ်သည်။ ကျန်းမာရေးနှင့်ညီညွတ်သော အမူအကျင့်များကို ကလေးသူငယ်များမှတစ်ဆင့် မိသားစုနှင့် ပြည်သူလူထုအတွင်း ပျံ့နှံကျင့်သုံးလာစေပြီး ကျန်းမာရေးနှင့်ညီညွတ်သော လူမှုအသိုက်အဝန်းဖြစ်ပေါ်လာအောင် ဖော်ဆောင်သွားကြရမည်ဖြစ်သည်။ ကျန်းမာရေးအဆင့်မြှင့် ကျောင်းလုပ်ငန်းစဉ်များကို ကျန်းမာရေးနှင့် ပညာရေးကဏ္ဍအပြင် မိဘပြည်သူများအားလုံးပါဝင်ပြီး ပြည်သူလူထုတစ်ရပ်လုံး ကျန်းမာရေးအသိဖြင့်မားလာအောင် ဆောင်ရွက်ကြရမည်ဖြစ်သည်။

သို့ဖြစ်ရာ အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ်တွင် ကျောင်းကျန်းမာရေးသီတင်းပတ်လှုပ်ရှားမှုများကို ဩဂုတ်လ ဒုတိယပတ်တွင် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ပုံမှန်ဆောင်ရွက်နေကြပြီး အလားတူ ယခုအပတ်တွင် ငါးနှစ်အောက် ကလေးငယ်များနှင့် ကျောင်းသားလူငယ်များ အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ်ကိုလည်း တစ်ချိန်တည်း တစ်ပြိုင်တည်း ဆောင်ရွက်ကြခြင်းဖြင့် ကျန်းမာဖွံ့ဖြိုးသည့်ဘဝများကို ပိုင်ဆိုင်နိုင်မည်ဖြစ်ပါကြောင်း။ ။

အပြည်ပြည်ဆိုင်ရာလူငယ်များနေ့

၂၀၂၆ ခုနှစ်၊ ဩဂုတ်လ ၁၂ ရက်(ဗုဒ္ဓဟူးနေ့)

INTERNATIONAL YOUTH DAY

2026 DIFFERENT CONTEXTS, COMMON ASPIRATIONS

" Different Contexts, Common Aspirations "

" နောက်ခံမတူငြား၊ ရည်မှန်းတူထား၊ လူငယ်အား "

ဦးစိုးသက်နောင် အား ဘရူနိုင်းဒါရုဿလမ်နိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီးအဖြစ် ခန့်အပ်

နေပြည်တော် ဩဂုတ် ၁၂

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် မြန်မာသံရုံး ရောမမြို့မှ သံရုံးယာယီတာဝန်ခံ/သံအမတ် ဦးစိုးသက်နောင် အား ဘရူနိုင်းဒါရုဿလမ်နိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်း ခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံအမတ်ကြီးအဖြစ် ခန့်အပ်လိုက်ပြီးဖြစ်သည်။ သတင်းစဉ်

မြန်မာနိုင်ငံပြန်တမ်း

ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ခန့်ထားခြင်း

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်းဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ချုပ်ဒေါက်တာ ကေသီကျော်ကို ယင်းဦးစီးဌာန၏ ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်။

(၁၁-၈-၂၀၂၆) ရက်နေ့ရှိ နိုင်ငံခြားငွေကြေးဈေးကွက်အတွင်း ရောင်းဝယ်သည့်ပမာဏနှင့် ငွေလဲလှယ်နှုန်းများ

	အမေရိကန်ဒေါ်လာ	တရုတ်ယွမ်	ထိုင်းဘတ်	အိန္ဒိယရူပီး
ငွေလဲလှယ်နှုန်း	၃၆၆၁.၃ ~ ၃၆၆၅.၈	၅၅၈.၁ ~ ၅၅၈.၂	၁၂၅.၅ ~ ၁၂၅.၆	၄၃.၆
ဈေးကွက်အတွင်း ရောင်းဝယ်သည့် ပမာဏ	၈,၂၇၃,၂၃၄.၂၈	၁,၆၀၂,၉၂၂.၉၁	၈၂,၈၈၄,၁၄၄.၄၅	-

ဈေးကွက်အတွင်း ရောင်းဝယ်သည့်ပမာဏမှာ စားသုံးဆီ၊ စက်သုံးဆီ၊ ဆေးနှင့်ဆေးဝါးကုန်ကြမ်းပစ္စည်း၊ စက်မှုကုန်ကြမ်း၊ စားသုံးကုန်စည်၊ ကား/ဆိုင်ကယ်အပိုပစ္စည်း၊ ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများ၊ ထုပ်ပိုးမှုပစ္စည်းများ တင်သွင်းခြင်းတို့အတွက် ရောင်းချပေးခဲ့ခြင်းဖြစ်ပါသည်။ CMP ကဏ္ဍမှဝင်ရောက်ငွေကို စားသုံးဆီကဏ္ဍနှင့် CMP ကဏ္ဍတို့သို့ ရောင်းချပေးခဲ့ပါသည်။

မြန်မာနိုင်ငံတော်ဗဟိုဘဏ်

ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

၁၁ - ၈ - ၂၀၂၆

ကုမ္ပဏီအမည်	အဖွင့်ဈေး (ကျပ်)	အဝိတ်ဈေး (ကျပ်)	ရှယ်ယာစောင်ရေ	ရှယ်ယာတန်ဖိုး (ကျပ်)
FMI	၁၈,၅၀၀	၁၈,၅၀၀	၉၄၇	၁၇,၀၆၉,၅၀၀
MTSH	၈,၅၀၀	၈,၅၀၀	၄,၁၁၄	၃၄,၆၆၉,၃၀၀
MCB	၁၃,၀၀၀	၁၃,၀၀၀	၁၂	၁၅၆,၀၀၀
FPB	၆,၈၀၀	၆,၈၀၀	၅၄၃	၃,၆၉၂,၄၀၀
TMH	၃,၅၅၀	၃,၅၅၀	၂	၇,၁၀၀
EFR	၁,၉၅၀	၂,၀၀၀	၅၅၆	၁,၀၈၄,၅၀၀
AMATA	၄,၁၀၀	၄,၁၀၀	၅	၂၀,၅၀၀
MAEX	၆,၇၀၀	၆,၇၀၀	၁,၆၆၁	၁၁,၀၆၉,၄၀၀
MADPL(PLB)	၆,၃၀၀	၆,၃၀၀	၆၂၉	၃,၉၆၂,၇၀၀
ASPGB(PLB)	၇,၉၀၀	၆,၇၀၀	၂၅,၁၆၃	၁၇၈,၇၄၆,၇၀၀

ရန်ကုန်စတော့အိတ်ချိန်းမှရယူသည်။

ကြေးမုံ

စာတည်းမှူးချုပ်	- ဝင်းနိုင်	အကြီးတန်း	- ခင်မိုမိုအောင်၊
စာတည်းမှူး	- အေဝမ်းစိုး	သတင်းထောက်များ	ခင်မျိုးနိုင်၊ မာမာစိုး၊
စာတည်းများ	- စန်းအောင်၊ ခင်ခင်သက်၊ ယုဝါဂါ၊ သီသီမင်း၊ ဟိန်းထက်လင်း၊ သက်ထွေး၊ စန်းယဉ်ဌ၊ နိုင်လင်းကြည်		နိုင်သန္တာရွှေ့၊ ခင်ယုဆွေ့၊ အိအိမွန်
		အငယ်တန်း သတင်းထောက်များ	- အောင်ကျော်ဦး၊ သန်းတင်အောင် ခင်သက်မွန်၊ မြသီတာ
		သုတေသန	- ဇင်မာဝင့်
ဘာသာပြန်	- အောင်ကျော်ကျော်၊ စိုးသူရ	စာပြင်	- ခင်နှင်းယုနှင့်အဖွဲ့
		စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း	- နိုလာစိုးနှင့်အဖွဲ့
		အီးမေးလ်နှင့် အွန်လိုင်း	- စိုးချစ်ဦးနှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
https://www.moi.gov.mm/km

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၂၅
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန္တလေးရုံး - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၅၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် အမျိုးသားဒီမိုကရက်တစ်မဟာမိတ်အဖွဲ့(NDAA) ဥက္ကဋ္ဌ ဦးထိန်လင်း ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံစဉ်။

☆ ရှေ့ဖုံးမှ

ထိုသို့တွေ့ဆုံရာတွင် အမျိုးသားဒီမိုကရက်တစ်မဟာမိတ်အဖွဲ့(NDAA)ဥက္ကဋ္ဌက ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်အား နိုင်ငံတော်သမ္မတအဖြစ် ရွေးကောက်တင်မြှောက်ခံရမှုအပေါ် အထူးဒေသ(၄) ငြိမ်းချမ်းရေးနှင့် စည်းလုံးရေးကော်မတီနှင့် ဒေသတစ်ခုလုံးရှိ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးအပါအဝင် အမျိုးသားဒီမိုကရက်တစ်မဟာမိတ်အဖွဲ့(NDAA)က အထူးဂုဏ်ယူ ဝမ်းမြောက်လျက်ရှိမှု၊ NDAA မိုင်းလားအဖွဲ့အနေဖြင့် နှစ်ပေါင်းသုံးဆယ်ကျော်ကြာ "ငြိမ်းချမ်း၊ စည်းလုံး၊ ဖွံ့ဖြိုး" ဆိုသည့် လမ်းစဉ်အတိုင်း လျှောက်လှမ်းခဲ့ပြီး နိုင်ငံတော်အစိုးရအဆက်ဆက်နှင့်လည်း ကောင်းမွန်သည့်ဆက်ဆံရေးကို ထိန်းသိမ်းနိုင်ခဲ့သည့်အခြေအနေများ၊ NDAA မိုင်းလားအဖွဲ့အနေဖြင့် နိုင်ငံတော်အစိုးရနှင့် အမြဲမပြတ်ထိတွေ့ဆက်ဆံပြီး ယုံကြည်မှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုအားကောင်းအောင် မြှင့်တင်ဆောင်ရွက်သွားမည်ဖြစ်ကာ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နယ်စပ်ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည့် အခြေအနေများ၊ နိုင်ငံတော်သမ္မတကြီးအနေဖြင့် မိုင်းလားဒေသရှိ တိုင်းရင်းသားပြည်သူများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆက်လက် ဆောင်ရွက်ပေးစေလိုမှု၊ အမျိုးသားဒီမိုကရက်တစ်မဟာမိတ်အဖွဲ့(NDAA)အနေဖြင့် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီနှင့် တွေ့ဆုံဆွေးနွေးမှုများ ဆောင်ရွက်ခဲ့ပြီး ကောင်းမွန်ပြီး အပြုသဘောဆောင်သည့် ရလဒ်များ ထွက်ပေါ်ခဲ့သည့် အခြေအနေများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ဆွေးနွေးပြောကြား

ထို့နောက် နိုင်ငံတော်သမ္မတက နိုင်ငံတော်အနေဖြင့် ထာဝရငြိမ်းချမ်းရေး ရရှိရန်အတွက် ဆောင်ရွက်ရာတွင် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) နှင့်အညီ ဦးတည်လျှောက်လှမ်းကြိုးပမ်းဆောင်ရွက်လျက်ရှိမှု၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များအနေဖြင့် နိုင်ငံနှင့်ဒေသအကျိုးအတွက် ပါဝင်ဆောင်ရွက်နိုင်မည့်အခြေအနေများ၊ မိုင်းလားဒေသဘက်စုံဖွံ့ဖြိုးတိုးတက်ရေး အတွက် လမ်းပန်းဆက်သွယ်မှုများ ပိုမိုတိုးတက်ကောင်းမွန်လာစေရေး နိုင်ငံတော်အစိုးရမှ ဖြည့်ဆည်းဆောင်ရွက်ပေးသွားမည့် အခြေအနေများ၊ မိုင်းလားဒေသအတွင်း ပညာရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများ ဆောင်ရွက်နိုင်ရန် ဆရာ၊ ဆရာမများနှင့် အခြေခံအဆောက်အအုံများဖြည့်ဆည်းပေးခြင်း၊ ကျန်းမာရေးကဏ္ဍ တိုးတက်ရေး ဆေးရုံများ အဆင့်မြှင့်တင်ခြင်း၊ ကျန်းမာရေးဝန်ထမ်းများနှင့် ဆေးပစ္စည်းများဖြည့်ဆည်းဆောင်ရွက်ပေးခြင်းတို့ကို နိုင်ငံတော်မှ ဆောင်ရွက်ပေးသွားမည့်အခြေအနေများ၊ မိုင်းလားဒေသ၌ လတ်တလောကာလအတွင်း လိုအပ်လျက်ရှိသည့် ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက်လည်း နိုင်ငံတော်အစိုးရနှင့် တပ်မတော်မှ ကျန်းမာရေးဝန်ထမ်းများ စေလွှတ်ဆောင်ရွက်ပေးသွားမည့် အခြေအနေများ၊ ရှမ်းပြည်နယ် (အရှေ့ပိုင်း) ဒေသအတွင်း လျှပ်စစ်ဓာတ်အား လုံလောက်စွာရရှိနိုင်ရေး မိုင်းလားဒေသအတွင်း ရေအား လျှပ်စစ်ဓာတ်အား ထုတ်လုပ်ရေးနှင့် နေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်းများဖြင့် ဆောင်ရွက်သွားနိုင်သည့် အခြေအနေများနှင့်ပတ်သက်၍ ဆွေးနွေးပြောကြားသည်။

ရင်းရင်းနှီးနှီး ဆွေးနွေး

ယင်းနောက် နိုင်ငံတော်သမ္မတနှင့် အမျိုးသားဒီမိုကရက်တစ်မဟာမိတ်အဖွဲ့(NDAA) ဥက္ကဋ္ဌတို့သည် မိုင်းလားဒေသတည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆက်လက်ဆောင်ရွက်သွားမည့်အခြေအနေများ၊ ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် နယ်စပ်ဒေသကုန်သွယ်ရေး လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နိုင်မည့် အခြေအနေများ၊ နိုင်ငံတော်အကြီးအကဲ၏ ငြိမ်းချမ်းရေး လုပ်ငန်းစဉ်နှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် လမ်းညွှန်ချက်များကို မိုင်းလားဒေသရှိ ဒေသခံပြည်သူများအား ချပြဆောင်ရွက်မည်ဖြစ်ပြီး နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် နယ်စပ်ဒေသ တည်ငြိမ်အေးချမ်းရေးအတွက် အလေးထားပူးပေါင်းဆောင်ရွက်သွားမည့် အခြေအနေများနှင့်ပတ်သက်၍ ရင်းရင်းနှီးနှီး ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်သမ္မတနှင့် အမျိုးသားဒီမိုကရက်တစ်မဟာမိတ်အဖွဲ့(NDAA) ဥက္ကဋ္ဌတို့သည် အမှတ်တရ လက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်ပြီး တက်ရောက်လာကြသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်



ပုသိမ်မြို့၌ ပြည်သူ့စကားဝိုင်း ကျင်းပ

ပုသိမ် ဩဂုတ် ၁၁

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ အမှတ်(၇)ရပ်ကွက် သုခမွှေသင်္ဃာ ဗုဒ္ဓမွှေသင်တန်းကျောင်းတွင် ဩဂုတ် ၆ ရက် မွန်းလွဲပိုင်းက သဘာဝဘေးအန္တရာယ် ဝိုင်းဝန်းစုပေါင်းကာကွယ်ခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်း ပြုလုပ်ခဲ့သည်။

ဦးစွာ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါ်နွယ်နွယ်ဦးက သဘာဝဘေးအန္တရာယ်ဖြစ်ပွားမှုများအား ကြိုတင်ကာကွယ်ရေးနှင့် ဆောင်ရန်၊ ရှောင်ရန်များကို ပြောကြားပြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါ်ဖြူဖြူရည်က ပြည်သူ့စကားဝိုင်း ကျင်းပရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားခဲ့သည်။ ထို့နောက် ပုသိမ်ခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ခရိုင်မီးသတ်ဦးစီးဌာန၊ ခရိုင်ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ခရိုင်ပညာရေးမှူးရုံးတို့မှ တာဝန်ရှိသူများက သက်ဆိုင်ရာဌာနအလိုက် သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးနှင့်ပတ်သက်၍ ဆောင်ရွက်လျက်ရှိသော ဌာန၏လုပ်ငန်းဆောင်ရွက်ချက်များကို ရှင်းလင်းဆွေးနွေးခဲ့ကြရာ တက်ရောက်လာကြသော ရပ်မိရပ်ဖများနှင့် ဒေသခံပြည်သူများက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးခဲ့ကြကြောင်း သိရသည်။

ကျော်ဟိန်း(ပြန်/ဆက်)

❒ သံလွင်မြစ်ရေမှ

ဦးစွာ အနှံမဲ့ပိုင်းလူနေရပ်ကွက်များဖြစ်သော ဘားအံမြို့ အမှတ်(၅) ရပ်ကွက် အုတ်မှတ်စိန်လမ်းနှင့် အောင်နန်း(၄)လမ်း လမ်းဆုံ၊ ရော်ဘာခြံ(၄)လမ်း၊ အမှတ်(၂)ရပ်ကွက် သီတာအရှေ့လမ်းတို့တွင် လူနေရပ်ကွက်များအတွင်း သံလွင်မြစ်ရေ ဝင်ရောက်မှုအခြေအနေနှင့် အရေးပေါ်တုံ့ပြန်ဆောင်ရွက်နိုင်ရေး ကြည့်ရှုစစ်ဆေးရာ ပြည်နယ်သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲရေးအဖွဲ့ဝင်များက သံလွင်မြစ်ရေ ယခုထက်ပိုမိုမြင့်တက်လာပါက မြေနိမ့်ပိုင်းနှင့် မြစ်ကမ်းဘေးနေထိုင်သူများ ရေလွှတ်ရာသို့ ရွှေ့ပြောင်းပေးနိုင်ရေး၊ ယာယီရေဘေးစခန်းများ ဖွင့်လှစ်ပေးနိုင်ရေး ကြိုတင်ပြင်ဆင် ဆောင်ရွက်ထားရှိမှုများကို ရှင်းလင်းတင်ပြကြရာ ပြည်နယ်ဝန်ကြီးချုပ်က မြစ်ရေဝင်ရောက်မှုကြောင့် နေအိမ်များတွင် ဆက်လက်နေထိုင်ရန်မသင့်တော့သည့် ပြည်သူများအား ဘေးလွတ်ရာ ယာယီရေဘေးစခန်းများသို့ အချိန်နှင့်တစ်ပြေးညီ ပြောင်းရွှေ့နေရာချထားပေးနိုင်ရေး ကြပ်မတ်ဆောင်ရွက်ရန် မှာကြားပြီး ဘားအံမြို့ အမှတ်(၃)ရပ်ကွက် ကမ်းနားလမ်း ညစျေးတန်းနေရာနှင့် အမှတ်(၄)ရပ်ကွက် ကမ်းနားလမ်း View Point နေရာတို့ကို ကြည့်ရှုစစ်ဆေးသည်။

မွန်းလွဲပိုင်းတွင် မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂ ယာယီဌာနေညှိနှိုင်းရေးမှူး Ms.Gwyn Lewis နှင့်အဖွဲ့အား ဘားအံမြို့ ပြည်ထောင်စုရိပ်သာဧည့်ခန်းမ၌ လက်ခံတွေ့ဆုံပြီး ပြည်နယ်အတွင်း လက်နက်ကိုင်ပဋိပက္ခများကြောင့် နေရပ်စွန့်ခွာပြည်သူများ နေရပ်ပြန်နိုင်ရေးနှင့် နေထိုင်စားသောက်ရေး၊ လုံခြုံရေးနှင့် ဘေးအန္တရာယ်ကင်းရှင်းရေး၊ ကုန်ပစ္စည်းသယ်ယူပို့ဆောင်ရေး၊ လူသားချင်းစာနာထောက်ထားမှု၊ ပြန်လည်ထူထောင်ရေးနှင့် ငြိမ်းချမ်းရေးဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

စောမျိုးမင်းသိန်း(ပြန်/ဆက်)

❍ ဖလမ်းမြို့မှ

၂၆ မိုင်ရှိသည့်အနက် အကြမ်းဖက်ဖြစ်စဉ်များကြောင့် ၄၀၀ ဖို့ လျှပ်စစ်ဓာတ်အားလိုင်း ခုနစ်ပိုင်ခန့် ပျက်စီးဆုံးရှုံးခဲ့ရသည်။

ကြည့်ရှုစစ်ဆေး

မဟာဓာတ်အားလိုင်းနှင့် အသေးစားရေအားလျှပ်စစ်စက်ရုံတို့မှတစ်ဆင့် လျှပ်စစ်ဓာတ်အား ပြန်လည်ဖြန့်ဖြူးပေးချိန်တွင် အဆင်သင့်ဖြစ်စေရေးအတွက် လျှပ်စစ်မီးကြိုးများ ပြန်လည်သွယ်တန်း ပြင်ဆင်နေမှုကို နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ် ကျော်စွာဦးသည် တာဝန်ရှိသူများနှင့် အတူ ယနေ့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ထို့ပြင် ငါးလုပ်ငန်းဦးစီးဌာန ဝန်ထမ်းအိမ်ရာ ပြန်လည်ပြုပြင်တည်ဆောက်နေမှု၊ အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန ဖလမ်းခရိုင်ရုံးအဆောက်အအုံ ပြုပြင်တည်ဆောက်နေမှု၊ သစ်တောဦးစီးဌာန ခရိုင်ဝန်ထမ်းအိမ်ရာအမိုးများ ပြုပြင်လဲလှယ်နေမှု၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနရုံး အဆောက်အအုံ ပြုပြင်နေမှုတို့ကို ကြည့်ရှုစစ်ဆေးခဲ့သည်။

လွှဲပြောင်းပေးအပ်

ထို့အတူ တီးတိန်မြို့နှင့် တွန်းဇံမြို့တို့အတွင်း ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် တီးတိန်ခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီအစည်းအဝေး ခန်းမ၌ တီးတိန်မြို့နယ်ထန်ခွဲ့ကျေးရွာအခြေခံပညာအလယ်တန်းကျောင်း ပြန်လည်ပြုပြင်ရန် နိုင်ငံတော်က ထောက်ပံ့သည့် ဆောက်လုပ်ရေးသုံးပစ္စည်းများ။ ကျောင်းသုံးပရိဘောဂများ၊ ပုံနှိပ်စာအုပ်နှင့် ဗလာစာအုပ်များကို ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ကျေးရွာကျောင်းအကျိုးတော်ဆောင်များထံ လွှဲပြောင်းပေးအပ်ခဲ့သည်။

အလားတူ တွန်းဇံမြို့ ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေးကော်မတီအတွင်းရေးမှူးသည် ကော်မတီအဖွဲ့ဝင်များနှင့်အတူ တစ်စိတ်တစ်ပိုင်းပျက်စီးသည့် မြို့နယ်လမ်းဦးစီးဌာန ဧည့်ရိပ်သာ၊ လူငယ်သင်တန်းကျောင်းရုံးခန်းနှင့် အခြေခံပညာအထက်တန်းကျောင်း(တွန်းဇံ) ပြန်လည်ပြုပြင်ခြင်းလုပ်ငန်းများကို ကွင်းဆင်းကြည့်ရှုခဲ့ကြောင်း သိရသည်။

သတင်းစဉ်

နေပြည်တော် ပြည်သူ့ဆေးရုံကြီး(ခုတင်-၁၀၀၀)၌ ဆဋ္ဌမအကြိမ်နှင့် သတ္တမအကြိမ် ကျောက်ကပ်အစားထိုး ခွဲစိတ်ကုသမှုဆောင်ရွက်ထားသည့်လူနာများ ကြည့်ရှုအားပေး

နေပြည်တော် ဩဂုတ် ၁၁

ကျန်းမာရေးဝန်ကြီးဌာနသည် တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံခိုင်ရေး ရည်မှန်းကာ ပြည်သူများလိုအပ်သော ကျန်းမာရေးစောင့်ရှောက်မှုကို လက်လှမ်းမီရရှိခြင်းဖြင့် ရောဂါကင်းဝေး၍ သက်တမ်းစေ့နေထိုင်နိုင်စေရေးနှင့် ပြည်သူများ ဆေးကုသမှုအတွက် စိုက်ထုတ်ကုန်ကျစရိတ် သက်သာစေရေးအတွက် ပြည်တွင်း၌ ကျောက်ကပ်အစားထိုးခွဲစိတ်ကုသမှုများ ပုံမှန်ဆောင်ရွက်ပေးလျက်ရှိရာ နေပြည်တော်ပြည်သူ့ဆေးရုံကြီး(ခုတင်-၁၀၀၀)တွင် ဆဋ္ဌမအကြိမ်နှင့် သတ္တမအကြိမ် ကျောက်ကပ်အစားထိုးခွဲစိတ်ကုသမှုများကို ဩဂုတ် ၅ ရက်နှင့် ၆ ရက်တို့တွင် ပြုလုပ်ခဲ့သည်။

ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးပါမောက္ခ ဒေါက်တာသက်ခိုင်ဝင်းသည် ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် အထူးကြပ်မတ်ကုသဆောင်တွင် စောင့်ကြပ်ကြည့်ရှုကုသပေးလျက်ရှိသော ကျောက်ကပ်အစားထိုးခွဲစိတ်ကုသမှုခံယူထားသည့်လူနာများကို သွားရောက်ကြည့်ရှု၍ အားပေးစကားပြောကြားကာ ဆေးရုံအုပ်ကြီးနှင့် ပါမောက္ခ/အထူးကုဆရာဝန်ကြီးများ၏ လူနာများ ကျန်းမာရေးအခြေအနေတင်ပြချက်များ



အပေါ် လိုအပ်သည်များ ဖြည့်ဆည်းပေးပြီး ကျောက်ကပ်အစားထိုး ခွဲစိတ်ကုသမှုများကို အရှိန်အဟုန်မပျက် ဆက်လက်ဆောင်ရွက်ကြရန် မှာကြားသည်။

ဆဋ္ဌမအကြိမ် ကျောက်ကပ်အစားထိုး ခွဲစိတ်ကုသမှုကို ကရင်ပြည်နယ် ဘားအံမြို့နေ အသက် (၄၄)နှစ်ရှိ ကျောက်ကပ်လူနာအမျိုးသားနှင့် ကျောက်ကပ်အလှူရှင် ရန်ကုန်တိုင်းဒေသကြီးကော့မှူးမြို့နယ် အဖျောက်ကျေးရွာမှ အသက်(၂၈)နှစ် အမျိုးသမီးတို့ကို ခွဲစိတ်ကုသခဲ့ခြင်းဖြစ်ပြီး စုစုပေါင်း ခွဲစိတ်ချိန် ၅ နာရီနှင့် ၂၅ မိနစ် ကြာမြင့်ခဲ့သည်။

သတ္တမအကြိမ် ကျောက်ကပ်အစားထိုးခွဲစိတ်ကုသမှုကို ရန်ကုန်တိုင်းဒေသကြီး သန်လျင်မြို့နယ် ငါးပြေကျေးရွာနေ ကျောက်ကပ်လူနာ အသက်(၂၉) နှစ်ရှိ လက်ထောက်မူလတန်းပြဆရာမနှင့် ကျောက်ကပ်အလှူရှင် ညီအစ်မတော်စပ်သူ အသက်(၂၄)နှစ်ရှိ အမျိုးသမီးတို့ကို ခွဲစိတ်ကုသခဲ့ခြင်းဖြစ်ပြီး စုစုပေါင်းခွဲစိတ်ချိန် ၅ နာရီ ၃၉ မိနစ် ကြာမြင့်ခဲ့သည်။

ဆဋ္ဌမအကြိမ်နှင့် သတ္တမအကြိမ် ကျောက်ကပ်အစားထိုးခွဲစိတ်ကုသမှုဆောင်ရွက်ခဲ့သော လူနာနှင့် ကျောက်ကပ်အလှူရှင်လေးဦးတို့၏ ခွဲစိတ်ပြီး ကျန်းမာရေးအခြေအနေမှာ ကောင်းမွန်လျက်ရှိပြီး အထူးကြပ်မတ်ကုသဌာနတွင် ထားရှိကာ လိုအပ်သောပြုစုကုသမှုများကို ဘာသာရပ်ဆိုင်ရာ ပါမောက္ခ/အထူးကုဆရာဝန်ကြီးများ၊ ကျွမ်းကျင်သူနာပြုများက ဆက်လက်ဆောင်ရွက်ပေးလျက်ရှိသည်။

မြန်မာနိုင်ငံတွင် ကျောက်ကပ်အစားထိုးကုသမှုများကို ကျန်းမာရေးဝန်ကြီးဌာနအောက်ရှိ ဗဟိုအဆင့် ဆေးရုံများ၊ တပ်မတော်ဆေးရုံကြီးများ၊ ရန်ကုန်/မန္တလေးရှိ ပုဂ္ဂလိကဆေးရုံများတွင် ဆောင်ရွက်ပေးလျက်ရှိပြီး ကျန်းမာရေးဝန်ကြီးဌာနအောက်တွင် အထူးကုဆေးရုံကြီး(ခုတင်-၅၀၀)၊ ရန်ကုန်၊ မန္တလေးပြည်သူ့ဆေးရုံကြီးတို့တွင် ပုံမှန်ဆောင်ရွက်နေသည့်အပြင် နေပြည်တော် ပြည်သူ့ဆေးရုံကြီး(ခုတင်-၁၀၀၀)၌ ၂၀၂၄ ခုနှစ် ဒီဇင်ဘာလတွင် ပထမအကြိမ် စတင်တိုးချဲ့ဆောင်ရွက်နိုင်ခဲ့ခြင်းဖြစ်ပြီး ယခုဆောင်ရွက်သည့် လူနာနှစ်ဦးအပါအဝင် ခုနစ်ကြိမ်အထိ ဆောင်ရွက်နိုင်ခဲ့ပြီဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

တပ်မတော်စစ်သမိုင်းပြတိုက်(နေပြည်တော်)သို့ ကျောင်းသား ကျောင်းသူများ၊ ဆရာ ဆရာမများ သွားရောက်လေ့လာ

နေပြည်တော် ဩဂုတ် ၁၁

နိုင်ငံတော်အစိုးရ၏ လမ်းညွှန်မှု၊ တပ်မတော်၏ စီစဉ်ဆောင်ရွက်မှုဖြင့် ကျောင်းသားလူငယ်များအား မျိုးချစ်စိတ်ရှင်သန်ထက်မြက်လာစေရန်၊ ခေတ်အဆက်ဆက် တပ်မတော် သမိုင်းအစဉ်အလာများကို သိရှိနားလည်နိုင်စေရန်၊ သင်ရိုးညွှန်းတမ်းပါ သင်ခန်းစာများကို စာတွေ့အပြင် လက်တွေ့ယှဉ်တွဲလေ့လာနိုင်စေရန်၊ သဘာဝပတ်ဝန်းကျင်ရှုခင်းများကို ကြည့်ရှုခံစား၍ စိတ်ကို ကြည်လင်လန်းဆန်းစေပြီး ကျန်းမာသန်စွမ်းစွာ ပညာသင်ကြားနိုင်စေရန် ရည်ရွယ်၍ ကျောင်းသား ကျောင်းသူများအား တပ်မတော် စစ်သမိုင်းပြတိုက်(နေပြည်တော်)သို့ လာရောက်လေ့လာနိုင်ရေး စီစဉ် ဆောင်ရွက်ပေးလျက်ရှိသည်။

လာရောက်လေ့လာ

ယင်းသို့ စီစဉ်ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့နံနက်ပိုင်းတွင် ပြည်ထောင်စုနယ်မြေ (နေပြည်တော်) ဧရယာသီရိမြို့နယ်ရှိ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းနှင့် အမှတ်(၂) အခြေခံပညာ အလယ်တန်း ကျောင်းတို့မှ ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမများသည် စိတ်အားထက်သန်စွာဖြင့် တပ်မတော်စစ်သမိုင်းပြတိုက်(နေပြည်တော်)သို့ လာရောက်လေ့လာကြသည်။

ဦးစွာ ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမများသည် တပ်မတော် စစ်သမိုင်းပြတိုက်(နေပြည်တော်)သို့ ရောက်ရှိကြပြီး မြန်မာ့တပ်မတော်သမိုင်း မှတ်တမ်းရုပ်ရှင်ကို စိတ်ဝင်စားစွာ ကြည့်ရှုကြသည်။ ဆက်လက်၍ ပြတိုက်တာဝန်ရှိသူက ပြတိုက်၏သမိုင်းနှင့် ပြခန်းများအကြောင်း ရှင်းလင်း ပြောကြားသည်။ ထို့နောက် ကျောင်းသား ကျောင်းသူများသည် တပ်မတော်(ကြည်း၊ ရေ၊ လေ)နှင့် လက်ရုံးတပ်ဖွဲ့ညွှန်ကြားရေးမှူးရုံး ပြခန်းများကို လှည့်လည်ကြည့်ရှုကြပြီး သိရှိလိုသည်များကို စိတ်ပါဝင်စားစွာ မေးမြန်းကြရာ ပြခန်းများအလိုက် တာဝန်ရှိသူများက ရှင်းလင်းဖြေကြားကြသည်။ ယင်းနောက် ပြင်ပပြကွက်များတွင် ခင်းကျင်းပြသထားသည့် တပ်မတော်(ကြည်း၊ ရေ၊ လေ) တပ်ဖွဲ့များ၏ စစ်သုံးယာဉ်များနှင့် စစ်လက်နက်ပစ္စည်းများကိုပါ လေ့လာခဲ့ကြပြီး အမှတ်တရဓာတ်ပုံများ ရိုက်ခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်





ရေတာရှည်မြို့နယ်၌ သီးနှံပေါ်ပေးစနစ်ဖြင့် ဓာတ်မြေဩဇာများ ဝယ်ယူဖြန့်ဖြူးရောင်းချ

ရေတာရှည် ဩဂုတ် ၁၁

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ်အတွင်းရှိ မိုးသီးနှံတွင် လိုအပ်သော ဓာတ်မြေဩဇာများကို သီးနှံပေါ်ပေးစနစ်ဖြင့် ဝယ်ယူဖြန့်ဖြူးရောင်းချခြင်းအခမ်းအနားကို ယမန်နေ့နံနက်ပိုင်းက ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ရုံးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် တောင်ငူခရိုင် စိမ်ခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးစောထွန်းဦးက ရေတာရှည်မြို့နယ်အတွင်းရှိ ကျေးရွာ ၁၇ အုပ်စုရှိ တောင်သူများကိုယ်စား တောင်သူတစ်ဦးအား စိုက်ပျိုးရေးလုပ်ငန်းများတွင် ပန်းတိုင်အထွက်နှုန်းပြည့်မီစေရေးအတွက် လိုအပ်သောဓာတ်မြေဩဇာများ ပေးအပ်သည်။

ရေတာရှည်မြို့နယ် စိုက်/ကြပ်အဖွဲ့မှ တာဝန်ရှိသူများက ဓာတ်မြေဩဇာသွင်းအားစု ဖြန့်ဖြူးရေးကော်မတီဝင်များနှင့် ပေါင်းစပ်ညှိနှိုင်းပြီး ကျေးလက်နေတောင်သူများ အရည်အသွေးပြည့်မီသော ဓာတ်မြေဩဇာများကို ဈေးနှုန်းချိသာစွာဖြင့် စိုက်ပျိုးချိန်အမီ ဝယ်ယူအသုံးပြုနိုင်ရေးအတွက် သီးနှံပေါ်ပေးစနစ်ဖြင့် ဖြန့်ဖြူးရောင်းချပေးလျက်ရှိကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

ကျိုက်ထိုမြို့နယ်၌ ပြည်သူလူထုပူးပေါင်းပါဝင်သောသစ်ပင်စိုက်ပျိုးခြင်း အသိပညာပေးဆွေးနွေးပွဲ ပြုလုပ်

ကျိုက်ထို ဩဂုတ် ၁၁

မွန်ပြည်နယ် ကျိုက်ထိုမြို့နယ်တွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် သစ်တောဦးစီးဌာနတို့ပူးပေါင်း၍ ပြည်သူများပူးပေါင်းပါဝင်သော သစ်ပင်စိုက်ပျိုးခြင်း အသိပညာပေးဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းက လူထုအခြေပြုဗဟိုဌာနခွဲ ပြုလုပ်သည်။

ဦးစွာ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်အေးယုဝေက အသိပညာပေးဆွေးနွေးပွဲပြုလုပ်ရသည့် ရည်ရွယ်ချက်များကို ပြောကြားပြီး သစ်တောဦးစီးဌာန တာအုပ်ကြီး ဦးဇင်ကိုလတ်က သစ်တောသစ်ပင်များ၏အရေးပါပုံ၊ သစ်တောသစ်ပင်များသည် လူသားများအတွက်သာမက သက်ရှိလောကအတွက်ပါ အရေးပါပုံနှင့် သစ်ပင်များ ရှင်သန်စေရန် ထိန်းသိမ်းသင့်ပုံအကြောင်းကို



ဆွေးနွေးပြောကြားခဲ့ကြောင်း သိရသည်။

ပြည့်ဖြိုး(ပြန်/ဆက်)

- **အင်တာနက်ပေါ်တွင် သတင်းတု၊ သတင်းမှားများ လွှင့်တင်ခြင်း၊ မြန်မာ့ရိုးရာ ယဉ်ကျေးမှုနှင့် ကိုက်ညီမှုမရှိသည့် မဖွယ်မရာမှတ်တမ်းပုံများ၊ ဗီဒီယိုများအား ဖြန့်ဝေခြင်း၊ အခကြေးငွေဖြင့် ရောင်းချခြင်းများသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။**
- **အွန်လိုင်းလောင်းကစားကြော်ငြာများ လက်ခံကြော်ငြာပေးခြင်းသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။**



ဒကို့ဏာသိရိမြို့နယ် ဒိုးနွယ်ကျေးရွာအုပ်စု ရွာသစ်ကျေးရွာရှိ အသက် ၁၂၀ ပြည့်ပြီးဖြစ်သော အဘွားဒေါ်စောကြည်အား သွားရောက်တွေ့ဆုံဂါရဝပြု

နေပြည်တော် ဩဂုတ် ၁၁

ပြည်ထောင်စု နယ်မြေ နေပြည်တော်အတွင်း အသက် ၁၀၀ နှင့်အထက် သက်ကြီးပုဂ္ဂိုလ် ၂၄ ဦးရှိပြီး ဒကို့ဏာသိရိမြို့နယ် ဒိုးနွယ်ကျေးရွာအုပ်စု ရွာသစ်ကျေးရွာရှိ အသက် ၁၂၀ ပြည့်ပြီးဖြစ်သော အဘွားဒေါ်စောကြည်အား ယနေ့တွင် နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ ဦးကံမြင့်သန်းသည် သွားရောက်တွေ့ဆုံ ဂါရဝပြုပြီးလိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ပေးအပ်

ထို့ပြင် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် လယ်ဧေးမြို့နယ် သာဝတ္ထိကျေးရွာ အခြေခံပညာအထက်တန်းကျောင်းအတွင်း ရေဝင်ရောက်မှု အခြေအနေကို သွားရောက် ကြည့်ရှုစစ်ဆေးပြီး ရေစီးရေလာကောင်းမွန်အောင် ဆောင်ရွက်ရေး၊ ကျောင်းသား ကျောင်းသူများစိတ်အေးချမ်းမြွေစာ ပညာသင်ကြားနိုင်ရေး၊ ကျောင်းပတ်ဝန်းကျင် သန့်ရှင်းသာယာလှပရေး အမြဲမပြတ်ဆောင်ရွက်ရန် မှာကြားကာ ကျောင်းဖွံ့ဖြိုးတိုးတက်ရေးအတွက် အလှူငွေများ ပေးအပ်သည်။

ထို့အတူ ဧမ္မာသိရိမြို့နယ် ပျဉ်းမနား - တောင်ညိုလမ်း မြို့တော်ခန်းမ ဂိတ်(၃)ရှေ့ လမ်းဘေး၀ဲ/ယာ ပလက်ဖောင်းပေါ်ရှိ ရေညှိများအား Water Pressure Pump ဖြင့် ဆေးကြော နေမှုကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

အောင်မျိုးဝင်း(ဥတ္တရ)

ထန်းတပင်မြို့နယ်ရှိ အဘိုးဦးသိန်းအောင် အသက် ၁၂၁ နှစ်အား အလှူငွေများ ပေးအပ်

ရန်ကုန် ဩဂုတ် ၁၁

ရန်ကုန် တိုင်းဒေသကြီး ထန်းတပင်မြို့နယ် တက်သစ်ကျေးရွာအုပ်စု တပ်ရွာကျေးရွာရှိ အဘိုးဦးသိန်းအောင် အသက် ၁၂၁ နှစ်အား ယနေ့နံနက်ပိုင်းက ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးအောင်နိုင်သူနှင့် တိုင်းဒေသကြီး ဝန်ကြီးများက သွားရောက် ကန်တော့ပြီး သစ်သီးခြင်း၊ ဆန်၊ ဆီနှင့် အလှူငွေများ ပေးအပ်သည်။

ဆက်လက်၍ အင်းစိန်ခရိုင် လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ် ရန်ကုန် - ပုသိမ်လမ်းရှိ ဗိုလ်အောင်ကျော်လမ်းမှ မင်္ဂလာလမ်းအထိ ပန်းခြံ၊ ပန်းအလှပင်များ၊ အရိပ်ရသ အပင်များ၊ လူသွားလမ်း၊ လျှပ်စစ်မီးတိုင် ဆောင်ရွက်နေမှုနှင့် လှိုင်သာယာ (အနောက်ပိုင်း) မြို့နယ် အမှတ်(၁၉)ရပ်ကွက်၊ ဗိုလ်အောင်ကျော်လမ်း နှင့် ကျန်စစ်သားလမ်းကြား၊ ပေါင်းကူး လမ်းရှိ Grand Hlaing Thar Yar အိမ်ရာစီမံကိန်းတို့ကို ကြည့်ရှုစစ်ဆေးသည်။

ထို့ပြင် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့က ကြီးမှူးကျင်းပသည့် ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှုနိုင်မြှင့်တင်ရေးပွဲတော်ကို ဖွင့်လှစ်ပေးပြီး စာရေးဆရာ လင်းသိုက်ညွှန့် (မြန်မာ့မြေ)က စာဖတ်ခြင်း၏ အကျိုးကျေးဇူး ခေါင်းစဉ်ဖြင့် စာပေဟောပြောရာ စာရေးဆရာ လင်းသိုက်ညွှန့်(မြန်မာ့မြေ)အား ဂုဏ်ပြုလက်ဆောင်နှင့် ဖျော်ဖြေရေးအဖွဲ့များကို ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်၍ အလှူရှင်များကို ဂုဏ်ပြု မှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

ဆက်လက်၍ ပြခန်းများ၊ စာအုပ်အရောင်းဆိုင်များ၊ ပြိုင်ပွဲများနှင့် စာပေစကားပိုင်းတို့ကို ကြည့်ရှုအားပေးပြီး ပါဝင်ဆွေးနွေးသူများကို လက်ဆောင်များ ပေးအပ်၍ ပြိုင်ပွဲယှဉ်ပြိုင်မှု အတွက် ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ခဲ့ကြကြောင်း သိရသည်။

နွဲ့ထက်ကို(ပြန်/ဆက်)



ချမ်းအေးသာစံမြို့နယ် အမှတ်(၁၆) အခြေခံပညာမူလတန်းကျောင်း၌ ဖီးကြမ်းငှက်ပျောပင်စိုက်ပျိုးပွဲ ကျင်းပ

ချမ်းအေးသာစံ ဩဂုတ် ၁၁

နိုင်ငံတော် အစိုးရ၏ ကျောင်းသား ကျောင်းသူများအား အာဟာရပြည့်ဝစေရေး ငှက်ပျောစိုက်ပျိုးရေးစီမံချက်ဖြင့် ဖီးကြမ်းငှက်ပျောပင် စိုက်ပျိုးပွဲကို ချမ်းအေးသာစံမြို့နယ် အမှတ်(၁၆) အခြေခံပညာမူလတန်းကျောင်း၌ ယနေ့မွန်းလွဲပိုင်းက ကျင်းပသည်။



ဦးစွာ ချမ်းအေးသာစံမြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီခေတ္တဥက္ကဋ္ဌ ရဲမှူးမျိုးနိုင်က စိုက်ပျိုးမည့် ငှက်ပျောပင်များကို မဟာအောင်မြေခရိုင် ပညာရေးမှူး ဆရာမကြီး ဒေါ်ခင်လေးဖြူနှင့် အမှတ်(၁၆) အခြေခံပညာ မူလတန်းကျောင်း အုပ်ဆရာမကြီး ဒေါ်သိန်းသိန်းဌေးတို့ထံ ပေးအပ်သည်။

အဆိုပါ ငှက်ပျောပင်စိုက်ပျိုးရာတွင် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီခေတ္တဥက္ကဋ္ဌ ရဲမှူးမျိုးနိုင်၊ မြို့နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန ခေတ္တ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးပြည့်ဖြိုးအောင်၊ မဟာအောင်မြေခရိုင် ပညာရေးမှူး ဆရာမကြီး ဒေါ်ခင်လေးဖြူ၊ ချမ်းအေးသာစံမြို့နယ် ပညာရေးမှူးရုံးမှ တာဝန်ရှိသူများ၊ မြို့နယ် အမျိုးသမီးရေးရာအဖွဲ့၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းမှ တာဝန်ရှိသူများ၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများမှ ဖီးကြမ်းငှက်ပျောပင် စုစုပေါင်း ၅၅ ပင်အား စုပေါင်းစိုက်ပျိုးခဲ့ကြောင်း သိရသည်။

ချမ်းမြေမောင်(ချမ်း/စံ)

ပေါင်မြို့နယ် အထက(ဆင်ဖြူရပ်)၌ ဥပဒေအသိပညာပေး ဟောပြော

ပေါင် ဩဂုတ် ၁၁

မွန်ပြည်နယ် ပေါင်မြို့နယ် အထက(ဆင်ဖြူရပ်)၌ မှုခင်းကျဆင်းရေးနှင့် ဥပဒေအသိပညာပေး ဟောပြောပွဲကို ယနေ့နံနက်ပိုင်းက ပြုလုပ်သည်။

ဦးစွာ မြို့နယ်ဥပဒေအရာရှိ ဦးမျိုးထက်ကျော်က ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ အသိပညာပေးခေါင်းစဉ်၊ မုဒ္ဓမစခန်းမှူး ရဲအုပ်ဝင်းညွှန့်က လူကုန်ကူးမှုအကြောင်းသိကောင်းစရာ အသိပညာခေါင်းစဉ်၊ မြို့နယ်တိုင်းရင်းဆေးကုဌာနမှ လက်ထောက်တိုင်းရင်းဆေးမှူး ဒေါ်မေသီတာစိုးက ကျန်းမာသော နေထိုင်စားသောက်မှုအတွက် ဆောင်ရန်ရှောင်ရန် အသိပညာပေး ခေါင်းစဉ်၊ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်နွင်းထက်ထက်ဟန်က မုန်တိုင်း ဘေးအန္တရာယ် အသိပညာပေးခေါင်းစဉ်နှင့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်တင်ဇာစိုးက စာဖတ်ခြင်းအကျိုးကျေးဇူးများကို အသိပညာပေးဟောပြောခဲ့ပြီး ကျောင်းသားကျောင်းသူများက သိလိုသည်များကို မေးမြန်းခဲ့ရာ တာဝန်ရှိသူများက ပြန်လည်ဖြေကြားခဲ့ကြောင်း သိရသည်။

မွန်မလေး(ပြန်/ဆက်)



*** ထိုင်းဘုရင့်ဖလားမှ**

အမျိုးသမီးပြိုင်ပွဲတွင်တစ်ခု၊ အမျိုးသမီး နှစ်ယောက်တွဲပြိုင်ပွဲတွင် တစ်ခုရရှိခဲ့ခြင်းဖြစ်သည်။ အမျိုးသမီး လေးယောက်တွဲပြိုင်ပွဲနှင့် အမျိုးသား သုံးယောက်တွဲအသင်းလိုက်ပြိုင်ပွဲတွင် ဆုတံဆိပ်နှင့် လွဲချော်ခဲ့သည်။

ထိုင်းဘုရင့်ဖလား ပိုက်ကျော်ခြင်းပြိုင်ပွဲတွင် အောင်မြင်မှုရခဲ့သည့် မြန်မာပိုက်ကျော်ခြင်းအသင်းတွင် အဖွဲ့ခေါင်းဆောင် ဦးသန်းလွင်၊ နည်းပြ (အမျိုးသားအသင်း)- ဦးကျော်မင်းစိုး၊ ဦးထက်ဇော်၊ နည်းပြ (အမျိုးသမီးအသင်း)- ဦးအောင်ချိုမြင့်၊ ဒေါ်နမ့်ယဉ်ယဉ်မြင့်၊ ကစားသမားများအဖြစ် အမျိုးသား-ထူးအောင်ကျော်၊ ဟန်ဝင်းထွဋ်၊ ထွန်းဝဏ္ဏအောင်၊ အောင်ဇော်ဟိန်း၊ ရဲထက်၊ ချစ်လွန်းပို၊ အောင်မျိုးကျော်၊ ကျော်မင်းသူ၊ ဇော်မင်းခန့်၊ အောင်အောင်၊ ရန်ပိုင်စိုး၊ သက်ပိုင်စိုး၊ ဇင်လင်းထူး၊ အမျိုးသမီး-ချယ်ရီလင်းသစ်၊ ယဉ်ယဉ်ဌေး၊ စန်းသီတာမိုး၊ ဖူးဖူး၊ ဆုမွန်ကျော်၊ နှင်းနှင်းဝေ၊ နန့်မေသူထွေး၊ ရွှန်းလွဲဇင်တို့ ပါဝင်ကြသည်။

ရှိုင်းထက်ဇော်



မိုင်းဆတ်မြို့နယ်၌ ကတ္တရာလမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်နိုင်ရေး ကွင်းဆင်းစစ်ဆေး

မိုင်းဆတ် ဩဂုတ် ၁၁

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းဆတ်မြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနက ၂၀၂၆ - ၂၀၂၇ ဘဏ္ဍာနှစ်တွင် မယ်ကော်(၁) ကျေးရွာသွားလမ်း ကတ္တရာခင်းခြင်းလုပ်ငန်း ဆောင်ရွက်နိုင်ရေး ကွင်းဆင်းတိုင်းတာခြင်းကို ဩဂုတ် ၁၀ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် ရှမ်းပြည်နယ်(အရှေ့ပိုင်း)ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူး(မြို့ပြ) ဦးကျော်ဇေယျလင်း၊ မိုင်းဆတ်ခရိုင် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ) ဦးအေးလွင်နှင့် တာဝန်ရှိသူများက မယ်ကော်(၁)ကျေးရွာလမ်းအရှည် (၀/၄.၅)မိုင်၊ အကျယ် ၁၂ ပေ၊ ဒု ကိုးလက်မရှိ ကတ္တရာလမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်ရန် အခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

ဇင်မာ

အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ၊ တရားမျှတသော ယှဉ်ပြိုင်မှုနှင့် အားလုံးပါဝင်သော စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဆီသို့ သွားရာလမ်းကြောင်း

ဒေါက်တာသုတအောင်

အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်း (MSME) များသည် စီးပွားရေးလုပ်ငန်းငယ်များသာမကဘဲ နိုင်ငံ၏ ထုတ်လုပ်မှုစွမ်းအားများလည်းဖြစ်ကြပါသည်။ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတွင် MSME လုပ်ငန်းရှင်များနှင့် စွန့်ဦးတီထွင်သူများက အလုပ်အကိုင်များ ဖန်တီးပေးခြင်း၊ မိသားစုများကို ထောက်ပံ့ပေးခြင်း၊ ဒေသခံလူထုအတွက် လိုအပ်သောကုန်ပစ္စည်းနှင့် ဝန်ဆောင်မှုများ ထုတ်လုပ်ပေးခြင်း၊ ရိုးရာကျွမ်းကျင်မှုများကို ထိန်းသိမ်းပေးခြင်း၊ ဆန်းသစ်တီထွင်မှုများ၊ အတွေးအခေါ်သစ်များကို မိတ်ဆက်ပေးခြင်းနှင့် ပြည်တွင်းစီးပွားရေးအတွင်း ငွေကြေးလည်ပတ်မှုကို အထောက်အကူပြုခြင်းများ ပြုလုပ်လျက်ရှိပါသည်။ ထို့ကြောင့် MSME ဖွံ့ဖြိုးတိုးတက်မှုသည် အမျိုးသားစီးပွားရေးဖွံ့ဖြိုးတိုးတက်မှု၊ ဆင်းရဲနွမ်းပါးမှုလျော့ချရေး၊ အလုပ်အကိုင်ဖန်တီးရေး၊ ပြည်တွင်းထုတ်လုပ်မှုအားကောင်းစေရေးတို့နှင့် နီးကပ်စွာ ဆက်စပ်လျက်ရှိပါသည်။

MSME ဖွံ့ဖြိုးတိုးတက်ရေးကို နိုင်ငံတော်အဆင့် အမြင့်ဆုံးဦးစားပေးကဏ္ဍတစ်ရပ်အဖြစ် ဆောင်ရွက်လျက်ရှိပြီး နိုင်ငံတော်အစိုးရက MSME များကို ပိုမိုခိုင်မာအားကောင်းလာစေရေး၊ ပြည်တွင်းထုတ်လုပ်မှုမြှင့်တင်ရေး၊ ကုန်ပစ္စည်းအရည်အသွေး တိုးတက်ကောင်းမွန်ရေး၊ မျှတသောစျေးနှုန်းများဖြင့် ရောင်းချနိုင်ရေး၊ အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးရေးနှင့် အမျိုးသားစီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအား အထောက်အကူပြုရေးတို့၏ အရေးပါမှုကို အလေးထား ပြောကြားလျက်ရှိပါသည်။ ယင်းရည်မှန်းချက်များသည် လုပ်ငန်းတစ်ခုချင်းစီ၏ အောင်မြင်မှုအတွက်သာမက နိုင်ငံတော်၏ ထုတ်လုပ်မှုစွမ်းရည်နှင့် စီးပွားရေးခံနိုင်ရည်အားကို မြှင့်တင်ပေးရန် အတွက်လည်း အရေးပါစေပါသည်။

စျေးကွက်များသို့ မျှတစွာဝင်ရောက်နိုင်ခွင့်လည်း လိုအပ်

ယှဉ်ပြိုင်မှုမူဝါဒ (Competition Policy) ရှုထောင့်မှကြည့်မည်ဆိုလျှင် MSME များ၏ ဖွံ့ဖြိုးတိုးတက်မှုသည် ကြိုးစားအားထုတ်မှုတစ်ခုတည်းအပေါ်တွင်သာ မူတည်နေခြင်းမျိုးမဟုတ်ပါ။ MSME လုပ်ငန်းရှင်များနှင့် စွန့်ဦးတီထွင်သူများသည် ဆန်းသစ်တီထွင်နိုင်စွမ်းရှိသူများ၊ စည်းကမ်းရှိသူများနှင့် ရည်မှန်းချက်ခိုင်မာသူများဖြစ်နိုင်သော်လည်း ၎င်းတို့အနေဖြင့် စျေးကွက်များသို့ မျှတစွာဝင်ရောက်နိုင်ခွင့်လည်း လိုအပ်ပါသည်။ ဖောက်သည်များထံ ရောက်ရှိနိုင်ရန်၊ မိမိတို့၏ကုန်ပစ္စည်းများ ဖြန့်ဖြူးရောင်းချနိုင်ရန်၊ ကုန်ကြမ်းနှင့် လိုအပ်သော အရင်းအမြစ်များရယူနိုင်ရန်၊ ဝန်ဆောင်မှုများ ပေးအပ်နိုင်ရန်နှင့် မိမိတို့၏စွမ်းဆောင်ရည်အပေါ်အခြေခံ၍ ယှဉ်ပြိုင်နိုင်ရန် အခွင့်အလမ်းများရှိရမည်ဖြစ်ပါသည်။

စျေးကွက်များသည် ပွင့်လင်းပြီး ယှဉ်ပြိုင်မှုရှိသောအခြေအနေတွင် MSME များက ပိုမိုကောင်းမွန်သော အရည်အသွေး၊ သင့်တင့်မျှတသောစျေးနှုန်း၊ ပိုမိုကောင်းမွန်သောဝန်ဆောင်မှု တို့ထွင်ဖန်တီးနိုင်စွမ်းနှင့် ဒေသဆိုင်ရာ အသိပညာများမှတစ်ဆင့် တိုးတက်ကြီးထွားနိုင်ပါသည်။

သို့ရာတွင် စျေးကွက်များသည် မမျှတသောစီးပွားရေးအလေ့အထများကြောင့် ကန့်သတ်ပိတ်ပင်ခံရပါက စွမ်းရည်ရှိသော MSME များပင်လျှင် မလိုအပ်သောအခက်အခဲများ၊ အတားအဆီးများနှင့် ရင်ဆိုင်ရနိုင်ပါသည်။ ထို့ကြောင့် ယှဉ်ပြိုင်မှုမူဝါဒသည် MSME ဖွံ့ဖြိုးတိုးတက်ရေးနှင့် တိုက်ရိုက်ဆက်စပ်နေခြင်းဖြစ်ပါသည်။

တရားမျှတသော ယှဉ်ပြိုင်မှုဆိုသည်မှာ လုပ်ငန်းကြီးများကို ဆန့်ကျင်ကန့်ကွက်ခြင်းဟု ဆိုလိုခြင်းမဟုတ်ပါ။ လုပ်ငန်းကြီးများသည်လည်း ရင်းနှီးမြှုပ်နှံမှု၊ အလုပ်အကိုင်ဖန်တီးမှု၊ နည်းပညာဖွံ့ဖြိုးမှု ထောက်ပံ့ပို့ဆောင်ရေးစနစ်၊ အခြေခံအဆောက်အအုံဖွံ့ဖြိုးရေးနှင့် ပို့ကုန်စွမ်းရည်မြှင့်တင်ရေးတို့အတွက် အရေးပါသောအခန်းကဏ္ဍမှ ပါဝင်လျက်ရှိပါသည်။ အားကောင်းသော အမျိုးသားစီးပွားရေးတစ်ရပ်အတွက် အရွယ်အစားအမျိုးမျိုးရှိသော စီးပွားရေးလုပ်ငန်းများလိုအပ်ပါသည်။

သို့သော် တရားမျှတသောယှဉ်ပြိုင်မှု၏ အဓိကသဘောတရားမှာ စျေးကွက်အင်အားကို အသုံးပြု၍ လုပ်ငန်းငယ်များ၏ တိုးတက်ဖွံ့ဖြိုးရေးလမ်းကြောင်းကို မမျှတစွာ ပိတ်ဆို့ခြင်းမပြုရဟူသည့် အချက်ပင်ဖြစ်သည်။ စီးပွားရေးအောင်မြင်မှုသည် စွမ်းဆောင်ရည်၊ ဆန်းသစ်တီထွင်မှု၊ အရည်အသွေးနှင့် ဝန်ဆောင်မှုအပေါ် အခြေခံရမည်ဖြစ်ပြီး အခြားလုပ်ငန်းများ စျေးကွက်အတွင်း ဝင်ရောက်ခြင်း သို့မဟုတ် ယှဉ်ပြိုင်ခြင်းကို တားဆီးခြင်းမှတစ်ဆင့် ရရှိလာသောအောင်မြင်မှုမျိုး မဖြစ်သင့်ပါ။

အတင်းအကျပ် တွဲဖက်ရောင်းချခြင်း

ဤကိစ္စနှင့်စပ်လျဉ်း၍ လက်တွေ့ကျသော ပြဿနာတစ်ရပ်မှာ “အတင်းအကျပ် တွဲဖက်ရောင်းချခြင်း (Forced Bundling or Tying)” ဟုခေါ်သော အလေ့အထပင်ဖြစ်ပါသည်။ ပုံမှန်စီးပွားရေးလုပ်ငန်းဆောင်တာများတွင် ကုန်ပစ္စည်း သို့မဟုတ် ဝန်ဆောင်မှုများကို ပက်ကေ့ချ်ဖြင့် တွဲဖက်ရောင်းချခြင်းသည် စားသုံးသူများအတွက် အကျိုးရှိနိုင်ပြီး သင့်လျော်သော စီးပွားရေးအလေ့အထတစ်ရပ်လည်း ဖြစ်နိုင်ပါသည်။

သို့သော် စျေးကွက်အင်အားကြီးမားသော လုပ်ငန်းတစ်ခုက ဖောက်သည်များအား ကုန်စည် သို့မဟုတ် ဝန်ဆောင်မှုတစ်ခုရရှိလိုပါက အခြားကုန်စည် သို့မဟုတ် ဝန်ဆောင်မှုတစ်ခုကို မဖြစ်မနေဝယ်ယူရ

> **“တရားမျှတသော စျေးကွက်တစ်ခုတွင် ပိုမိုကောင်းမွန်သော ကုန်ပစ္စည်းများ၊ ပိုမိုကောင်းမွန်သော ဝန်ဆောင်မှုများ၊ သင့်တင့်မျှတသောစျေးနှုန်းများနှင့် ထိရောက်သောစီမံခန့်ခွဲမှုများကို ကျင့်သုံးသည့်လုပ်ငန်းများက ပိုမိုအောင်မြင်နိုင်ပါသည်။ ယင်းသည် စီးပွားရေးလုပ်ငန်းများကို မိမိတို့ကိုယ်တိုင် ဆက်လက်တိုးတက်အောင်ကြိုးပမ်းစေရန် အားပေးနိုင်ပြီး စားသုံးသူများအတွက် ရွေးချယ်စရာများ ပိုမိုများပြားစေပါသည်။ ထို့အပြင် အရည်အချင်းရှိသော MSME များကို ခိုင်မာသော ဒေသတွင်းလုပ်ငန်းများ၊ ဒေသအဆင့် စီးပွားရေးလုပ်ငန်းများ၊ အမျိုးသားအဆင့် ကုန်အမှတ်တံဆိပ်များနှင့် အနာဂတ်ပို့ကုန်လုပ်ငန်းများအဖြစ် ကြီးထွားဖွံ့ဖြိုးလာစေရန် အခွင့်အလမ်းများဖန်တီးပေး**

မည်ဟု သတ်မှတ်ပြဋ္ဌာန်းပြီး ထိုသို့သော အလေ့အထကြောင့် စားသုံးသူများ၏ ရွေးချယ်ခွင့်ကို ကန့်သတ်ခြင်း၊ ပြိုင်ဘက်လုပ်ငန်းများကို စျေးကွက်မှ ဖယ်ထုတ်ခြင်း သို့မဟုတ် လုပ်ငန်းငယ်များစျေးကွက်သို့ ဝင်ရောက်နိုင်မှုကို အဟန့်အတားဖြစ်စေခြင်းတို့ ဖြစ်ပေါ်လာပါက ယင်းသည် ယှဉ်ပြိုင်မှုဆိုင်ရာစိုးရိမ်ဖွယ်ရာ ပြဿနာတစ်ရပ်အဖြစ် သတ်မှတ်ခံရနိုင်ပါသည်။

MSME များအတွက် ဤကိစ္စသည် အလွန်အရေးပါသောပြဿနာတစ်ရပ်ဖြစ်နိုင်ပါသည်။ အသေးစား သို့မဟုတ် အလတ်စား လုပ်ငန်းတစ်ခုတွင် အရည်အသွေးကောင်းမွန်သော ထုတ်ကုန်များ၊ သင့်တင့်မျှတသောစျေးနှုန်းများနှင့် ဒေသတွင်း၌ ခိုင်မာသောဝယ်လိုအားများရှိနေသော်လည်း ဖောက်သည်များသည် စျေးကွက်အင်အားကြီးမားသောလုပ်ငန်းတစ်ခုက ထိန်းချုပ်ထားသည့် တွဲဖက်ရောင်းချမှုအစီအစဉ်များအတွင်း အမှန်တကယ် ချုပ်နှောင်ခံထားရပါက ယင်း MSME သည် စျေးကွက်အတွင်း ဝင်ရောက်ယှဉ်ပြိုင်ရန် အခက်အခဲများ ကြုံတွေ့ရနိုင်ပါသည်။ ထိုသို့သော အခြေအနေမျိုးတွင် ပြဿနာသည် MSME ၏ အားနည်းချက်ကြောင့်မဟုတ်ဘဲ စျေးကွက်ကိုယ်တိုင်က တရားမျှတပြီး စွမ်းဆောင်ရည်အပေါ် အခြေခံသော ယှဉ်ပြိုင်မှုများဖြစ်ပေါ်ရန် လုံလောက်စွာ ဖွင့်လှစ်ထားခြင်းမရှိခြင်းကြောင့် ဖြစ်နိုင်ပါသည်။

ထို့ကြောင့် မမျှတသော တွဲဖက်ရောင်းချမှုများ၊ ကန့်သတ်ချုပ်ချယ်သော စီးပွားရေးအစီအစဉ်များနှင့် စျေးကွက်အင်အားကို အလွဲသုံးစားပြုခြင်းများအား တားဆီးကာကွယ်ခြင်းသည် MSME ဖွံ့ဖြိုးတိုးတက်ရေးနှင့် သီးခြားစီမဟုတ်ဘဲ တရားမျှတသော စီးပွားရေးပတ်ဝန်းကျင်တစ်ရပ်ကို ဖန်တီးတည်ဆောက်ခြင်း၏ အရေးပါသော အစိတ်အပိုင်းတစ်ခုဖြစ်ပါသည်။

စျေးကွက်တွင် အင်အားကြီးမားသောလုပ်ငန်းများက တာဝန်ယူမှုရှိစွာဖြင့် ယှဉ်ပြိုင်ဆောင်ရွက်သည့်အခါ MSME များအတွက် မိမိတို့၏ လုပ်ငန်းများကို တိုးတက်ကောင်းမွန်စေရန်၊ ဆန်းသစ်တီထွင်နိုင်ရန်နှင့် ချဲ့ထွင်ကြီးထွားနိုင်ရန် နေရာပိုမိုရရှိလာမည်ဖြစ်ပါသည်။ ထို့အပြင် စားသုံးသူများအနေဖြင့်လည်း ရွေးချယ်စရာများ ပိုမိုများပြားလာခြင်း၊ ပိုမိုကောင်းမွန်သော အရည်အသွေးရှိသည့် ကုန်ပစ္စည်းနှင့် ဝန်ဆောင်မှုများရရှိခြင်းနှင့် မျှတသောစျေးနှုန်းများဖြင့် ဝယ်ယူနိုင်ခြင်း စသည့် အကျိုးကျေးဇူးများကို ခံစားရရှိနိုင်မည်ဖြစ်ပါသည်။

မြန်မာနိုင်ငံယှဉ်ပြိုင်မှုကော်မရှင်သည် ယှဉ်ပြိုင်မှုဥပဒေ၏ ရည်ရွယ်ချက်များနှင့်အညီ တရားမျှတသောယှဉ်ပြိုင်မှုကို မြှင့်တင်ပေးခြင်း၊ ယှဉ်ပြိုင်မှုကို ထိခိုက်စေသောအပြုအမူများကို တားဆီးခြင်း မဟုတ်ပါ။ ယင်းအစား MSME များသည် မိမိတို့၏ စွမ်းဆောင်ရည်များကို စျေးကွက်အတွင်း အမှန်တကယ် အသုံးချနိုင်စေရန် အာမခံပေးခြင်းအားဖြင့် အဆိုပါ ကြိုးပမ်းဆောင်ရွက်မှုများကို ပိုမိုအားကောင်းစေပါသည်။

ဥပမာအားဖြင့် MSME များသည် လိုအပ်သောသင်တန်းများနှင့် နည်းပညာအကူအညီများ ရရှိထားသော်လည်း စျေးကွက်သို့ ယှဉ်ပြိုင်ဝင်ရောက်နိုင်မှုမရှိပါက ၎င်းတို့၏ တိုးတက်မှုအလားအလာများကို အပြည့်အဝဖော်ထုတ်နိုင်မည်မဟုတ်ပါ။ ထို့အပြင် ငွေကြေးထောက်ပံ့မှုများရရှိထားသော်လည်း စျေးကွက်မှ ဖယ်ထုတ်ခံရစေသော အလေ့အထများနှင့် ရင်ဆိုင်နေရပါက ၎င်းတို့၏ တိုးတက်ကြီးထွားမှုမှာ ကန့်သတ်ခံနေရဆဲဖြစ်ပါလိမ့်မည်။

ထုတ်ကုန်အရည်အသွေးကို မြှင့်တင်နိုင်ခဲ့သော်လည်း ဖောက်သည်များသည် ကန့်သတ်ချုပ်ချယ်သော စီးပွားရေးအစီအစဉ်များအောက်တွင် ချုပ်နှောင်ခံထားရပါက MSME များ၏ ထုတ်လုပ်မှုစွမ်းအားမှ ရရှိနိုင်မည့် အကျိုးကျေးဇူးများကို စီးပွားရေးစနစ်တစ်ခုလုံးက ဆုံးရှုံးရမည်ဖြစ်ပါသည်။

ထို့ကြောင့် MSME များအား ပံ့ပိုးကူညီရေးနှင့် တရားမျှတသော ယှဉ်ပြိုင်မှုကိုမြှင့်တင်ရေးတို့သည် တစ်ပြိုင်နက်တည်း အပြန်အလှန် ဖြည့်ဆည်းပေးလျက် ရှေ့ဆက်ဆောင်ရွက်သွားရမည့် ကိစ္စရပ်များ ဖြစ်ပါသည်။

စီးပွားရေးစနစ်တစ်ရပ်လုံးပါဝင်သော ချဉ်းကပ်နည်း

MSME များ၏ ဖွံ့ဖြိုးတိုးတက်ရေးအတွက် စီးပွားရေးစနစ်တစ်ရပ်လုံးပါဝင်သော ချဉ်းကပ်နည်း (Whole of Economy Approach) တစ်ရပ် လိုအပ်ပါသည်။ ဤချဉ်းကပ်နည်းတွင် အစိုးရဌာနများ၊ စည်းမျဉ်းကြီးကြပ်ရေးအဖွဲ့အစည်းများ၊ ဘဏ္ဍာရေးအဖွဲ့အစည်းများ၊ ကုန်သည်စက်မှုအသင်းအဖွဲ့များ၊ လုပ်ငန်းကြီးများ၊ သင်တန်းပေးရေးအဖွဲ့အစည်းများနှင့် MSME အသင်းအဖွဲ့များအားလုံးသည် မိမိတို့၏ သက်ဆိုင်ရာတာဝန်များကို ထမ်းဆောင်ရမည်ဖြစ်ပါသည်။

ဘဏ္ဍာရေးအဖွဲ့အစည်းများအနေဖြင့် MSME များ၏ လုပ်ငန်းသဘောသဘာဝနှင့်ကိုက်ညီသော ငွေကြေးဝန်ဆောင်မှုထုတ်ကုန်များကို ဖန်တီးပေးခြင်းဖြင့် အထောက်အကူပြုနိုင်ပါသည်။ သင်တန်းပေးရေးအဖွဲ့အစည်းများအနေဖြင့် MSME လုပ်ငန်းရှင်များအား စီးပွားရေးအစီအစဉ်ရေးဆွဲခြင်း၊ စာရင်းကိုင်စနစ်များ စီမံခန့်ခွဲခြင်း၊ အရည်အသွေးထိန်းချုပ်ခြင်း၊ ကုန်အမှတ်တံဆိပ် တည်ဆောက်ခြင်းနှင့် ဒီဂျစ်တယ်စွမ်းရည်များတိုးတက်စေရန် ကူညီပံ့ပိုးပေးနိုင်ပါသည်။

စာမျက်နှာ ၇ သို့ ◆

စက်မှုသင်တန်းကျောင်းများ ဖွံ့ဖြိုးတိုးတက်ရေးနည်းလမ်းများ ရှာဖွေဖော်ထုတ်သည့် အလုပ်ရုံဆွေးနွေးပွဲ ကျင်းပ

နေပြည်တော် ဩဂုတ် ၁၁

မြန်မာနိုင်ငံ၏ နည်းပညာနှင့် အသက်မွေးဝမ်းကျောင်းပညာရေးနှင့် လေ့ကျင့်ရေး(TVET)စနစ်ကို ခေတ်နှင့်အညီပြုပြင်ပြောင်းလဲရေး၊ စက်မှုသင်တန်းကျောင်းများ၏ အရည်အသွေးမြှင့်တင်နိုင်ရေးနှင့် နိုင်ငံတော်၏ စက်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သော ကျွမ်းကျင်လူ့စွမ်းအားအရင်းအမြစ်များကို ပိုမိုထိရောက်စွာ မွေးထုတ်ပေးနိုင်ရေးအတွက် အရေးကြီးသည့် မူဝါဒဆိုင်ရာများကို စက်မှုသင်တန်းကျောင်းများ ဖွံ့ဖြိုးတိုးတက်ရေးနည်းလမ်းများ ရှာဖွေဖော်ထုတ်သည့် အလုပ်ရုံဆွေးနွေးပွဲတွင် ဆွေးနွေးခဲ့ကြသည်။



အဆိုပါ အလုပ်ရုံဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းတွင် စက်မှုနှင့် အသေးစား၊ အလတ်စား၊ အလတ်စားနှင့် စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာနမှ ဌာနမှူး ကျင်းပခဲ့ခြင်းဖြစ်ပြီး စက်မှုနှင့် အသေးစား၊ အငယ်စား၊ အလတ်စားနှင့် စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဒေါက်တာချာလီသန်းက စက်မှုသင်တန်းကျောင်းများသည် သင်တန်းသားများကို အောင်လက်မှတ်များပေးအပ်ရုံသာမက လုပ်ငန်းခွင်တွင် ချက်ချင်းဝင်ရောက်လုပ်ကိုင်နိုင်သည့် ကျွမ်းကျင်မှုရှိသူများအဖြစ် မွေးထုတ်ပေးနိုင်ရန် လိုအပ်ကြောင်း၊ နည်းပညာနှင့် အသက်မွေးဝမ်းကျောင်းပညာရေးနှင့် လေ့ကျင့်ရေးသည် ပညာရေးကဏ္ဍတစ်ခုသာမက နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု၊ စက်မှုကဏ္ဍ တိုးတက်မှု၊ ရင်းနှီးမြှုပ်နှံမှုတိုးတက်မှု၊ MSME ဖွံ့ဖြိုးမှု၊ အလုပ်အကိုင်ဖန်တီးမှုနှင့် ပြည်သူများ၏ လူမှုစီးပွားဘဝမြင့်မားလာမှုတို့နှင့် တိုက်ရိုက်ဆက်စပ်နေသည့် မဟာဗျူဟာကဏ္ဍတစ်ခုဖြစ်ကြောင်း၊

စက်မှုသင်တန်းကျောင်းများသည် ယခင်ကဲ့သို့ ကျောင်းအခြေပြုစနစ်(School-Centered System)မှ စက်မှုလုပ်ငန်းအခြေပြု TVET စနစ်(Industry-Centered TVET System)သို့ တဖြည်းဖြည်း ပြောင်းလဲရမည်ဖြစ်ကြောင်း၊ ယနေ့ဆွေးနွေးပွဲမှ ထွက်ပေါ်လာမည့် အကြံပြုချက်များသည် စက်မှုသင်တန်းကျောင်းများ၏ အနာဂတ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကာလတို၊ ကာလလတ်နှင့် ကာလရှည် လုပ်ငန်းစီမံချက်များချမှတ်ရာတွင် အခြေခံမူဝါဒများဖြစ်လာစေမည်ဖြစ်ကြောင်း၊ လက်တွေ့အတွေ့အကြုံ၊ အခက်အခဲ၊ အောင်မြင်မှုများနှင့် အကောင်အထည်ဖော်နိုင်မည့် နည်းလမ်းများကို ဆွေးနွေးပေးကြရန် တိုက်တွန်းလိုကြောင်း အလုပ်ရုံဆွေးနွေးပွဲတွင် ထည့်သွင်းပြောကြားသည်။

ဆွေးနွေးတင်ပြ

ဆက်လက်၍ စက်မှုပူးပေါင်းဆောင်ရွက်ရေးဦးစီးဌာနမှ တာဝန်ရှိသူများ၊ စက်မှုသင်တန်းကျောင်းကျောင်းအုပ်ကြီးများနှင့် တက်ရောက်လာသူများက စက်မှုသင်တန်းကျောင်းများ ဖွံ့ဖြိုးတိုးတက်ရေး ဆက်လက်ဆောင်ရွက်သင့်သည့် အချက်များအတွက် နည်းလမ်းရှာဖွေလေ့လာဖော်ထုတ်ခြင်း၊ သင်ရိုးညွှန်းတမ်းနှင့် သင်ကြားသင်ယူမှုစနစ်၊ သင်ကြားရေးအရင်းအမြစ်နှင့် နည်းပြဆရာများ၏ အရည်အသွေးမြှင့်တင်ရေးတို့နှင့်စပ်လျဉ်း၍ ဆွေးနွေးတင်ပြကြသည်။

မွန်းလွဲပိုင်းတွင် စက်မှုသင်တန်းကျောင်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြင်ဆင်နိုင်ရန် နည်းလမ်းများ ရှာဖွေဖော်ထုတ်ခြင်းတို့ကို အဖွဲ့လိုက် ဆွေးနွေးကြပြီး စက်မှုပူးပေါင်းဆောင်ရွက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က အကြံပြုသုံးသပ်ဆွေးနွေး၍ ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ်အမှာစကားပြောကြားသည်။

အလုပ်ရုံဆွေးနွေးပွဲသို့ ဒုတိယဝန်ကြီးဦးသွင်အောင်၊ တာဝန်ရှိသူများ၊ စက်မှုသင်တန်းကျောင်းများမှ ကျောင်းအုပ်ကြီးများနှင့် နည်းပြဆရာဆရာမများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်



သရက်မြို့၌ ကျောင်းကျန်းမာရေး အသိပညာပေးဟောပြော

သရက် ဩဂုတ် ၁၁

မကွေးတိုင်းဒေသကြီး သရက်မြို့၌ ၂၀၂၆-၂၀၂၇ ပညာသင်နှစ် ကျောင်းကျန်းမာရေး အသိပညာပေးဟောပြောပွဲကို ယနေ့နံနက်ပိုင်းက အမှတ်(၁)အခြေခံပညာနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးအထက်တန်းကျောင်း၌ ကျင်းပသည်။

ဟောပြောပွဲတွင် သရက်ခရိုင် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာအုပ်စိုးလင်းက ဆေးလိပ်နှင့် ဆေးရွက်ကြီးအကြောင်းနှင့် သရက်ခရိုင်အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်သဲဦးဗိုလ်က အစားအသောက်ဘေးအန္တရာယ်ဆိုင်ရာ ကင်းရှင်းရေးတို့နှင့်ပတ်သက်၍ ဟောပြောသည်။

ထို့နောက် သရက်ခရိုင်ပြည်သူ့ကျန်းမာရေးဦးစီးဌာန ကျန်းမာပညာမှ ဒုတိယဦးစီးမှူး ဒေါ်ရှင်းရှင်းသန့်က ကျန်းမာသည့် ဘဝနေထိုင်မှုအကြောင်း ဟောပြောပေးခဲ့ပြီး ကျန်းမာရေးဝန်ထမ်းများက အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာနမှ ထုတ်ဝေသည့် အသိပညာပေးလက်ကမ်းစာစောင်များအား ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

ကျောင်းကုန်းမြို့၌ ရေနုတ်မြောင်းများ တူးဖော်နေမှု ကြည့်ရှုစစ်ဆေး

ကျောင်းကုန်း ဩဂုတ် ၁၁

ဧရာဝတီတိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီးဦးမောင်မောင်ဦးနှင့် စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအောင်ကျော်စိုးတို့သည် ကျောင်းကုန်းမြို့ စည်ပင်သာယာရေးအဖွဲ့ပိုင် ပျံကျစွေးသား ငါးတန်းရေနစ်မြပ်မှုအား ယနေ့မွန်းလွဲပိုင်းက ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ မြို့မဈေးကြီးအတွင်း ရေစီးရေလာကောင်းမွန်စေရေးအတွက် ရေမြောင်းစီးဆင်းနေမှုအား ကြည့်ရှုစစ်ဆေးခဲ့ပြီး မြို့တွင်းရေစီးရေလာကောင်းမွန်စေရေးအတွက် ရေနုတ်မြောင်းတူးဖော်နေမှုကိုကြည့်ရှု၍ လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။

ဝင်းကြိုင်(ပြန်/ဆက်)



နောင်ချိုမြို့နယ်ရှိ အခြေခံပညာကျောင်းများတွင် ဖြည့်စွက်အာဟာရတိုက်ကျွေး

နောင်ချို ဩဂုတ် ၁၁

ရှမ်းပြည်နယ် (မြောက်ပိုင်း) နောင်ချိုမြို့နယ် အတွင်းရှိ အခြေခံပညာကျောင်း များတွင် နောင်ချိုမြို့နယ် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၏ School Milk Programme ဖြင့် နွားနို့နှင့် ကြက်ဥပြုတ် ဖြည့်စွက်အာဟာရ တိုက်ကျွေးခြင်းကို ယနေ့နံနက် ပိုင်းက ဆောင်ရွက်သည်။

ထိုသို့ ဖြည့်စွက်အာဟာရ တိုက်ကျွေးခြင်းကို နောင်ချိုမြို့နယ် အထက(ခွဲ)-အုမ္မဒါး၊ အလက(ခွဲ)-အုမ္မသီး၊ အလက-ကျောက်ကြမ်း၊ အမက-လယ်ကြီးတော၊ အမက-ငုက္ခလေး၊ အမက-ဘော်ရွာ၊ အမက-နောင်ဖာ၊ အမက-ရေမောင်းတန်း၊ အမက-ကျောက်သုံးလုံးနှင့် အမက(လွန်)-လွယ်တောင်းကျောင်းများ ၌ ဆောင်ရွက်ခဲ့ရာ နောင်ချိုမြို့နယ် ပြည်သူလွတ်တော်ကိုယ်စားလှယ် ဦးကျော်အောင်သန်း၊ နောင်ချိုမြို့နယ် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ လက်ထောက် ညွှန်ကြားရေးမှူး ဒေါက်တာဇော်လွင်နှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာများက အခြေခံပညာ ကျောင်းသား ကျောင်းသူ ၁၃၄၅ ဦးကို နွားနို့နှင့် ကြက်ဥပြုတ် ဖြည့်စွက်အာဟာရ သွားရောက်တိုက်ကျွေးခဲ့ကြောင်း သိရသည်။



မြို့နယ်(ပြန်/ဆက်)

◆ စာမျက်နှာ ၆ မှ

လုပ်ငန်းကြီးများအနေဖြင့် တရားမျှတသော ဝယ်ယူရေးစနစ်များ၊ တာဝန်ယူမှုရှိသော ဖြန့်ဖြူးရောင်းချရေးအလေ့အထများနှင့် မိတ်ဖက်ပူးပေါင်းဆောင်ရွက်မှုပုံစံများမှတစ်ဆင့် MSME များကို အားပေးကူညီနိုင်ပါသည်။ စည်းမျဉ်းကြီးကြပ်ရေးအဖွဲ့အစည်းများကလည်း ရှင်းလင်းပြတ်သားမှု၊ တရားမျှတမှုနှင့် ကြိုတင်ခန့်မှန်းနိုင်မှုတို့ကို မြှင့်တင်ပေးနိုင်ပါသည်။

ကိုယ်ပိုင်တာဝန်ဝတ္တရားများရှိ

MSME လုပ်ငန်းရှင်များနှင့် စွန့်ဦးတီထွင်သူများတွင်လည်း ကိုယ်ပိုင်တာဝန်ဝတ္တရားများရှိပါသည်။ ၎င်းတို့အနေဖြင့် ထုတ်ကုန်နှင့် ဝန်ဆောင်မှုအရည်အသွေးများကို ဆက်လက်မြှင့်တင်ရန်၊ မျှတသောစျေးနှုန်းများ ထိန်းသိမ်းထားရန်၊ ပိုမိုကောင်းမွန်သော စီမံခန့်ခွဲမှုနည်းလမ်းများကို ကျင့်သုံးရန်၊ ဖြစ်နိုင်သမျှ နည်းပညာများကို အသုံးပြုရန်နှင့် ဖောက်သည်များ၏ ယုံကြည်မှုကို တည်ဆောက်ထိန်းသိမ်းရန် လိုအပ်ပါသည်။ တရားမျှတသောယှဉ်ပြိုင်မှုသည် အခွင့်အလမ်းများကို ကာကွယ်ပေးနိုင်သော်လည်း ရေရှည်အောင်မြင်မှုမှာ စည်းကမ်းရှိမှု၊ ထုတ်လုပ်မှုစွမ်းရည်နှင့် စဉ်ဆက်မပြတ် တိုးတက်အောင် ကြိုးပမ်းမှုများအပေါ်တွင်သာ မူတည်နေသဲ့ဖြစ်ပါသည်။

ရည်ရွယ်ချက်မှာ စွမ်းဆောင်ရည်နိမ့်ကျသောလုပ်ငန်းများကို ယှဉ်ပြိုင်မှုမှ ကာကွယ်ပေးရန်မဟုတ်ဘဲ ယှဉ်ပြိုင်မှုကိုယ်တိုင် တရားမျှတစေရန်ဖြစ်ပါသည်။ တရားမျှတသော စျေးကွက်တစ်ခုတွင် ပိုမိုကောင်းမွန်သော ကုန်ပစ္စည်းများ၊ ပိုမိုကောင်းမွန်သော ဝန်ဆောင်မှုများ၊ သင့်တင့်မျှတသော စျေးနှုန်းများနှင့် ထိရောက်သောစီမံခန့်ခွဲမှုများကို ကျင့်သုံးသည့်လုပ်ငန်းများက ပိုမိုအောင်မြင်နိုင်ပါသည်။ ယင်းသည် စီးပွားရေးလုပ်ငန်းများကို မိမိတို့ကိုယ်တိုင် ဆက်လက်တိုးတက်အောင်ကြိုးပမ်းစေရန် အားပေးနိုင်ပြီး စားသုံးသူများအတွက် ရွေးချယ်စရာများ ပိုမိုများပြားစေပါသည်။ ထို့အပြင် အရည်အချင်းရှိသော MSME များကို ခိုင်မာသော ဒေသတွင်းလုပ်ငန်းများ၊ ဒေသအဆင့် စီးပွားရေးလုပ်ငန်းများ၊ အမျိုးသားအဆင့် ကုန်အမှတ်တံဆိပ်များနှင့် အနာဂတ်ပို့ကုန်လုပ်ငန်းများအဖြစ် ကြီးထွားဖွံ့ဖြိုးလာစေရန် အခွင့်အလမ်းများ ဖန်တီးပေးပါသည်။

အကယ်၍ နိုင်ငံအနေဖြင့် MSME များကို လိုအပ်သော်ပုံပိုးမှုများ ရရှိနိုင်သော ပတ်ဝန်းကျင်တစ်ရပ်၊ လုပ်ငန်းကြီးများက တာဝန်ယူမှုရှိစွာ ယှဉ်ပြိုင်သော ပတ်ဝန်းကျင်တစ်ရပ်၊ စားသုံးသူများက မျှတသော စျေးနှုန်းများနှင့် ရွေးချယ်ခွင့်များ ပိုမိုရရှိနိုင်သော ပတ်ဝန်းကျင်တစ်ရပ်နှင့် ယှဉ်ပြိုင်မှုကို ထိခိုက်စေသောအပြုအမူများကို ထိရောက်စွာ ကိုင်တွယ်ဖြေရှင်းနိုင်သော ပတ်ဝန်းကျင်တစ်ရပ်ကို ဆက်လက်တည်ဆောက်နိုင်မည်ဆိုပါက MSME ဖွံ့ဖြိုးတိုးတက်ရေးသည် အားလုံးပါဝင်သော စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် ပိုမိုခိုင်မာသော အခြေခံအုတ်ဖြစ်တစ်ရပ်ဖြစ်လာမည်ဖြစ်ပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။



ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ ရေဘေးသင့်ဒေသများတွင် ရေပြန်လည်ကျဆင်းပါက စိုက်ပျိုးရေးလုပ်ငန်းများကို ဦးစားပေးဆောင်ရွက်သွားမည်

ပုသိမ် သြဂုတ် ၁၁

ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ ရေဘေးသင့်ဒေသများတွင် ရေပြန်လည်ကျဆင်းပါက စိုက်ပျိုးရေးလုပ်ငန်းများကို ဦးစားပေးဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ထို့ကြောင့် စက်ယန္တရား၊ မျိုးစေ့နှင့် သွင်းအားစုများ ကြိုတင်ပြင်ဆင်ထားရန်နှင့် စာသင်ကျောင်း၊ ဆေးရုံနှင့် ဌာနဆိုင်ရာရုံးများကို အမြန်ဆုံး ပြန်လည်ဖွင့်လှစ်နိုင်ရေးဆောင်ရွက်ရန်၊ ဌာနဆိုင်ရာများအနေဖြင့် မူလတာဝန်များနှင့်အတူ ရေဘေးသင့်ဒေသ ပြန်လည်ထူထောင်ရေးလုပ်ငန်းများတွင် ပူးပေါင်းဆောင်ရွက်ကြရန် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးအေးကျော်က ယနေ့နံနက်ပိုင်းတွင် ဟင်္သာတခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ခရိုင်သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့ဝင်များ၊ မြို့မိမြို့ဖများနှင့်တွေ့ဆုံစဉ် တိုက်တွန်းပြောကြားသည်။

တွေ့ဆုံပွဲအပြီးတွင် ကျုံပျော်မြို့နယ် ကျောင်းစုကျေးရွာရှိ စိုက်ဇက ၁၀ ဇကတွင် စိုက်ပျိုးထားသော ၂၀၂၆-၂၀၂၇ ခုနှစ် မိုးစပါးရာသီ RS to CS မှော်ဘီ-၃ မျိုးစေ့ထုတ်စိုက်ခင်းနှင့် စပါးမျိုး ၁၀ မျိုး ယှဉ်ပြိုင်စမ်းသပ်ကွက်များကို ကြည့်ရှုအားပေးသည်။

ယင်းအပြင် ကျုံပျော်မြို့နယ်သဖန်းချောင်းကျေးရွာမှ အသက် ၁၂၀ ရှိ အဘိုး ဦးစိန်ငွေအား နိုင်ငံတော်သမ္မတ၏ ဂါရဝပြုလုပ်ခံငွေ၊ ဆန်၊ ဆီနှင့် အာဟာရဖြည့် စားသောက်ဖွယ်ရာများကို သွားရောက်ပေးအပ်ပြီး အားပေးစကားပြောကြားသည်။

ထို့အတူ အမျိုးသားလွတ်တော်ကိုယ်စားလှယ်များနှင့်အမျိုးသားလွှတ်တော်ရုံး ဝန်ထမ်းဓိသားစုများက ဧရာဝတီတိုင်းဒေသကြီး ရေဘေးသင့်ပြည်သူများအတွက် ဒုတိယအကြိမ် ဆန်အိတ် ၁၀၀ လှူဒါန်းပွဲသို့ တက်ရောက်၍ ဆန်အိတ်များလက်ခံရယူပြီး သယ်နိုးဒေါင့်ကျေးရွာ ကျောင်းတိုက်ရှိ ရေဘေးသင့်ပြည်သူများအား ထောက်ပံ့ပစ္စည်းများ သွားရောက်ပေးအပ်သည်။

အလားတူ ငါးသိုင်းချောင်းမြို့ မြို့သစ်ရပ်ကွက် အုတ်ပုံရိုးချောင်းအတွင်း ရေဝင်ရောက်နေမှုကိုလည်း သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

တိုင်းဒေသကြီး(ပြန်/ဆက်)

ဝန်မြစ်ကြောင်းတစ်လျှောက် မြစ်ကမ်းထိန်းလုပ်ငန်းများဆောင်ရွက်နိုင်ရေး ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက စီမံဆောင်ရွက်လျက်ရှိ

နေပြည်တော် သြဂုတ် ၁၁

ဝန်မြစ်ကြောင်းတစ်လျှောက် မြစ်ကမ်းထိန်းလုပ်ငန်းများ၊ သောင်ထွန်းနေရာများတွင် သဲနုန်းတူးဖော်ခြင်း၊ ဖြတ်မြောင်းတူးခြင်းလုပ်ငန်းများ ဆောင်ရွက်နိုင်ရေး၊ လိုအပ်ပါက ပန်းတာ၊ ဖြတ်တာများ ဆောင်ရွက်နိုင်ရေး ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက စီမံဆောင်ရွက်လျက်ရှိသည်။

အဆိုပါလုပ်ငန်းများဆောင်ရွက်နေမှုကို စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဗိုလ်ဗိုလ်ကျော်သည် တာဝန်ရှိသူများနှင့် အတူ ယမန်နေ့က သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ဒုတိယဝန်ကြီးနှင့်အဖွဲ့က ဟင်္သာတမြို့နယ် အလယ်စုကျေးရွာအနီး ဝန်ထမ်းတာ တာမိုင် ၁၁/၁ နှင့် ၁၁/၃ အတွင်း၊ လေးမျက်နှာမြို့နယ် ရေလဲကျေးရွာအနီး ဝန်တာ တာမိုင် ၂၀/၄ နှင့် ၂၀/၅ အတွင်း၊ ညောင်ပင်ဝဲကျေးရွာအနီး တာမိုင် ၂၃/၀ နှင့် ၂၄/၀ အတွင်း၊ ကျောင်းစုကျေးရွာအနီး တာမိုင် ၂၄/၁ နှင့် ၂၄/၃ အတွင်းရှိ ဝန်ရေကာတာ၏ ကြွံခိုင်မှု၊ ဝန်မြစ်ကြောင်းတစ်လျှောက် ကမ်းပြိုကမ်းစားဖြစ်ပေါ်နေမှုနှင့် သဲသောင်ဖြစ်ပေါ်နေမှု၊ ထိန်ဝူကျေးရွာအနီး (Floating Unit) သဲအိတ်ဆွဲ သစ်ကိုင်းချ ဝါးဖောင်ပြုလုပ်ခြင်းလုပ်ငန်းများကိုလည်း ကြည့်ရှုစစ်ဆေးသည်။

ထို့ပြင် လေးမျက်နှာမြို့နယ်ရှိ ဝန်တာ တာမိုင် ၂၅/၃ တွင် တာတမံနိမ့်ကျမှုဖြစ်ပေါ်ခဲ့ရာ ရေတိုက်စားမှုလျော့ကျစေရန် Geo-Bag ချခြင်း၊ Geo-Bag ဖြင့် ရေလွှဲရေကာပြုလုပ်ခြင်း၊ တာတမံရေထိမ်ကျော့ပြင်နှင့် ဆက်စပ်နေရာများအား Geo textile အစများ၊ Geo-Bag များဖြင့် ရေတိုက်စားမှုကာကွယ်ခြင်း လုပ်ငန်းဆောင်ရွက်နေမှု၊ ရေနက်ရေစီးလမ်းကြောင်းအား ဆက်လက်တားဆီးပိတ်ဆို့နိုင်ရေး Steel Sheet Pile များရိုက်ခြင်း၊ သဲစုပ်သဘော်များ၊ ရေယာဉ်များဖြင့် Geo-Bag အိတ်ကြီးများနေရာချခြင်း လုပ်ငန်းဆောင်ရွက်နေမှုကိုလည်း ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်



ဧရာဝတီတိုင်းဒေသကြီး လေးမျက်နှာမြို့နယ်၌ မိုးသည်းထန်စွာရွာသွန်းမှုနှင့် ဝန်မြစ်ရေတိုက်စားမှုကြောင့် ဝန်တာ၏ အောက်ခံမြစ်ကျိုးအင်းသဲကြောမှ ထူးပေါက်၍ တာတမံနိမ့်ကျမှုဖြစ်ပွားပြီး Sheet Pile ရိုက်၍ ကာရံခြင်းလုပ်ငန်း ဆောင်ရွက်

နေပြည်တော် သြဂုတ် ၁၁

ဧရာဝတီ တိုင်းဒေသကြီး လေးမျက်နှာမြို့နယ်ရှိ ဝန်တာတွင် ဝန်မြစ်ရေတိုက်စားမှုကြောင့် ဝန်တာ၏အောက်ခံမြစ်ကျိုးအင်းသဲကြောမှ ထူးပေါက်၍ တာတမံနိမ့်ကျမှုဖြစ်ပွားပြီး မြစ်ရေကျော်စီးဝင်သည့် နေရာတွင် Sheet Pile ရိုက်၍ ကာရံခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။

ယမန်နေ့ နံနက်ပိုင်းတွင် ဆောက်လုပ်ရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာသောင်းနိုင်နှင့် တာဝန်ရှိသူများသည် အဆိုပါ Sheet Pile ရိုက်၍ ကာရံခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်

ထိုသို့စစ်ဆေးစဉ် ပို့ဆောင်ရေးဝန်ကြီးဌာန ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးက တာတမံကာရံတိတ်ဆို့ခြင်း လုပ်ငန်းဆောင်ရွက်နေမှု၊ ဆောက်လုပ်ရေးဝန်ကြီးဌာန တံတားဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်က တာတမံနိမ့်ကျ၍ ရေကျော်စီးဝင်သည့်နေရာ၌ Sheet Pile ရိုက်၍ ကာရံခြင်းလုပ်ငန်း ဆောင်ရွက်နေမှု၊ လုပ်ငန်းသုံး အထောက်အကူပြုပစ္စည်း ရောက်ရှိမှုနှင့် ဆက်လက်ဆောင်ရွက်မည့် အစီအမံများကို ရှင်းလင်းတင်ပြ၍ တံတားဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က လုပ်ငန်းဆောင်ရွက်နေမှုများနှင့် လုပ်ငန်း လိုအပ်ချက်များကို ဖြည့်စွက် ရှင်းလင်းတင်ပြရာ ဒုတိယဝန်ကြီးက တင်ပြချက်များအပေါ် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

Sheet Pile ရိုက်သွင်းရာတွင် သံချောင်းအရေအတွက်မှာ ၂၈၆ ချောင်း ရိုက်သွင်းရမည်ဖြစ်ရာ ယနေ့အထိ ရိုက်သွင်းပြီးစီးမှုမှာ ၅၅ ချောင်း ရိုက်သွင်းဆောင်ရွက်ခဲ့ပြီး ကျန်ရှိသောလုပ်ငန်းများအား စက်ယာဉ်/ယန္တရားများဖြင့် လုပ်ငန်းများ အရှိန်အဟုန်မပြတ် ဆက်လက် ဆောင်ရွက်လျက်ရှိသည်။

ဆက်လက်၍ ဟင်္သာတ-မြို့ကွင်း-ကွင်းကောက် လမ်းပေါ်ရှိ ဝန်တံတားး(မြို့ကွင်း)သို့ ရောက်ရှိရာ ဝန်မြစ်ရေလမ်းကြောင်းစီးဆင်းမှုအခြေအနေနှင့် တံတားကြီးရေတိုက်စားမှု မရှိစေရေး၊ တံတားကြံ့ခိုင်မှုအခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

ညောင်ဦးမြို့၌ ရေဝင်ရောက်မှုကြောင့် အိမ်ထောင်စု ၉၅ စု၊ လူဦးရေ ၃၅၄ ဦးတို့ကို ရေဘေးရှောင်စခန်းများကို ပြောင်းရွှေ့ပေးလျက်ရှိ

ညောင်ဦး သြဂုတ် ၁၁

ညောင်ဦးမြို့တွင် ဧရာဝတီမြစ်ရေသည် စိုးရိမ်ရေမှတ်အထက်သို့ ကျော်လွန်ရောက်ရှိနေပြီး မြစ်ကမ်းဘေးနေအိမ်များနှင့် မြေနိမ့်ပိုင်းရပ်ကွက်များဖြစ်သည့် အမှတ်(၁)ရပ်ကွက်၊ အမှတ်(၂)ရပ်ကွက်၊ အမှတ်(၄)ရပ်ကွက်၊ အမှတ်(၅)ရပ်ကွက်၊ အမှတ်(၅)ရပ်ကွက်နှင့် အမှတ်(၇)ရပ်ကွက်တို့တွင် မြစ်ရေဝင်ရောက်လျက်ရှိသည်။

ထိုသို့မြစ်ရေဝင်ရောက်မှုကြောင့် အိမ်ထောင်စု ၉၅ စု၊ လူဦးရေ ၃၅၄ ဦးတို့ကို ရေဘေးရှောင်စခန်းများသို့ မြို့နယ်မီးသတ်ဦးစီးဌာနမှ မီးသတ်ဝန်ထမ်းများက ကူညီပြောင်းရွှေ့ပေးလျက်ရှိပြီး ရေဘေးရှောင်စခန်း ဖွင့်လှစ်ထားရှိသည့်နေရာများတွင် ကူညီထောက်ပံ့ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။

အဆိုပါရပ်ကွက်များအတွင်း မြစ်ရေဝင်ရောက်မှုအခြေအနေနှင့် ရေဘေးရှောင်စခန်းဖွင့်လှစ်ထားရှိသည့်နေရာများကို ညောင်ဦးမြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ယာယီဥက္ကဋ္ဌ ဦးလှိုင်ကျော်စိုးနှင့် အဖွဲ့က ယနေ့သွားရောက်ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

ဒီပါလင်း





စစ်ကိုင်းမြို့နယ်အတွင်း ရေဝင်ရောက်ခဲ့သည့် ရပ်ကွက်/ကျေးရွာများရှိ ဒေသခံပြည်သူများအား ဆန်/ဆီနှင့် စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်

မုံရွာ ဩဂုတ် ၁၁

စစ်ကိုင်းမြို့နယ်ရှိ ရေဝင်ရောက်ခဲ့သည့် ရပ်ကွက်/ကျေးရွာများရှိ ဒေသခံပြည်သူများအား ဆန်/ဆီနှင့် စားသောက်ဖွယ်ရာများ ပေးအပ်ပွဲကို ယနေ့မွန်းလွဲပိုင်းတွင် စစ်ကိုင်းမြို့ မြို့တော်ခန်းမ၌ ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တိုင်းဒေသကြီးဝန်ကြီးများက ရေဝင်ရောက်ခဲ့သည့် ညောင်ပင်ဝန်းကျေးရွာ၊ တလိုင်းကျွန်းကျေးရွာနှင့် ညောင်ပင်သာကျေးရွာတို့ရှိ ဒေသခံပြည်သူများအား ဆန်/ဆီနှင့် စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်ကြသည်။

အဆိုပါ ထောက်ပံ့ပေးအပ်ပွဲတွင် တိုင်းဒေသကြီး ဝန်ကြီးချုပ်က မိုးရေများပြန်လည် ကျဆင်းပြီးပါက စာသင်ကျောင်းများသန့်ရှင်းရေး၊ စိုက်ပျိုးရေး လုပ်ငန်းများနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အုပ်ချုပ်ရေးအဖွဲ့များ၊ ဌာနဆိုင်ရာများ၊ လူမှုရေး အသင်းအဖွဲ့များနှင့် ပြည်သူများက ပိုင်းဝန်းပူးပေါင်း ဆောင်ရွက်သွားကြရန်လိုအပ်ပါကြောင်း၊ ပြည်သူများ စားသောက်ရေး အခက်အခဲမရှိစေရေးနှင့် ကုန်စည်များစီးဆင်းမှု ကောင်းမွန်စေရေး၊ ခရီးသွားလာမှုများ အဆင်ပြေစေရေးတို့အတွက် တာဝန်ရှိသူများက အလေးထားကာ ကြိုးပမ်းဆောင်ရွက်သွားကြရန် လိုအပ်ပါကြောင်း၊ ပြည်သူများအနေဖြင့်လည်း မိမိတို့ ရပ်ကွက်/ကျေးရွာများအတွင်း ရေနှစ်မြုပ်မှုကြောင့် အန္တရာယ်မဖြစ်စေရး၊ ကျန်းမာရေးလိုအပ်မှုများရှိပါက ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ပူးပေါင်းပါဝင် ဆောင်ရွက်သွားကြရန် လိုအပ်ပါကြောင်း တိုက်တွန်းပြောကြားသည်။

ယနေ့နံနက်ပိုင်းကလည်း မူးမြစ်ရေလျှံပြီး ရေဝင်ရောက်ခဲ့သည့် မုံရွာ - စစ်ကိုင်း ကားလမ်းမကြီးဘေးရှိ ညောင်ပင်ဝန်းကျေးရွာ ကားလမ်းရေကျော်နေမှု အခြေအနေများ၊ လူနေအိမ်များအတွင်း ရေဝင်ရောက်မှု အခြေအနေများနှင့် မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့ဝင်များ၊ ရဲတပ်ဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ကျေးရွာနေပြည်သူများ စုပေါင်း၍ ကားလမ်းမကြီး တစ်လျှောက် ကားများလမ်းကြောင်းမှန် မောင်းနှင်နိုင်ရေး ဆောင်ရွက်နေမှုများ၊ ကူညီကယ်ဆယ်ရေး လုပ်ငန်းများ ဆောင်ရွက်နေမှုများကို လိုက်လံကြည့်ရှုကြပြီး ညောင်ပင်ဝန်းကျေးရွာနှင့် အနီးဝန်းကျင်ရှိ ကျေးရွာများမှ ဒေသခံပြည်သူများအား စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်၍ ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီးတွေ့ဆုံကာ အားပေးစကားများ ပြောကြားခဲ့သည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်က မိုးအဆက်မပြတ်ရွာသွန်းမှုကြောင့် မုံရွာ - စစ်ကိုင်း ကားလမ်းမကြီးဘေး ညောင်ပင်ဝန်းကျေးရွာ ဝန်းကျင်ရှိ ကားလမ်းမကြီးတစ်လျှောက် ကုန်တင် ယာဉ်ကြီးများနှင့် ခရီးသည်တင် မော်တော်ယာဉ်များ အန္တရာယ်ကင်းရှင်းစွာ ဖြတ်သန်းသွားလာနိုင်ရေး အတွက် တာဝန်ရှိသူများက အနီးကပ်ကြီးကြပ်စီမံ ဆောင်ရွက်သွားကြရန်၊ မူးမြစ်ရေဝင်ရောက်သည့် ကာလအတွင်း ဒေသခံပြည်သူများအတွက် စားဝတ် နေရေးကိစ္စရပ်များနှင့် ကျန်းမာရေး စောင့်ရှောက်မှု ပေးရေးလုပ်ငန်းများကို ဌာနဆိုင်ရာများက ချိတ်ဆက် ပူးပေါင်း ဆောင်ရွက်သွားကြရန်နှင့် မိမိတို့ တိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့်လည်း လိုအပ်သည့် ပံ့ပိုးကူညီဆောင်ရွက်မှုများကို ညှိနှိုင်းပေါင်းစပ် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း တာဝန်ရှိသူများအား မှာကြားခဲ့ကြောင်း သိရသည်။ **တိုင်းဒေသကြီး(ပြန်/ဆက်)**

ရပ်စောက်မြို့နယ်နှင့် ကလောမြို့နယ်တို့မှ ရေဘေးသင့်ပြည်သူများအား ဆန်၊ ဆီ၊ သောက်ရေသန့်၊ စားသောက်ကုန်၊ ဆေးဝါးများ ထောက်ပံ့ပေးအပ်

ရပ်စောက် ဩဂုတ် ၁၁

ရှမ်းပြည်နယ် (တောင်ပိုင်း) ရပ်စောက်မြို့နယ်နှင့် ကလော မြို့နယ်တို့တွင် မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ရေကြီးရေလျှံမှု ဖြစ်ပွားပြီး ရေဘေးသင့်ပြည်သူများကို ရပ်စောက်မြို့တွင် မိုးလုံလေလုံ အားကစားကွင်းနှင့် ဥတ္တဝံတားမမှာရုံတွင်လည်းကောင်း၊ ကလောမြို့တွင် အမှတ်(၅) ရပ်ကွက်မြို့မပရိယတ္တိစာသင်တိုက်တွင် လည်းကောင်း ယာယီရေဘေး ကယ်ဆယ်ရေးစခန်း ဖွင့်လှစ်၍ ကူညီကယ်ဆယ်ရေးနှင့် ကျန်းမာရေး စောင့်ရှောက်ပေးခြင်း လုပ်ငန်းများကို နယ်မြေခံ တပ်မတော်သားများ၊ မီးသတ် တပ်ဖွဲ့ဝင်များ၊ ကျန်းမာရေးဝန်ထမ်း များ၊ တာဝန်ရှိသူများ၊ လူမှုရေး အသင်းအဖွဲ့များက ပူးပေါင်းကူညီ ဆောင်ရွက်ပေးလျက်ရှိသည်။

အဆိုပါ ရေဘေးကယ်ဆယ်ရေး စခန်းရှိ ပြည်သူများကို ယနေ့ နံနက်ပိုင်းက ရှမ်းပြည်နယ် ဝန်ကြီးချုပ် ဦးစိုင်းထိန်စိုးသည် ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၊ လွှတ်တော် ကိုယ်စားလှယ်များ၊ ပြည်နယ် ဝန်ကြီးများနှင့်အတူ သွားရောက် တွေ့ဆုံအားပေး စကားပြောကြားသည်။

ကြည့်ရှုစစ်ဆေး

ထိုသို့သွားရောက်စဉ် ရပ်စောက် မြို့မှ ရေဘေးသင့်အိမ်ထောင်စုများ အတွက် ဆန်၊ ဆီ၊ သောက်ရေသန့်၊ စားသောက်ကုန်နှင့် ဆေးဝါးများ၊ လိုအပ်သော အသုံးအဆောင် ပစ္စည်းများနှင့် ဘေးအန္တရာယ် ဆိုင်ရာ စီမံခန့်ခွဲရေးဦးစီးဌာနက ထောက်ပံ့ပေးသည့် ကူညီ ကယ်ဆယ်ရေး ပစ္စည်းများကို ပေးအပ်ပြီး ရေဝင်ရောက်နေသည့် ဧဝေါ်ကျွဲမြစ် ချောင်းဘေးရှိ ရပ်ကွက် များကို သွားရောက်ကြည့်ရှု စစ်ဆေးသည်။

ထို့အတူ ကလောမြို့ အမှတ်(၅) ရပ်ကွက်မြို့မပရိယတ္တိစာသင်တိုက် ရှိရေဘေးသင့်ပြည်သူများအတွက် ဆန်၊ ဆီ၊ သောက်ရေသန့်၊ စားသောက်ကုန်၊ ဆေးဝါးများကို သွားရောက် ပေးအပ်သည်။

ထို့ပြင် ရေဝင်ရောက်ခဲ့သည့် ကလောမြို့ အမှတ်(၁)အခြေခံ ပညာ အထက်တန်းကျောင်း၊ မြို့နယ်ဥပဒေရုံး၊ လူဝင်မှုကြီးကြပ် ရေးနှင့် ပြည်သူ့အင်အားဝန်ကြီး ဌာနရုံး၊ မြို့တော်ခန်းမတို့တွင် ရေပြန်လည်ကျဆင်းသွားသဖြင့် သန့်ရှင်းရေး ဆောင်ရွက်နေမှုကို လည်းကောင်း၊ မောမြေဦးပန်း၌၊ ကလောချောင်းနှင့် ခရိုင်ပညာရေး ရုံးကို လည်းကောင်း၊ ရပ်ကွက်(၄) ကလော ချောင်းကူးတံတား၊ အမှတ်(၁)အခြေခံပညာအထက်တန်း ကျောင်း အုတ်တံတိုင်းပြိုလဲမှုကို လည်းကောင်း၊ အမှတ်(၄) ရပ်ကွက်ရှိ ပလောင်စျေးသန့်ရှင်းရေး ဆောင်ရွက်နေမှုကို လည်းကောင်း၊ အမှတ်(၄)ရပ်ကွက်၊ ကလောချောင်း မှတ်တိုင်(၁၄၇)မှ Fullmoon Hotel နောက် ကလောချောင်း အထိ ရေမြောင်းအသစ် တူးဖော် မည့်နေရာကို လည်းကောင်း၊ ကလောအင်းပြင် သစ်တော ပျိုးဥယျာဉ်ရှေ့ ကလောချောင်း ရေစီးဆင်းမှုကို လည်းကောင်း သွားရောက် ကြည့်ရှုစစ်ဆေးခဲ့ ကြောင်း သိရသည်။

မောင်မောင်သန်း(တောင်ကြီး)



အမရပူရမြို့နယ်အတွင်းမှ ရေဘေးသင့်ပြည်သူများအား ထောက်ပံ့ရေးပစ္စည်းများ ပေးအပ်

မန္တလေး ဩဂုတ် ၁၁

မန္တလေးတိုင်း ဒေသကြီး အမရပူရမြို့နယ်ရှိ ကျေးရွာပေါင်း ၁၄ ရွာတွင် ဒုဋ္ဌဝတီမြစ်ရေဝင်ရောက် မှုကြောင့် အဆိုပါကျေးရွာများမှ အိမ်ထောင်စုများကို မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ ဝင်များ၊ လူမှုကယ်ဆယ်ရေးအဖွဲ့ များ၊ ပရဟိတအဖွဲ့များနှင့် ဒေသခံ ပြည်သူများ စုပေါင်း၍ ရေလွတ်ရာ နေရာများသို့ ယာယီပြောင်းရွှေ့ နေထိုင်နိုင်ရန် ကူညီဆောင်ရွက် ပေးခဲ့ကြသည်။



ဒုဋ္ဌဝတီမြစ်ရေ ဝင်ရောက်မှု ကြောင့် အမရပူရမြို့နယ်အတွင်းရှိ တောင်ကိုင်း ကျေးရွာအုပ်စု၊ ကင်းဘက်ကျေးရွာအုပ်စု၊ တလင်း ကြီးကျေးရွာအုပ်စု၊ နတ်ရေကန် ကျေးရွာအုပ်စု၊ ဆေးအိုးဘိုကျေးရွာ အုပ်စု၊ ဥယျာဉ်တော်ကျေးရွာ အုပ်စု၊ ဘုန်းတော်နိုင်ငံကျေးရွာ အုပ်စု၊ ဖရဲကျွန်းကျေးရွာအုပ်စု၊ ရွှေကြက်ယက်ကျေးရွာအုပ်စုတို့မှ ကျေးရွာပေါင်း ၁၄ ရွာအတွင်း မြစ်ရေဝင်ရောက်ခဲ့ပြီး အိမ်ခြေ ၅၆၂ အိမ်၊ အိမ်ထောင်စု ၅၇၄ စု၊ လူဦးရေ ၁၉၈၇ ဦး ရေဘေးသင့် ခဲ့ကာ စိုက်ပျိုးမြေ ဧကရာစုစုပေါင်း ၄၄ ဧက ရေဝင်ရောက်မှုဖြစ်ပေါ်ခဲ့ သည်။

ယနေ့မွန်းလွဲပိုင်းက မန္တလေး တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်သည် တိုင်းဒေသကြီး ဝန်ကြီးများနှင့်အတူ ရေဘေးသင့် ပြည်သူများအား တောင်ကိုင်း ကျေးရွာအုပ်စု မြအင်းကျေးရွာရှိ မြရိပ်စိုမွှာရုံတွင် သွားရောက် တွေ့ဆုံအားပေးပြီး ရေဘေးသင့် ပြည်သူများထံ ထောက်ပံ့ရေး ပစ္စည်းများ ပေးအပ်ကြသည်။

ထို့ပြင် မြစ်ရေဝင် ရောက်ခဲ့ သည့် ကျေးရွာအုပ်စုများအတွင်း ရေပြန်လည် ကျဆင်းနေမှု အခြေအနေ၊ ရန်ကုန် - မန္တလေး ကားလမ်းရှိ မြစ်ငယ်တံတား ကြံခိုင်မှု အခြေအနေကိုလည်း သွားရောက် ကြည့်ရှုစစ်ဆေးခဲ့ ကြောင်း သိရသည်။

သတင်းစဉ်

○ မြန်မာ့လက်ရွေးစင်မှ

သန်းပိုင်သည် ရန်ကုန်ယူနိုက်တက်လူငယ်အသင်းမှ ထွက်ပေါ်လာသူ ဖြစ်ပြီး စီနီယာအသင်းတွင် ကာလအတန်ကြာကစားခဲ့သလို အသင်းဟောင်းသို့ ပြန်လည်ရောက်ရှိလာခြင်းဖြစ်သည်။ ၂၀၁၅ ယူ-၂၀ ကမ္ဘာ့ဖလားပြိုင်ပွဲဝင်ခွင့်ရ မြန်မာ ယူ-၁၉ အသင်းနှင့်အတူ ထင်ရှားလာသည့် တိုက်စစ်မှူးသန်းပိုင်သည် ၂၀၁၅ ခုနှစ်မှ ၂၀၂၀ ပြည့်နှစ်အထိ ရန်ကုန်ယူနိုက်တက်အသင်းတွင် ကစားခဲ့သလို ၂၀၁၇ ခုနှစ်တွင် ချင်းယူနိုက်တက်အသင်းတွင် အငှားသွားရောက်ကစားခဲ့ သူဖြစ်သည်။ ထို့ပြင် ၂၀၂၁ ခုနှစ်တွင် ရှမ်းယူနိုက်တက်အသင်းသို့ ပြောင်းရွှေ့ခဲ့သော်လည်း ယင်းနှစ်တွင် MNL ပြိုင်ပွဲ မကျင်းပဖြစ်သဖြင့် ကစားခွင့်မရဘဲ ၂၀၂၂ ခုနှစ်မှစတင်ကာ ပြည်ပကလပ်များတွင် သွားရောက်ကစားခဲ့သူဖြစ်သည်။ သန်းပိုင်သည် ၂၀၂၂ ခုနှစ်မှ ၂၀၂၆ ခုနှစ် နှစ်လယ်ပိုင်းအထိ ထိုင်းကလပ်များဖြစ်သည့် ကန်ချာနာဘူရီ အသင်း၊ ချင်းမိုင်ယူနိုက်တက်အသင်း၊ ကန်ချာနာဘူရီပါဝါအသင်းနှင့် ထရတ်အသင်းတို့တွင် ကစားခဲ့ခြင်းဖြစ်သည်။

သန်းပိုင်သည် ယခုနောက်ပိုင်းနှစ်များတွင် မြန်မာ့လက်ရွေးစင် အသင်းအတွက် ပုံမှန်ပါဝင်ခွင့်ရနေသူဖြစ်ပြီး ဂိုးများလည်းသွင်းယူ နေသူဖြစ်သည်။ အာဆီယံဟွန်ဒိုင်းဖလားပြိုင်ပွဲတွင် မြန်မာ့ လက်ရွေးစင်အသင်းအတွက် သုံးဂိုးသွင်းယူပေးခဲ့ပြီး မြန်မာ့ လက်ရွေးစင်အသင်းတွင် ခြေစွမ်းပြခဲ့သူများကို ပြည်တွင်းထိပ်တန်း ကလပ်အသင်းများက ခေါ်ယူရန် အပြိုင်ကြိုးပမ်းလျက်ရှိသည်။

သတင်း - ကိုညီလေး

ဓာတ်ပုံ - YUFC

ကမ္ဘာ့ဈေးကွက်တွင် အသုံးများလာသည့် ဝါးအခြေပြုထုတ်ကုန်များ

ဒေါက်တာမောင်အောင်

(ယမန်နေ့မှအဆက်)

ဒေသတွင်းနိုင်ငံများနှင့် နှိုင်းယှဉ်လေ့လာမည်ဆိုလျှင် ဝါးနှင့်ပတ်သက်၍ ကမ္ဘာ့ဈေးကွက်တွင် လွန်ခဲ့သည့် လေး၊ ငါးနှစ်အတွင်း သိသိသာသာ တိုးတက်လာသည့်နိုင်ငံမှာ ဗီယက်နမ်ဖြစ်ပြီး ထိုင်းနိုင်ငံမှာလည်း ပုံမှန်တိုးတက်မှုကိုဖော်ဆောင်နိုင်သည့်နိုင်ငံဖြစ်ပါသည်။ အထူးသဖြင့် ဗီယက်နမ်အနေဖြင့် ဝါး၊ ကြိမ် အခြေခံတန်ဖိုးမြင့် လက်မှုထုတ်ကုန်များနှင့် ပရိဘောဂများကို အမေရိကန်နိုင်ငံ၊ ဥရောပနိုင်ငံများနှင့် ဂျပန်နိုင်ငံတို့သို့ ဈေးနှုန်းအဖြင့်ဖြင့် တင်ပို့နိုင်ခဲ့ပြီး ထိုင်းနိုင်ငံအနေဖြင့် မျှစ်ကို အခြေပြု တန်ဖိုးမြင့်စားသောက်ကုန်များ တင်ပို့မှုအများဆုံးဖြစ်ပါသည်။





ဝါးခုတင်၊ ဝါးကုလားထိုင်နှင့် ဝါးခြင်းတောင်းများ ရက်လုပ်နေမှုကို တွေ့ရစဉ်။

မည်သို့ပင်ဆိုစေကာမူ စက္ကူနှင့် ပျော့ဖတ်ကုန်စည်များသည် ပြည်တွင်းလိုအပ်ချက်ဖြစ်သောကြောင့် မိမိက မထုတ်လုပ်နိုင်လျှင် တင်သွင်းရမည်သာဖြစ်ပါသည်။ ယေဘုယျကျကျ စဉ်းစားလျှင် အဆိုပါတင်သွင်းရသည့်ပမာဏ၏ တစ်စိတ်တစ်ဒေသကိုသာ ပြည်တွင်း၌ ရင်းနှီးထုတ်လုပ်မည်ဆိုလျှင် တင်သွင်းနေရသည့် နိုင်ငံ့ငွေပမာဏကို လျှော့ချနိုင်မည့်အပြင် အလုပ်အကိုင်နှင့် ကွင်းဆက်အကျိုးများပြီး ဈေးကွက်မှာလည်း သေချာပြီးသားဖြစ်၍ ပူစရာမလိုပါ။

အရေးကြီးသည်မှာ ပြည်တွင်းထုတ်လုပ်မှုလုပ်ငန်းများ အဆင်ပြေချောမွေ့စေရန် လုပ်ဆောင်ပေးမှသာဖြစ်နိုင်ပါသည်။ စက္ကူနှင့် ပျော့ဖတ်သွင်းကုန် အစားထိုးစက်မှုလုပ်ငန်းသာမက ကမ္ဘာ့ဈေးကွက်တွင် ဝါးအခြေခံတန်ဖိုးမြင့်ကုန်စည်များဖြစ်သည့် ပရိဘောဂများ၊ အဆင့်မြင့်ဝါး၊ ကြိမ်စက်မှုပစ္စည်းများ၊ ဝါးပါကေးနှင့် သစ်အစားထိုး ဝါးအခြေခံကုန်စည်များ၊ ဝါးလောင်စာတောင့်များ စသဖြင့် ကမ္ဘာ့ဈေးကွက်တွင် တန်ဖိုးမြင့်သည့် ထုတ်ကုန်များ ဦးစားပေး ထုတ်လုပ်တင်ပို့ရမည့် အချိန်ဖြစ်ပါသည်။

ပေါများသည့် သဘာဝအရင်းအမြစ် ဝါးအခြေခံထုတ်ကုန်များ ကမ္ဘာ့ဈေးကွက်တွင် ပိုမိုအသုံးပြုလာမှုကြောင့်လည်း အထူးဈေးကွက်များ ဖော်ဆောင်ပြီး နိုင်ငံတော်က အားပေးမြှင့်တင်မှုများ ပိုမိုလုပ်ဆောင်မည်ဆိုလျှင် လျင်မြန်စွာ တိုးတက်လာနိုင်သည့် လုပ်ငန်းဖြစ်၍ ပြည်သူများနှင့် နိုင်ငံ၏ အကျိုးစီးပွားကို မြှင့်တင်ပေးနိုင်မည်ဖြစ်ပါသည်။

ဝါးအခြေပြုထုတ်ကုန်များ၏ ကုန်သွယ်မှုအခြေအနေကိုကြည့်လျှင် ပြီးခဲ့သည့်နှစ်များတွင် အများဆုံးတင်ပို့သူမှာ တရုတ်နိုင်ငံဖြစ်ပြီး ယင်းနောက်တွင် ဗီယက်နမ်၊ အိန္ဒိယ၊ နယ်သာလန်နှင့် ထိုင်းနိုင်ငံတို့ဖြစ်ပါသည်။ တင်သွင်းသူများတွင် အမေရိကန်နိုင်ငံက အများဆုံးဖြစ်ပြီး နှစ်စဉ်ပျမ်းမျှ ဒေါ်လာသန်း ၁၃၀ ကျော်ဝယ်ယူလေ့ရှိရာ စုစုပေါင်း သွင်းကုန်တန်ဖိုး၏ ၂၃ ရာခိုင်နှုန်းခန့်ရှိပါသည်။ ယင်း၏ နောက်တွင် ကနေဒါ၊ ဖြိတ်န်၊ အီတလီ၊ တောင်ကိုရီးယား စသည်တို့ဖြစ်ပါသည်။

ဝါးထုတ်ကုန်များအနက် ကမ္ဘာ့ဈေးကွက်တွင် အဝယ်အများဆုံးမှာ ဆောက်လုပ်ရေးသုံးပစ္စည်းများက အများဆုံးဖြစ်ပြီး ယင်းနောက်တွင် ပရိဘောဂများနှင့် ကြမ်းခင်းဝါးထုတ်ကုန်များ၏ ဝယ်လိုအားတိုးတက်မှုမှာလည်း နှစ်စဉ် ၆ ဒသမ ၁ ရာခိုင်နှုန်းဖြစ်၍ တိုးတက်မှုနှုန်းအများဆုံးဖြစ်ပါသည်။ ဈေးကွက်ကြီးများအနက် အမေရိကန်နိုင်ငံ ပါဝင်သည့် မြောက်အမေရိကဈေးကွက်၏ တိုးတက်မှုအလားအလာကောင်းများရှိနေဆဲဖြစ်ပြီး အမေရိကန်နိုင်ငံအနေဖြင့် ဈေးကွက်တွင်လည်း အဓိက ဈေးကွက်အဖြစ် ဆက်လက်ရှိနေဦးမည်ဖြစ်ပါသည်။

ဥရောပဈေးကွက်တိုးတက်မှုနှုန်းမှာ (CAGR ၅ ဒသမ ၂ ရာခိုင်နှုန်း) ဖြစ်၍ မြင့်သည့်တိုးတက်မှုနှုန်းပင်ဖြစ်ပါသည်။ တောင်အမေရိကဈေးကွက် တိုးတက်မှုနှုန်း ၂ ဒသမ ၉ ရာခိုင်နှုန်းဖြစ်၍ တိုးတက်မှုနေးကွေးနေသေးပြီး အရှေ့အလယ်ပိုင်းနှင့် အာဖရိကဈေးကွက်များအနေဖြင့် ဝါးအခြေပြုထုတ်ကုန်များကို ပြည်ပမှသာ တင်သွင်းအသုံးပြုနေရသောကြောင့် လာမည့်နှစ်များတွင်လည်း သစ်အစားထိုးကုန်စည်များ ပိုမိုတင်သွင်းအသုံးပြုလာနိုင်ကြောင်း တွက်ချက်ဖော်ပြကြပါသည်။

ကမ္ဘာ့ဝါးထုတ်ကုန်များ၏ အသုံးဝင်မှု၊ အသုံးပြုမှုပုံစံ ပိုမိုများလာသည့်အပြင် ဝါးထုတ်ကုန်များကို ယခုအခါ အရည်အသွေးမြင့် တန်ဖိုးမြင့်စက်မှုအင်ဂျင်နီယာနည်းလမ်းသစ်များကြောင့်လည်း ဝါးထုတ်ကုန်များ ယခင်ကထက်အသုံးပြုမှု ပိုမိုကျယ်ပြန့်လာမည်ဖြစ်သလို တန်ဖိုးပါ သိသာစွာမြင့်တက်လာမည်ဖြစ်ပါသည်။

မြန်မာ့ဝါးထုတ်ကုန်ထုတ်လုပ်မှုနှင့် အလားအလာ

မြန်မာနိုင်ငံ၌ ဝါးတောများကို နိုင်ငံအနှံ့တွေ့ရကာ ပဲခူးရိုးမ၊ တနင်္သာရီ၊ ရခိုင်ဒေသတို့တွင် အများဆုံးတွေ့ရပြီး စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ မန္တလေးနှင့် ဧရာဝတီတိုင်းဒေသကြီး၊ မွန်နှင့် ကရင်ပြည်နယ်တို့တွင်လည်း တွေ့ရကာ ဝါးအမျိုးပေါင်း ၁၀၀ ကျော်ရှိပါသည်။

များသောအားဖြင့် သဘာဝအရပေါက်သည့် ဝါးပင်တောများဖြစ်ပြီး နောက်ပိုင်းတွင်မူ ဝါးစိုက်ခင်းများကို စနစ်တကျစိုက်ပျိုးလာမှုများတွေ့ရပါသည်။ အထူးသဖြင့် အကြီးမြန်သော ဝါးမျိုးများကို ရွေးချယ်စိုက်ပျိုးမှုများရှိလာပြီဖြစ်ပါသည်။ လက်တွေ့တွင်မူ ဝါးအခြေပြုထုတ်ကုန်များ ထုတ်လုပ်ပြီး ပြည်တွင်း၌သာ အများဆုံးအသုံးပြုကာ ပြည်ပတင်ပို့မှုကိုမူ အနည်းငယ်သာ လုပ်ဆောင်နိုင်သေးပါသည်။

ဆိုလိုသည်မှာ ဝါးထုတ်ကုန်များနှင့်ပတ်သက်၍ ရှိသည့်အရင်းအမြစ်များနှင့် နှိုင်းယှဉ်လျှင် များစွာနိမ့်ကျနေသေးကာ ဝါးထုတ်ကုန်ပို့ကုန်များအနေဖြင့် ဝါးလက်မှုပစ္စည်းများ၊ ဝါးအလုံးလိုက်၊ ဝါးဖျာ၊ ဝါးလောင်စာတောင့်နှင့် စားသောက်ကုန်အဖြစ် မျှစ်အစိုနှင့် အခြောက်တင်ပို့မှုသာလုပ်နိုင်သေးပြီး တန်ဖိုးအားဖြင့် နိမ့်ကျပါသည်။ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်တွင် တန်ချိန်အားဖြင့် ၂၆၅၀ ခန့်ရှိပြီး တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ သုည ဒသမ ၆၇၇ သန်းသာရှိသည့်အတွက် များစွာနည်းပါးပါသည်။ အဓိကတင်ပို့သည့် ဈေးကွက်မှာ အိန္ဒိယ၊ တရုတ်၊ ပါကစ္စတန်၊ ဂျပန်၊ ထိုင်း၊ ဥရောပနိုင်ငံများ၊ ရုရှား စသည်တို့ကို တင်ပို့ပါသည်။

မြန်မာနိုင်ငံအနေဖြင့် ဝါးအခြေပြုထုတ်ကုန် အမျိုးမျိုးကို ထုတ်လုပ်နိုင်သော်လည်း အများစုမှာ သမားရိုးကျနည်းပညာဖြင့် ထုတ်လုပ်၍ ပြည်တွင်းတွင်သာ အဓိကသုံးစွဲနေပြီး ဝါးအခြေပြု ထုတ်ကုန်များစွာနည်းပါးပါသည်။ ထို့ပြင် ဝါးကိုအခြေပြုသည့် စက်မှုထုတ်ကုန်ဖြစ်သော စက္ကူနှင့် ပျော့ဖတ် ထုတ်လုပ်မှုအားနည်းနေသေးပြီး အများစုကို တန်ဖိုးကြီးစွာ ပြည်ပမှတင်သွင်းနေရဆဲဖြစ်ပါသည်။

အနာဂတ် ကမ္ဘာ့ဈေးကွက်အလားအလာမှာလည်း တန်ဖိုးမြင့် ဝါးအခြေပြုစက်မှုထုတ်ကုန်များ ပိုမိုထွန်းကားလာတော့မည်ဖြစ်၍ မြန်မာအနေဖြင့် လက်ရှိ မိရိုးဖလာထုတ်လုပ်မှုပုံစံမှ ကမ္ဘာ့ဈေးကွက်မှတောင်းဆိုသည့် တန်ဖိုးမြင့်ထုတ်ကုန်များပြောင်းလဲနိုင်ရန် အထူးကြိုးစားသင့်သည့်အချိန်ဖြစ်ပါသည်။ ။

ရည်ညွှန်း

-CEEW : Bamboo Based Products https://www.ceew.in>sites>default> files>...

-FAO : Bamboo Products and Trade https://www.fao.org>...

-Forest Department : Investigation in physical and mechanical properties of … https://www.forestdepart ment.gov.mm

-Fortune Business Insight : Bamboo market-102314, 2026 https://www.fortunebusinessinsight.com

-Green View Research : Bamboo; Market Size, Share and Growth Report, 2026–2033 https://www.greenviewresearch.com>industry...

-MDFI : Bamboo for future : From Traditional use to Industry 5.0 https://www.mdfi.com>...

-MRBEA : Myanmar Ratan and Bamboo Enterprises Association https://burmacrafts.org

-World Bank Group : 12 exports by country–2015 https://www.worldbank.org > partner> WLD>product

“မြန်မာနိုင်ငံအနေဖြင့် ဝါးအခြေပြုထုတ်ကုန်အမျိုးမျိုးကို ထုတ်လုပ်နိုင်သော်လည်း အများစုမှာ သမားရိုးကျနည်းပညာဖြင့် ထုတ်လုပ်၍ ပြည်တွင်းတွင်သာ အဓိကသုံးစွဲနေပြီး ဝါးအခြေပြုထုတ်ကုန်များစွာ နည်းပါးပါသည်။ ထို့ပြင် ဝါးကိုအခြေပြုသည့် စက်မှုထုတ်ကုန်ဖြစ်သော စက္ကူနှင့် ပျော့ဖတ် ထုတ်လုပ်မှုအားနည်းနေသေးပြီး အများစုကို တန်ဖိုးကြီးစွာ ပြည်ပမှတင်သွင်း နေရဆဲဖြစ်ပါသည်။

အနာဂတ် ကမ္ဘာ့ဈေးကွက်အလားအလာမှာလည်း တန်ဖိုးမြင့် ဝါးအခြေပြု စက်မှုထုတ်ကုန်များ ပိုမိုထွန်းကားလာတော့မည်ဖြစ်၍ မြန်မာအနေဖြင့် လက်ရှိ မိရိုးဖလာထုတ်လုပ်မှုပုံစံမှ ကမ္ဘာ့ဈေးကွက်မှတောင်းဆိုသည့် တန်ဖိုးမြင့်ထုတ်ကုန်များပြောင်းလဲနိုင်ရန် အထူးကြိုးစားသင့်သည့်အချိန်ဖြစ်”



(၂၃)ကြိမ်မြောက် တရုတ်-အာဆီယံကုန်စည်ပြပွဲတွင် ပဲခူးတိုင်းဒေသကြီးအတွင်းမှ ထွက်ရှိသည့် ဒေသထွက်ကုန်များ ပါဝင်ခင်းကျင်းပြသသွားမည်

ပဲခူး ဩဂုတ် ၁၁

(၂၃)ကြိမ်မြောက် တရုတ်-အာဆီယံကုန်စည်ပြပွဲတွင် ပဲခူးတိုင်းဒေသကြီးအတွင်းမှ ထွက်ရှိသည့် ဒေသထွက်ကုန်များ ပါဝင်ခင်းကျင်းပြသသွားမည်ဖြစ်ကြောင်း MSME ထုတ်ကုန်များ သွားရောက်ပြသနိုင်ရေး ညှိနှိုင်းအစည်းအဝေးမှ သိရသည်။

အဆိုပါ (၂၃)ကြိမ်မြောက် တရုတ်-အာဆီယံကုန်စည်ပြပွဲတွင် MSME ထုတ်ကုန်များ သွားရောက်ပြသနိုင်ရေးညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းက တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး တော်ဝင်ဟံသာအစည်းအဝေးခန်းမ၌ ကျင်းပခဲ့ခြင်းဖြစ်ပြီး ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းက ဆန်စပါးနှင့် ပဲအမျိုးမျိုးထွက်ရှိသည့် တိုင်းဒေသကြီးဖြစ်၍ တန်ဖိုးမြင့်ဆန်နှင့် ပြည်ပပို့ကုန် အဆင့်မီသော တန်ဖိုးမြင့်ပဲအမျိုးမျိုးကို တိုက်ရိုက်ချိတ်ဆက်တင်ပို့ရောင်းချနိုင်ရေး Information Center တစ်ခု ထည့်သွင်းပြသရန် ပြောကြားသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးများက ပြခန်းများခင်းကျင်းပြသနိုင်ရေး၊ ပြည်ပဝယ်ယူကွက် ခိုင်မာစွာ ရရှိရေး၊ (၂၃)ကြိမ်မြောက် တရုတ်-အာဆီယံကုန်စည်ပြပွဲခရီးစဉ်နှင့် ခင်းကျင်းပြသသွားမည့် MSME ဒေသထွက်ကုန်ပစ္စည်းများ၏အခြေအနေတို့ကို ရှင်းလင်းတင်ပြပြီး တောင်ငူကုန်ပျဉ်းတာတက္ကသိုလ်နှင့် ပြည်ကုန်ပျဉ်းတာတက္ကသိုလ်တို့မှ ဒေသထွက်ကုန်များကို တစ်နေရာတည်း လွယ်ကူစွာ ချိတ်ဆက်မှာယူနိုင်ရေး Bagoproductzone Website နှင့် Mobile Application တည်ဆောက်ပြီးစီး၍ e-Service ဖြင့် စတင်ဆောင်ရွက်နိုင်သည့် အခြေအနေတို့ကို ရှင်းလင်းတင်ပြကြသည်။

အလားတူ ဌာနဆိုင်ရာများက (၂၃)ကြိမ်မြောက် တရုတ်-အာဆီယံကုန်စည်ပြပွဲတွင် ပုဂ္ဂလိက MSME လုပ်ငန်းရှင်များ လိုက်ပါပြသနိုင်ရေး ပေါင်းစပ်ဆောင်ရွက်ပေးမည့်အခြေအနေနှင့် ပုဂ္ဂလိက MSME လုပ်ငန်းရှင်များက ပြသသွားမည့်ကုန်စည်တစ်ခုချင်း အလိုက် ရှင်းလင်းတင်ပြကြရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က လိုအပ်သည်များ ဖြည့်စွက်ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။

တိုင်းဒေသကြီး(ပြန်/ဆက်)

နည်းပညာတက္ကသိုလ်(မကွေး)၌ ၃၄ ဦးဆုံ သုံးထပ် RCC ဆရာ ဆရာမဆောင် ပန္နက်တင်မင်္ဂလာအခမ်းအနား ကျင်းပ

မကွေး ဩဂုတ် ၁၁

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန အဆင့်မြင့်သိပ္ပံနှင့် နည်းပညာဦးစီးဌာန နည်းပညာတက္ကသိုလ် (မကွေး)၌ သုံးထပ် RCC ဆရာ ဆရာမဆောင် ဆောက်လုပ်ခြင်းလုပ်ငန်းနှင့် ပြင်ပရေဂါလန် ဖြဝဝဝ ဆုံ မြေအောက်ရေလှောင်ကန်၊ (၆ ပေ ၉ လက်မ x ၅ ပေ)အကျယ်ရှိ ရေစက်အိမ်တည်ဆောက်ခြင်း၊ ပြင်ပမီးသွယ်တန်းခြင်း၊ (၁၀၀ ပေ x ၁၂ ပေ x ၈ လက်မ) ကွန်ကရစ်အဝင်လမ်း ခင်းကျင်းခြင်းလုပ်ငန်းများကို ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်အတွင်း အပြီးတည် ဆောက်သွားမည်ဖြစ်ကြောင်း သိရသည်။

၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်အတွင်း အပြီးတည်ဆောက်မည့် ၃၄ ဦးဆုံ သုံးထပ် RCC ဆရာ ဆရာမများဆောင် မင်္ဂလာပန္နက်တင်အခမ်းအနားကို ယမန်နေ့နံနက် ၈ နာရီခွဲက အဆိုပါတက္ကသိုလ်၌ ကျင်းပရာ မင်္ဂလာအချိန်တွင် တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်ကိုကိုနှင့် တိုင်းဒေသကြီး ဝန်ကြီးများက သတ်မှတ်နေရာအသီးသီး၌ မင်္ဂလာပန္နက်ရိုက်စိုက်ထူပေးကြပြီး အမွေးနုံသာရည်များပက်ဖျန်းပေးကာ သုံးထပ် RCC ဆရာ ဆရာမဆောင်တည်ဆောက်မည့်နေရာနှင့် ပြင်ဆင်ဆောင်ရွက်ထားရှိမှုများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

နိဒါန်းအတွက် လိုအပ်လျက်ရှိသောအင်ဂျင်နီယာလူစွမ်းအားအရင်းအမြစ်များကို နှစ်စဉ်မွေးထုတ်ပေးလျက်ရှိသည့် နည်းပညာတက္ကသိုလ်(မကွေး)တွင် အရာထမ်း၊ အမှုထမ်း စုစုပေါင်း ၁၆၃ ဦးရှိပြီး အိပ်ဆောင်ငါးလုံး၌ နေရာချထားပေးလျက်ရှိရာ ယခုအိပ်ဆောင်သစ် တည်ဆောက်ပြီးစီးပါက တာဝန်ထမ်းဆောင်လျက်ရှိသော ဆရာ ဆရာမများအနေဖြင့် ပိုမိုကျယ်ဝန်း အဆင်ပြေစွာ နေထိုင်နိုင်မည်ဖြစ်ကြောင်း သိရသည်။

မောင်ခိုင်မင်း(ပြန်/ဆက်)



အောင်လံမြို့၌ ကျောင်းကျန်းမာရေးသီတင်းပတ်လှုပ်ရှားမှု သရုပ်ပြပွဲနှင့် အစားအစာ ငါးမျိုးမှ ဗီတာမင်အေ ရွေးချယ်ပြုံင်ပွဲ ကျင်းပ

အောင်လံ ဩဂုတ် ၁၁

မကွေးတိုင်းဒေသကြီး အောင်လံမြို့နယ်တွင် ၂၀၂၆-၂၀၂၇ ပညာသင်နှစ် ကျောင်းကျန်းမာရေးသီတင်းပတ်လှုပ်ရှားမှု သရုပ်ပြပွဲနှင့် အစားအစာ ငါးမျိုးမှ ဗီတာမင်အေ ရွေးချယ်ပြုံင်ပွဲ အခမ်းအနားကို ယနေ့နံနက် ၉ နာရီက ဇေယျဝတီရပ်ကွက်ရှိ အခြေခံပညာမူလတန်းကျောင်း (အမက-၂) ၌ ကျင်းပသည်။



ဦးစွာ ခရိုင်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာထွန်းလင်းအောင်က ဗီတာမင်အုပ်စုများ၏ အကျိုးအာနိသင်နှင့် အရေးပါပုံ၊ ဗီတာမင်အေသည် ကလေးငယ်များ၏ အမြင်အာရုံဖွံ့ဖြိုးမှု၊ ခန္ဓာကိုယ်ကြီးထွားမှုနှင့် ကူးစက်ရောဂါများမှ ကာကွယ်ပေးနိုင်သည့် ကိုယ်ခံအားစနစ်အတွက် မရှိမဖြစ်လိုအပ်ကြောင်း အသိပညာပေး ဆွေးနွေးပြောကြားသည်။

ထို့နောက် အမက(၂)မှ ကျောင်းသား ကျောင်းသူများက ကျန်းမာရေးအလေ့အကျင့် ကောင်းများဖြစ်သည့် စနစ်မှန်လက်ဆေးနည်းများနှင့် စနစ်မှန်သွားတိုက်နည်းများကို လက်တွေ့သရုပ်ပြသကြပြီး အစားအစာငါးမျိုးထဲမှ ဗီတာမင်အေဓာတ် ပါဝင်သည့် အစားအစာအား မှန်ကန်စွာ ရွေးချယ်သည့် ပြိုင်ပွဲကို ယှဉ်ပြိုင်ခဲ့ကြသည်။

ယင်းနောက် ပြိုင်ပွဲတွင် ဆုရရှိကြသည့် ကျောင်းသား ကျောင်းသူများအား မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်နွယ်ဇာထွန်းနှင့် အဖွဲ့ဝင်များ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ ကျန်းမာရေးဌာနမှ တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ကြပြီး လက်တွေ့သရုပ်ပြမှုတွင် ပါဝင်အားဖြည့်ခဲ့သည့် ကျောင်းသား ကျောင်းသူများအားလုံးကို သွားတိုက်ဆေးနှင့် သွားတိုက်တံ လက်ဆောင်များကို အခမဲ့ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

အာကာ(ပြန်/ဆက်)

ပျဉ်းမနားမြို့နယ်၌ လူငယ်ရေးရာအသိပညာပေးဟောပြော

ပျဉ်းမနား ဩဂုတ် ၁၁

ပျဉ်းမနားမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ပညာပန်းတိုင်ကိုယ်ပိုင်အထက်တန်းကျောင်းတို့ ပူးပေါင်းကျင်းပသည့် လူငယ်ရေးရာအသိပညာပေးဟောပြောပွဲကို ယမန်နေ့မွန်းလွဲပိုင်းတွင် သုခစိုးဟိုတယ်ခန်းမ၌ ကျင်းပသည်။

ဦးစွာ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်တင်တင်ချိုက ဟောပြောပွဲကျင်းပရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားပြီး စာရေးဆရာကြီး အကြီးကိုကိုက "တန်ဖိုးရှိတဲ့လူ တန်ဖိုးရှိတဲ့နိုင်ငံ" ခေါင်းစဉ်ဖြင့် လူငယ်ရေးရာအသိပညာပေးဟောပြောကာ မေးခွန်းမေးမြန်းဆွေးနွေးခဲ့ကြသည့် ကျောင်းသား ကျောင်းသူများအား အမှတ်တရလက်ဆောင်နှင့် ကိုယ်တိုင်ရေးစာအုပ်များကို ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)



ပန်းဘဲတန်းမြို့နယ်၌ အခြေခံမီးသတ်ပညာသင်တန်းဖွင့်

ရန်ကုန် ဩဂုတ် ၁၁

ရန်ကုန်တိုင်းဒေသကြီး ပန်းဘဲတန်းမြို့နယ် သီးသန့်မီးသတ် တပ်ဖွဲ့ဝင်များ အကြိုအခြေခံမီးသတ်ပညာသင်တန်း(၁/၂၀၂၆)ကို ရန်ကုန်တိုင်းဒေသကြီး မီးသတ်ဦးစီးဌာနနှင့် ရွှေတောင်ကုမ္ပဏီလိမိတက်တို့ ပူးပေါင်း၍ ယမန်နေ့နံနက်ပိုင်းတွင် Pan Pacific Hotel ၌ သင်တန်းဖွင့်ပွဲ ကျင်းပသည်။

သင်တန်းဖွင့်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီး မီးသတ်ဦးစီးမှူး ဦးမင်းစမ်းအေးက အမှာစကားပြောကြားပြီး မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးထွန်းကျော်နိုင်နှင့် အဖွဲ့ဝင်များ တက်ရောက်ကြကာ မီးသတ်ပညာရပ်များ ရှာဖွေကယ်ဆယ်ရေးဘာသာရပ်များကို ဩဂုတ် ၁၀ ရက်မှ ၂၁ ရက်အထိ သင်ကြားပို့ချမည်ဖြစ်ကြောင်းနှင့် သင်တန်းသား သင်တန်းသူ ၅၀ တက်ရောက်ခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

ကျုံပျော်မြို့၌ ရေစီးရေလာကောင်းမွန်စေရေး ရေနုတ်မြောင်း တူးဖော်



ကျုံပျော် ဩဂုတ် ၁၁

ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က ယနေ့တွင် အောင်ဆန်းရပ်ကွက် နှင်းဆီလမ်း အထက(၁)နံဘေးရှိ ရေနုတ်မြောင်းအား တူးဖော်ဆယ်ယူခြင်းလုပ်ငန်းများ ဆောင်ရွက်သည်။

အဆိုပါ ရေနုတ်မြောင်းသည် အရှည် ပေ ၁၆၀၀ ရှိပြီး ရေနုတ်မြောင်းအား လူအင်အား၊ စက်ယန္တရားအင်အားဖြင့် တူးဖော်ဆယ်ယူခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့ရာ မြို့မိ မြို့ဖများ၊ စည်ပင်သာယာရေးအဖွဲ့အမှုဆောင်အရာရှိနှင့် ဝန်ထမ်းများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများက ပူးပေါင်းပါဝင်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ နေဝင်းမြင့်(ပြန်/ဆက်)

ပညာ

၂၀၂၆-၂၀၂၇ ပညာသင်နှစ်
ကျောင်းကျန်းမာရေးသီတင်းပတ်လှုပ်ရှားမှုများ
(၁၀-၈-၂၀၂၆) ရက်နေ့မှ (၁၄-၈-၂၀၂၆) ရက်နေ့ထိ

၁။ ကျောင်းအခြေပြု ကျန်းမာရေး အသိပညာမြှင့်တင်ရေးလုပ်ငန်း၊
၂။ ကျောင်းပတ်ဝန်းကျင်သန့်ရှင်းရေးလုပ်ငန်း၊
၃။ ကျောင်းကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်း၊
၄။ ကျောင်းအခြေပြု ရောဂါကာကွယ်ရေးလုပ်ငန်း၊
၅။ ကာယပညာနှင့် အားကစားလုပ်ငန်း၊
၆။ ကျောင်းတွင်း အာဟာရဖွံ့ဖြိုးရေးနှင့် အစားအစာများ အန္တရာယ် ကင်းဝေးရေးလုပ်ငန်း၊
၇။ ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုနှင့် ကျောင်းမှပြည်သူတွင်းသို့ မူမှန်လူနေမှုဘဝဟန်များ ရောက်ရှိရေးလုပ်ငန်း၊
၈။ နှစ်သိမ့်ပညာပေးဆွေးနွေးခြင်းနှင့် လူမှုရေးပံ့ပိုးမှုလုပ်ငန်း၊
၉။ သင်တန်းနှင့် သုတေသနလုပ်ငန်း။

ကျန်းမာရေးဝန်ကြီးဌာန
အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ်များ
၂၀၂၆ ခုနှစ်၊ ဩဂုတ်လ

ပထမပတ် - မိခင်နို့ တိုက်ကျွေးရေးရက်သတ္တပတ်
ဒုတိယပတ် - အသက် (၅) နှစ်အောက် ကလေးများနှင့် ကျောင်းသားလူငယ်များ အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်
တတိယပတ် - ကိုယ်ဝန်ဆောင်နှင့် နို့တိုက်မိခင်များ အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ်
စတုတ္ထပတ် - အိုင်အိုဒင်းချို့တဲ့ရောဂါများ ပပျောက်ရေးရက်သတ္တပတ်

ရောဝတီ-မြစ်ဆုံမြစ်ညာမြစ်ဝှမ်း ရေအားလျှပ်စစ်စီမံကိန်းဆိုင်ရာအချက်အလက်များ ရှင်းလင်းဆွေးနွေးပွဲကျင်းပ

မြစ်ကြီးနား ဩဂုတ် ၁၁

ရောဝတီ - မြစ်ဆုံမြစ်ညာမြစ်ဝှမ်း ရေအားလျှပ်စစ်စီမံကိန်းနှင့်စပ်လျဉ်း၍ အင်ဂျင်နီယာနည်းပညာဆိုင်ရာ တွေ့ရှိချက်များ၏ အားသာချက်များ၊ ပြည်သူလူထု တွေ့ဆုံဆွေးနွေးပွဲများအပေါ် ပြည်သူများ၏ မေးမြန်းဆွေးနွေးမှုအများဆုံးနှင့် စိုးရိမ်ပူပန်သည့်အချက်များအပေါ် ပြန်လည်ရှင်းလင်းဆွေးနွေးခဲ့မှု၊ လျှပ်စစ်ရရှိမှုနှင့် စီးပွားရေး၊ လူမှုရေးအခွင့်အလမ်းဆိုင်ရာ တိုးတက်လာမှုအပေါ် တွေ့ရှိချက်များ၊ တရုတ်နိုင်ငံ၏နည်းပညာနှင့် ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာတွေ့ရှိချက်များနှင့် စပ်လျဉ်း၍ ဒေသခံကော်မတီအဖွဲ့ဝင်များ၏ ရှင်းလင်းဆွေးနွေးမှုအပေါ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များက သိရှိလိုသည်များကို မေးမြန်းကြရာ ဒေသခံကော်မတီအဖွဲ့ဝင်များက ပြန်လည်ရှင်းလင်းဖြေကြားခဲ့ကြကြောင်း သိရသည်။



ရောဝတီ - မြစ်ဆုံမြစ်ညာမြစ်ဝှမ်း ရေအားလျှပ်စစ်စီမံကိန်းဆိုင်ရာ အချက်အလက်များနှင့် စပ်လျဉ်း၍ကချင်ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များအား ဒေသခံကော်မတီအဖွဲ့ဝင်များက ရှင်းလင်းဆွေးနွေးခြင်းကို ယနေ့မွန်းလွဲပိုင်းတွင် ပြည်နယ်လွှတ်တော်ရုံး၌ ကျင်းပရာ ထိုသို့ဆွေးနွေးပြောကြားခဲ့ကြခြင်းဖြစ်သည်။

ထို့ပြင် ပြည်နယ်ဒေသခံကော်မတီအဖွဲ့ခေါင်းဆောင်နှင့် ဒေသခံကော်မတီအဖွဲ့ဝင် ပြည်နယ်သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးက ဒေသခံကော်မတီ၏ လုပ်ငန်းဆောင်ရွက်နေမှုနှင့် ရောဝတီ-မြစ်ဆုံမြစ်ညာမြစ်ဝှမ်း ရေအားလျှပ်စစ်စီမံကိန်းဆိုင်ရာ အချက်အလက်များ၊ မြေလျင်ကြီးများအကြောင်း၊ မြန်မာနိုင်ငံနှင့် ဘူမိဗေဒဆိုင်ရာ တွေ့ရှိချက်တို့ကို ဆွေးနွေးသည်။

အဆိုပါအခမ်းအနားသို့ ကချင်ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်နှင့် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၊ ပြည်နယ်ဝန်ကြီးများတက်ရောက်ကြသည်။

ယမန်နေ့မွန်းလွဲပိုင်းက ကချင်ပြည်နယ်အတွင်းရှိ ဌာနေတိုင်းရင်းသားမျိုးနွယ်စုများဖြစ်သည့် ကချင်ခြောက်မျိုး၊ ရှမ်းငါးမျိုးအပြင် ကျန်တိုင်းရင်းသားမျိုးနွယ်စုများဖြစ်သည့် ဗမာ၊ ရခိုင်၊ ချင်း၊ ကရင်၊ နာဂ စသည့် တိုင်းရင်းသား မျိုးနွယ်စုများအားလုံးပါဝင်စေသည့် ကချင်ပြည်နယ်ဝန်ကြီးချုပ်ဖလား တိုင်းရင်းသားမျိုးနွယ်စုပေါင်းစုံ အမျိုးသားဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲကို ပြည်နယ် ဘောလုံးကွင်း၌ ကျင်းပသည်။ ဗိုလ်လုပွဲစဉ်အဖြစ် ဂျိမ်းဖော အသင်းနှင့် တိုင်းလေအသင်းတို့၏ ယှဉ်ပြိုင်ကစားမှုကို ကြည့်ရှုအားပေးကြရာ ဂျိမ်းဖောအသင်းက လေးဂိုး- ဂိုးမရှိဖြင့် အနိုင်ရရိုလ်စွသည်။

ဆုချီးမြှင့်ပွဲအခမ်းအနားတွင် ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ပြိုင်ပွဲဖြစ်မြောက်ရေးအတွက် ပါဝင်ကူညီပေးကြသည့် ဒိုင်အဖွဲ့နှင့် အဖွဲ့အစည်းများအား ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ချီးမြှင့်ငွေများပေးအပ်ပြီး ဆုရရှိသည့်အသင်းများကို တစ်ဦးချင်း လည်ဆွဲဆုတံဆိပ်များ၊ ဂုဏ်ပြုချီးမြှင့်ငွေနှင့် တံခွန်စိုက်ဆုဖလားတို့ကို ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။ ပြည်နယ်(ပြန်/ဆက်)

ကျေးလက်ဒေသဖွံ့ဖြိုးရေးစီမံကိန်းနှင့် လုပ်ငန်းများလျာထားဆောင်ရွက်ရာတွင် ထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်စေရေး လုပ်ငန်းညှိနှိုင်းစည်းဝေး

တွံတေး ဩဂုတ် ၁၁

ရန်ကုန်တိုင်းဒေသကြီး တွံတေးမြို့နယ် ရန်ကင်းကျေးရွာ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတွင် ကျေးလက်ဒေသဖွံ့ဖြိုးရေး စီမံကိန်းနှင့် လုပ်ငန်းများ လျာထားဆောင်ရွက်ရာတွင် ထိရောက်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်စေရေး သက်ဆိုင်ရာလွှတ်တော်ကိုယ်စားလှယ်များ၊ စီမံကိန်းရေးဆွဲရေးကော်မတီဝင်များနှင့် ညှိနှိုင်းပြုလုပ်ခြင်းကို ယနေ့ နံနက်ပိုင်းက အဆိုပါဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။



ဦးစွာ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းမြင့်က ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများနှင့် စပ်လျဉ်း၍ လုပ်ငန်းလျာထားနိုင်ရေး အမှာစကားပြောကြားသည်။ ဆက်လက်၍ ရန်ကုန်တိုင်းဒေသကြီး ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန တိုင်းဒေသကြီး ဦးစီးမှူး ဦးမျိုးက အစည်းအဝေး ကျင်းပရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းတင်ပြပြီး ရန်ကုန်တိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူး ဦးစောကြည်က လုပ်ငန်းလျာထားမှုများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ တွံတေးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးနှင့် ကျေးလက်လမ်းဖွံ့ဖြိုးရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူးတို့က လျာထားဆောင်ရွက်မည့် လုပ်ငန်းများအကြောင်း တင်ပြဆွေးနွေးသည်။

ယင်းနောက် တင်ပြချက်များအပေါ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းမြင့်၊ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များ ဖြစ်ကြသည့် ဦးနေဝင်းနှင့် ဒေါ်စုစုမင်းတို့က အကြံပြုဆွေးနွေးသည်။

ထို့နောက် တက်ရောက်လာကြသည့် မြို့နယ်အဆင့် စီမံကိန်းရေးဆွဲ အကောင်အထည်ဖော်ရေးကော်မတီဝင်များက အကြံပြုဆွေးနွေးကြကြောင်း သိရသည်။

မျိုးလှိုင်(တွံတေး)

စားအုန်းဆီအရောင်းဆိုင်များအား ကွင်းဆင်းစစ်ဆေး

မင်းလှ ဩဂုတ် ၁၁

ပဲခူးတိုင်းဒေသကြီး မင်းလှမြို့နယ်တွင် မြို့နယ်စားအုန်းဆီရောင်းချမှုစောင့်ကြည့်ကြပ်မတ်ရေးအဖွဲ့က စားအုန်းဆီလက်လီလက်ကားဖြန့်ဖြူးရောင်းချလျက်ရှိသော အရောင်းဆိုင်များ၌ ရည်ညွှန်းစျေးနှုန်းနှင့်အညီ ရောင်းချခြင်း ရှိ/မရှိ ကွင်းဆင်းစစ်ဆေးသည်။

မြို့နယ်စားအုန်းဆီရောင်းချမှု စောင့်ကြည့်ကြပ်မတ်ရေးအဖွဲ့ခေါင်းဆောင် ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးဘုန်းနိုင် ဦးဆောင်၍ မြို့နယ်စီမံကိန်းရေးဆွဲရေးဦးစီးဌာန၊ မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာန၊ မြို့နယ်မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၊ မြို့နယ်ရဲတပ်ဖွဲ့တို့က စားသုံးသူရေးရာဦးစီးဌာန၊ မြို့နယ်ဆီအသင်း ဥက္ကဋ္ဌတို့နှင့် ပူးပေါင်း၍ စားအုန်းဆီဖြန့်ဖြူးရောင်းချသည့်ဆိုင်များတွင် ရည်ညွှန်းစျေးအတိုင်း ဗီနိုင်းများချိတ်ဆွဲ ဖြန့်ဖြူးရောင်းချမှု ရှိ/မရှိ၊ အလေးချိန်မှန်ကန်မှု ရှိ/မရှိနှင့် ရရှိသော ဆီပိသာချိန်ခွဲတမ်းများကို ပြည်သူများထံ အမှန်တကယ်ရောင်းချမှု ရှိ/မရှိတို့ကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။ ပေါက်စ(မင်းလှ)



သက်ရှည်ကျန်းမာဖို့ စားသုံးဆီကို တတ်နိုင်သမျှ လျှော့စားစို့

ဂျပန်ပြည်တွင်းထုတ် မီချီဘီကို ၇ ဂြိုဟ်တုအား အောင်မြင်စွာလွှတ်တင်

တိုကျို ဩဂုတ် ၁၁

ဂျပန်ပြည်တွင်းထုတ် ဂြိုဟ်တု မီချီဘီကို ၇ အား အာကာသ အတွင်းသို့ ဩဂုတ် ၁၁ ရက် နံနက်ပိုင်းက အောင်မြင်စွာလွှတ်တင်ခဲ့ကြောင်း သိရသည်။

အဆိုပါဂြိုဟ်တုအား အိပ်ချ် ၃ဒုံးကျည်တွင် သယ်ဆောင်၍ ဂျပန်နိုင်ငံ အနောက်တောင်ပိုင်း ကာဂိုရှိမာစီရင်စု တန်ဂါရှီမာ အာကာသစခန်းမှ ဂျပန်စံတော်ချိန် နံနက် ၄ နာရီတွင် လွှတ်တင်ခဲ့ခြင်းဖြစ်သည်။

အဆိုပါဂြိုဟ်တု လွှတ်တင်ပြီး ၂၉ မိနစ်အကြာတွင် အာကာသပတ်လမ်းအတွင်းသို့ ရောက်ရှိခဲ့သည်။ ဂျပန်နိုင်ငံသည် ယခင်ကလည်း မီချီဘီကို ဂြိုဟ်တုများကို အာကာသ အတွင်းသို့ လွှတ်တင်ခဲ့ကြောင်းနှင့် လက်ရှိအချိန်တွင် အာကာသ အတွင်း မီချီဘီကို ဂြိုဟ်တုငါးစင်းရှိကြောင်း သိရသည်။ အဆိုပါ ဂြိုဟ်တုများသည် စမတ်ဖုန်းများ၏ တည်နေရာဆိုင်ရာ အချက်အလက်များနှင့် ဆက်သွယ်ရခက်ခဲသည့်ဒေသများအတွက် မြေလျင်ဆိုင်ရာ သတိပေးချက်များကို ပေးပို့ကြောင်း သိရသည်။

ဂျပန်အစိုးရသည် ပြည်တွင်း ဘူမိတည်နေရာ ရှာဖွေရေး စနစ်များကို အားကောင်းစေရေးအတွက် မူလက မီချီဘီကို ဂြိုဟ်တုခုနစ်စင်းအား အာကာသအတွင်းသို့ လွှတ်တင်ရန် ဆောင်ရွက်ခဲ့သော်လည်း ယမန်နှစ်က မီချီဘီကို ၅ အား လွှတ်တင်ရာတွင် လွှတ်တင်မှုမအောင်မြင်ခဲ့ကြောင်း သိရသည်။

ကိုးကား - အင်နှစ်အိတ်ချ်ကေ

ဘာသာပြန် - စိုးသူရ



ကွန်ဂိုဒီမိုကရက်တစ်သမ္မတနိုင်ငံ၌ အီဘိုလာရောဂါကြောင့် သေဆုံးသူ ၂၀၀၀ ကျော်ရှိလာ



ကင်ရှာဆာ ဩဂုတ် ၁၁

ကွန်ဂိုဒီမိုကရက်တစ်သမ္မတ နိုင်ငံတွင် အီဘိုလာရောဂါကြောင့် သေဆုံးသူ အရေအတွက် ၂၀၀၀ ကျော်ရှိလာကြောင်း ကျန်းမာရေးတာဝန်ရှိသူများ၏ ဩဂုတ် ၁၁ ရက်ထုတ်ပြန်ချက်အရ သိရသည်။ နိုင်ငံအတွင်း အတည်ပြုကူးစက်ခံရသူ ၄၃၈၁ ဦးရှိပြီး သေဆုံးသူ ၂၀၁၁ ဦးရှိကာ လူနာ ၇၀၀ အား ဆေးရုံတွင်ကုသမှုပေးနေပြီး ပြန်လည်ကျန်းမာလာသူ ၈၆၉ ဦးရှိကြောင်း တရားဝင်အချက်အလက်များအရ သိရသည်။

နိုင်ငံအတွင်းရှိအိုင်တူယီ၊ မြောက်ကီဗူ၊ တောင်ကီဗူ၊ ဟော့ယူလီနှင့် ရှိပိုဒေသများတွင် ရောဂါကူးစက်မှုများ တွေ့ရှိရပြီး အိုင်တူယီဒေသသည် ရောဂါကူးစက်မှု ဗဟိုချက်ဖြစ်လာကြောင်း တာဝန်ရှိသူများက ပြောကြားသည်။

နိုင်ငံအတွင်း အီဘိုလာရောဂါကြောင့် သေဆုံးသူအရေအတွက် ၂၀၀၀ ကျော် ရှိလာပြီး ၎င်းတို့အနက်မှ ထက်ဝက်မှာ လွန်ခဲ့သည့်ရက်များအတွင်း သေဆုံးခဲ့ကြောင်း ကုလသမဂ္ဂအီဘိုလာရောဂါဆိုင်ရာ တာဝန်ရှိသူ ဂျူလီယန်ဟာအတ်က ပြောကြားသည်။

ကျန်းမာရေးဝန်ထမ်းများ၊ အစိုးရများ၊ အလှူရှင်များနှင့် လူမှုအသိုက်အဝန်းများအနေဖြင့် အီဘိုလာရောဂါကုသရေးအတွက် ကြိုးပမ်းဆောင်ရွက်ရမည်ဖြစ်ကြောင်း ၎င်းကပြောကြားသည်။ ကွန်ဂိုဒီမိုကရက်တစ်သမ္မတနိုင်ငံတွင် အီဘိုလာရောဂါကူးစက်ဖြစ်ပွားနေကြောင်း အစိုးရက မေ ၁၅ ရက်တွင် ထုတ်ပြန်ခဲ့သည်။ Bundibugyo ဗိုင်းရပ်စ်ကြောင့် ဖြစ်ပွားသည့် အီဘိုလာရောဂါအား ကုသရေးအတွက် လက်ရှိအချိန်အထိ ဆေးမရှိကြောင်းနှင့် ဆေးရုံရုံးအတွက် စမ်းသပ်ဆောင်ရွက်မှုများကို ဆောင်ရွက်နေကြောင်း သိရသည်။

ကိုးကား - ဆင်ဟွာ

ဘာသာပြန် - စိုးသူရ

ကိုလံဘီယာဒလျင်အတွင်း သေဆုံးသူ ၁၃၂ ဦးရှိလာ

ဘိုဂိုတာ ဩဂုတ် ၁၁

ကိုလံဘီယာနိုင်ငံတွင် လူပဲခတ်ခဲ့သည့်ဒလျင်အတွင်း သေဆုံးသူအရေအတွက် ၁၃၂ ဦးရှိပြီး ထိခိုက်ဒဏ်ရာရရှိသူ ၅၇၀ ရှိကြောင်း အစိုးရ၏ ထုတ်ပြန်ချက်အရ သိရသည်။

အဆိုပါမြေလျင်လူပဲခတ်မှုကြောင့် မြို့ ၃၂ မြို့တွင် ဆိုးရွားစွာထိခိုက်ပျက်စီးခဲ့ပြီး ပရိုဏာ၊ ကာလီ၊ ကွတ်ဒိုး၊ မန်ဇနီလနှင့် အာမန်နီးယားမြို့များတွင် အနီရောင်သတိပေးချက် ထုတ်ပြန်ခဲ့ရသည်။ အဆိုပါမြေလျင်လူပဲခတ်မှုကြောင့် အဆောက်အအုံ ၈၆ လုံး ပြိုကျခဲ့ပြီး လေဆိပ်ခုနစ်ခုတွင် လုပ်ငန်းများရပ်ဆိုင်းခဲ့သည်။

မြေလျင်ဆိုင်ရာ တုံ့ပြန်ဆောင်ရွက်မှုများဆောင်ရွက်ရန်အတွက် အမျိုးသား သဘာဝဘေးဆိုင်ရာ အခြေအနေအဖြစ် အစိုးရကကြေညာခဲ့ကြောင်း သမ္မတ အယ်ဗာဒိုဒီလာအက်ပီယီလာက ပြောကြားသည်။

ကိုလံဘီယာနိုင်ငံရှိ တရုတ်သံရုံးက ဩဂုတ် ၁၀ ရက်တွင် ဒလျင်လူပဲခတ်ပြီးနောက် အရေးပေါ်တုံ့ပြန်ရေးယန္တရားကို ချက်ချင်းစတင်ခဲ့ပြီး နိုင်ငံတစ်ဝန်းရှိ တရုတ်နိုင်ငံသားများ၏ အခြေအနေကို စစ်ဆေးခဲ့ရာတွင် တရုတ်နိုင်ငံသားများ ထိခိုက်ဒဏ်ရာရရှိမှု မရှိသေးကြောင်း သံရုံးက ပြောကြားခဲ့သည်။

တရုတ်နိုင်ငံသည် ကိုလံဘီယာနိုင်ငံတွင် မကြာသေးမီက ဒလျင်လူပဲခတ်မှုကြောင့် ထိခိုက်သေဆုံးမှုများ ကြုံတွေ့ခဲ့ရသဖြင့် ဒလျင်ကယ်ဆယ်ရေးအတွက် လူသားချင်းစာနာထောက်ထားမှုအကူအညီများပေးအပ်ရေး အသင့်ရှိနေကြောင်း တရုတ်နိုင်ငံတကာဖွံ့ဖြိုးတိုးတက်ရေး ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ ပြောရေးဆိုခွင့်ရှိသူ တန်ရင်းက ပြောကြားခဲ့သည်။

ကိုးကား - ဆင်ဟွာ

ဘာသာပြန် - စိုးသူရ

ဖြတ်နိုင်ငံ၌ မိုးခေါင်ရေရှားမှု ကြုံတွေ့နေရ



လန်ဒန် ဩဂုတ် ၁၁

ဖြတ်နိုင်နိုင်ငံတွင် ဩဂုတ်လ၌ ပူပြင်းခြောက်သွေ့မှု စတင်ပြီးနောက် နိုင်ငံ၏ လေးပုံသုံးပုံနီးပါးသည် ယခုအချိန်တွင် မိုးခေါင်ရေရှားမှု ကြုံတွေ့နေရကြောင်း အမျိုးသားမိုးခေါင်ရေရှားအဖွဲ့က ဩဂုတ် ၁၁ ရက်တွင် သတိပေးခဲ့သည်။

နိုင်ငံ၏ ဒေသအားလုံးရှိ ရေအရင်းအမြစ်များအပေါ် ဖိအားများနှင့် ရင်ဆိုင်နေရပြီး စိုက်ပျိုးရေး၊ အများပြည်သူထောက်ပံ့ရေး၊ ရေကြောင်း သွားလာရေးနှင့် ပတ်ဝန်းကျင်တို့တွင် သက်ရောက်မှုများရှိလာကြောင်း ၎င်းအဖွဲ့က သတိပေးခဲ့သည်။ အရှေ့မစ်ဒ်လန်း၊ လင်ကွန်းရှိုင်းယားနှင့် နော့သမ်တန်ရှိုင်းယား၊ ကင့်နှင့် အရှေ့ဆပ်ဆက်စ်၊ ဆိုလင့်နှင့် ဆောက်ဒေါင်းတို့သည် မိုးခေါင်ရေရှားမှုအခြေအနေသို့ ရောက်ရှိလာသည့် ဒေသများ ဖြစ်လာခဲ့သည်။ နိုင်ငံအတွင်းရှိ လူဦးရေ ၄၅ သန်းမှ မိုးခေါင်ရေရှားဒေသများတွင် နေထိုင်နေရပြီး ၎င်းတို့အနက်မှ ၂၇ သန်းကျော်မှာ ရေသုံးစွဲရာတွင် အကန့်အသတ်ရှိနေသည်။

ပူပြင်း ခြောက်သွေ့သည့် ရာသီဥတုသည် လယ်ယာစိုက်ပျိုးရေးကို အမှန်တကယ်ထိခိုက်စေပြီး ပတ်ဝန်းကျင်အပေါ် ရေရှည် သက်ရောက်မှုများ ရှိလာလိမ့်မည်ဖြစ်ကြောင်းတာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။ ဖြတ်နိုင်အစိုးရသည် ၎င်း၏မိုးခေါင်မှုတို့ပြန်ရေးနည်းလမ်းကို မြှင့်တင်ခဲ့ပြီး လယ်ယာကဏ္ဍအား ပိုမိုပုံပိုးမှုပေးရန် နည်းလမ်းများကို စဉ်းစားနေကြောင်း သိရသည်။ ဖြတ်နိုင် ရေဝန်ကြီး Emma Hardy က နွေရာသီအတွင်း စိန်ခေါ်မှုများရှိကြောင်းသိရှိပြီး အထူးသဖြင့် ရာသီဥတု ပြောင်းလဲမှုနှင့် ရေကြီးရေလျှံမှု၊ မိုးခေါင်ရေရှားမှုများ ခံစားနေရသည့် လယ်သမားများအတွက် ဆောင်ရွက်သင့်သည်များကို ဆောင်ရွက်မည်ဟု ပြောကြားခဲ့သည်။

ဖြတ်နိုင်နိုင်ငံ၏ ၇၁ ဒသမ ၃ ရာခိုင်နှုန်းသည် ယခုအခါ မိုးရွာသွန်းမှု အလွန်နည်းပါးခြင်းနှင့် အပူချိန်မြင့်မားခြင်းတို့ ပေါင်းစပ်မှုကြောင့် ဖြစ်ပေါ်လာသော မိုးခေါင်မှုဒဏ်ကို ခံစားနေရသည်။

ကိုးကား - ဆင်ဟွာ

ဘာသာပြန် - စိုးသူရ

ဂျပန်နိုင်ငံ၌ အပူပိုင်းမုန်တိုင်း ချန်ဟွန် ဝင်ရောက်တိုက်ခတ်

တိုကျို ဩဂုတ် ၁၁

ဂျပန်နိုင်ငံ အိုင်ဘာရာကီစီရင်စုတွင် ဩဂုတ် ၁၁ ရက်က အပူပိုင်းမုန်တိုင်း ချန်ဟွန်တိုက်ခတ်ခဲ့ကြောင်း သိရသည်။ မုန်တိုင်းကြောင့် ကန်တို- ကိုရှင်နတ်ဆူဒေသတွင် မိုးသည်းထန်စွာ ရွာသွန်းခြင်း၊ လေပြင်းတိုက်ခတ်ခြင်းများ အရှိန်မြင့်လာနိုင်ကြောင်း သိရသည်။

အဆိုပါ မုန်တိုင်းကြောင့် အိုင်ဘာရာကီစီရင်စု တောင်ပိုင်းတွင် ည ၈ နာရီက မြေပြိုမှုဖြစ်ခဲ့သည်။



အဆိုပါမုန်တိုင်းကြောင့် ကိတာအီဘာရာကီမြို့တွင် လေတိုက်နှုန်း တစ်နာရီလျှင် ၁၀၅ ကီလိုမီတာနှင့် အိုင်ဘာရာကီစီရင်စုရှိ မိတိုမြို့တွင် တစ်နာရီလျှင် ၁၀၁ ကီလိုမီတာရှိခဲ့သည်။ နိုင်ငံအတွင်း ခရီးသွားလာသူများအနေဖြင့် သဘာဝဘေးများကို ကြိုတင်ကာကွယ်နိုင်ရန်အတွက် သတိပေးချက်များ နားထောင်ရန်နှင့် လိုက်နာဆောင်ရွက်ရန် တာဝန်ရှိသူများက အကြံပေးခဲ့သည်။

ကန်တို၊ အီဇူကျွန်းများနှင့် နီဂါတာစီရင်စုတို့တွင် တစ်နာရီလျှင် ၅၇ ကီလိုမီတာမှ ၆၄ ကီလိုမီတာအထိ လေတိုက်နှုန်းရှိမည်ဖြစ်ပြီး လာမည့်တစ်ရက်အတွင်း တောင်ပိုင်း ကန်တိုဒေသတွင် မိုးရေချိန် ၁၈၀ မီလီမီတာ၊ မြောက်ပိုင်း ကန်တိုဒေသတွင် မိုးရေချိန် ၁၅၀ မီလီမီတာ၊ ကိုရှင်ဒေသတွင် မိုးရေချိန် ၁၂၀ မီလီမီတာနှင့် အိုင်ဇူကျွန်းဒေသတွင် မိုးရေချိန် ၁၀၀ မီလီမီတာရှိမည်ဟု တာဝန်ရှိသူများက ပြောကြားသည်။

အနိမ့်ပိုင်းဒေသများတွင် မိုးရွာသွန်းမှုကြောင့် ရေကြီးရေလျှံမှု၊ မြစ်ရေလျှံမှုနှင့် မြစ်ရေကြီးမှုများ အပြင် လေပြင်းတိုက်ခတ်မှုနှင့် လှိုင်းကြီးများဖြစ်နိုင်ကြောင်းနှင့် မြေပြိုမှုများ၊ မိုးကြိုးပစ်မှုများ၊ လေဆင်နာမောင်းများနှင့် လေပြင်းတိုက်ခတ်မှုများကိုလည်း သတိထားရန် တာဝန်ရှိသူများက သတိပေးခဲ့သည်။

ကိုးကား - အင်နှစ်အိတ်ချ်ကေ

ဘာသာပြန် - စိုးသူရ



တတိယအကြိမ် မွန်ပြည်နယ်လွှတ်တော် တတိယပုံမှန်အစည်းအဝေး ဒုတိယနေ့ ကျင်းပ

မော်လမြိုင် ဩဂုတ် ၁၁

တတိယအကြိမ် မွန်ပြည်နယ်လွှတ်တော် တတိယပုံမှန်အစည်းအဝေး ဒုတိယနေ့ကို ယနေ့ နံနက် ၁၀ နာရီတွင် မွန်ပြည်နယ်လွှတ်တော် အစည်းအဝေးခန်းမ၌ကျင်းပရာ အစည်းအဝေးသို့ မွန်ပြည်နယ်ဝန်ကြီးချုပ်၊ မွန်ပြည်နယ် လွှတ်တော်ဥက္ကဋ္ဌ ပြည်နယ် တရားလွှတ်တော်တရားသူကြီးချုပ်၊ ပြည်နယ်လွှတ်တော် ဒုတိယဥက္ကဋ္ဌ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်ဥပဒေရုံးနှင့် ပြည်နယ်စာရင်းစစ်ချုပ်တို့ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းသည့် ကြယ်ပွင့်ပြမေးခွန်း ၁၀ခုကို သက်ဆိုင်ရာပြည်နယ်ဝန်ကြီးများက ပြန်လည်ဖြေကြားခဲ့ကြသည်။

ဆက်လက်၍ ဥပဒေပြုရေးဆိုင်ရာကော်မတီ ပြင်ဆင်ဖွဲ့စည်းခြင်းကိစ္စ တင်ပြခြင်းနှင့် ပြည်နယ်လွှတ်တော်၏ အတည်ပြုချက်ရယူပြီး တိုင်ကြားစာ၊ အသနားခံစာ တင်ပြစာနှင့် အထွေထွေကိစ္စရပ်များ လေ့လာသုံးသပ်ရေးကော်မတီ ပြင်ဆင်ဖွဲ့စည်းခြင်း ကိစ္စတို့ကို ပြည်နယ်လွှတ်တော်၏ အတည်ပြုချက်ရယူသည်။

ထို့နောက် မွန်ပြည်နယ်လွှတ်တော် တတိယပုံမှန်အစည်းအဝေး ဒုတိယနေ့ကို ရပ်နားလိုက်ပြီး အစည်းအဝေး တတိယနေ့ကို ဩဂုတ် ၁၂ ရက် နံနက် ၁၀ နာရီတွင် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

စည်သူ(ပြန်/ဆက်)

တတိယအကြိမ် ကရင်ပြည်နယ်လွှတ်တော် တတိယပုံမှန်အစည်းအဝေး ဒုတိယနေ့တွင် ပြည်သူ့အကျိုးပြုမေးခွန်းရှစ်ခု မေးမြန်းဖြေကြား

ဘားအံ ဩဂုတ် ၁၁

တတိယအကြိမ် ကရင်ပြည်နယ်လွှတ်တော် တတိယပုံမှန်အစည်းအဝေး ဒုတိယနေ့ကို ယနေ့ နံနက် ၁၀ နာရီက ဘားအံမြို့ အမှတ်(၄)ရပ်ကွက်ရှိ ပြည်နယ်လွှတ်တော်ရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ရှစ်ဦးက မြို့ရွာသန့်ရှင်းသာယာလှပရေး၊ လမ်းပန်းဆက်သွယ်ရေး၊ လောင်းကစားမူကင်းစင်ရေး အစရှိသည့် ပြည်သူ့အကျိုးပြု ကြယ်ပွင့်ပြမေးခွန်းရှစ်ခုကို မေးမြန်းရာ သက်ဆိုင်ရာ ပြည်နယ်အဆင့် အဖွဲ့အစည်းများက ပြန်လည်ဖြေကြားကြသည်။

ထို့နောက် ပြည်နယ်အတွင်း တရားဥပဒေ စိုးမိုးရေးနှင့်အများပြည်သူလုံခြုံရေး ပိုမိုကောင်းမွန်စေရန် ပြည်နယ်အတွင်းရှိ မြို့များအလိုက် အဓိက လမ်းဆုံလမ်းခွများ၊ လူစည်ကားရာနေရာများ၊ ဈေးများ၊ အများပြည်သူအသုံးပြုသည့်နေရာများနှင့် အရေးပါသောနေရာများတွင် CCTV ကင်မရာများ တပ်ဆင်အသုံးပြုနိုင်ရေးအတွက် ပြည်နယ်အစိုးရအဖွဲ့က ဦးဆောင်စီမံဆောင်ရွက်ပေးရန်နှင့် သက်ဆိုင်ရာ လုပ်ငန်းရှင်များ၊ စီးပွားရေးလုပ်ငန်းများ၊ စေတနာရှင်များ၏ ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ပေးရန် တိုက်တွန်းကြောင်း အဆိုကို ကြာအင်းဆိပ်ကြီးမြို့နယ် လွှတ်တော်ကိုယ်စားလှယ် အမှတ်(၁) ဦးညီညီလှိုင်က အဆိုတင်သွင်းရာ တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ် ဗိုလ်ကြီး ခိုင်ထွန်းဦးက ထောက်ခံတင်ပြဆွေးနွေးပြီး ယင်းအဆိုကို ပြည်နယ်လွှတ်တော်၌ လက်ခံဆွေးနွေးရန် သင့်မသင့် အဆုံးအဖြတ်ရယူရာ လွှတ်တော်ကိုယ်စားလှယ်များက သဘောတူညီကြသည့်အတွက် ယင်းအဆိုကို ပြည်နယ်လွှတ်တော် တတိယပုံမှန်အစည်းအဝေး စတုတ္ထနေ့တွင် ဆွေးနွေးသွားမည်ဖြစ်ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)



ပြည်ကြီးတံခွန်မြို့နယ်၌ ဖီးကြမ်းငှက်ပျောပင်စိုက်ပျိုးပွဲ ကျင်းပ

မန္တလေး ဩဂုတ် ၁၁

မန္တလေး တိုင်းဒေသကြီး ပြည်ကြီးတံခွန်မြို့နယ် သင်ပန်းကုန်းရပ်ကွက်ရှိ အမှတ်(၁၀) အခြေခံပညာ မူလတန်းလွန် ကျောင်း၌ ကလေးငယ်များ အာဟာရပြည့်ဝရေး ငှက်ပျောစိုက်ပျိုးရေး စီမံချက်အဖြစ် ဖီးကြမ်းငှက်ပျောပင်များ စိုက်ပျိုးပွဲကို ယနေ့နံနက်ပိုင်းက အဆိုပါ ကျောင်းဝင်းအတွင်း ကျင်းပသည်။



ဦးစွာ မန္တလေးတိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး ဦးလှကြွယ်နှင့် ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေး ကော်မတီဥက္ကဋ္ဌ ဦးအောင်ညွန့်တို့က စိုက်ပျိုးမည့် ငှက်ပျောပင်များကို သက်ဆိုင်ရာတာဝန်ရှိသူများထံသို့ ပေးအပ်ပြီး တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး ဦးလှကြွယ်က ဖီးကြမ်းငှက်ပျောပင်အား ဦးဆောင်စိုက်ပျိုးသည်။ ဆက်လက်၍ တာဝန်ရှိသူများက ဖီးကြမ်းငှက်ပျောပင် ၁၀၈ ပင်အား စုပေါင်း စိုက်ပျိုးခဲ့ကြကြောင်း သိရသည်။

ခရိုင် (ပြန်/ဆက်)

မြောက်ဥက္ကလာပမြို့နယ်၌ မြတ်မာလာရောင်းဝယ်ရေး သမဝါယမအသင်း နှစ်ပတ်လည်စည်းဝေး

ရန်ကုန် ဩဂုတ် ၁၁

ရန်ကုန်တိုင်းဒေသကြီး မြောက်ဥက္ကလာပမြို့နယ်အတွင်းရှိ သမဝါယမအသင်းများမှ မြတ်မာလာရောင်းဝယ်ရေးသမဝါယမအသင်းလီမိတက်၏ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်အတွက် နှစ်ပတ်လည် အရပ်ရပ်ဆိုင်ရာ အစည်းအဝေးနှင့် အမှုဆောင်ရွေးချယ်ပွဲကို ယမန်နေ့ မွန်းလွဲပိုင်းက မြတ်မာလာအသင်းရုံ၌ ပြုလုပ်သည်။

ဦးစွာ မြောက်ဥက္ကလာပမြို့နယ် သမဝါယမဦးစီးဌာနမှူး ဒေါ်သီတာမွန်က အသင်းများအနေဖြင့် သမဝါယမအသင်းဥပဒေအရ အမှုဆောင်ရွေးချယ်တင်မြှောက်ရာတွင် လိုက်နာရမည့် စည်းကမ်းများ၊ လုပ်ထုံး လုပ်နည်း ညွှန်ကြားချက်၊ ဝန်ကြီးဌာနနှင့် ဦးစီးဌာနမှ ဆက်လက် အကောင်အထည်ဖော် ဆောင်ရွက်မည့်လုပ်ငန်းစဉ်များကို ရှင်းလင်း ပြောကြားသည်။

ဆက်လက်၍ အသင်းမှ အမှုဆောင်အဖွဲ့ အစီရင်ခံစာနှင့် နှစ်ချုပ် ဘဏ္ဍာရေးရှင်းတမ်းများကို အတွင်းရေးမှူး ဦးမောင်မောင်မြင့်က ဖတ်ကြားတင်ပြပြီး အသင်းသားများ၏ အတည်ပြုချက်ရယူကာ အမှုဆောင်ရွေးချယ်ခဲ့ကြသည်။ အဆိုပါ အစည်းအဝေးသို့ အသင်းသား ၅၀ တက်ရောက်ခဲ့ပြီး အစုပေါ်အမြတ်နှင့် အသင်းသားများအား လက်ဆောင်ပစ္စည်းများ ပေးအပ်ခဲ့ကြောင်း သိရသည်။

သက်လွင်စိုး(ပြန်/ဆက်)



ရပ်ကွက် / ကျေးရွာ အုပ်ချုပ်ရေးမှူးများ လုပ်ငန်းစွမ်းဆောင်ရည်မြင့်မားရေးသင်တန်းဖွင့်

ပေါင်းတည် ဩဂုတ် ၁၁

ပဲခူးတိုင်းဒေသကြီး ပေါင်းတည်မြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန အစည်းအဝေးခန်းမ၌ ဩဂုတ် ၁၀ ရက်မှ စက်တင်ဘာ ၄ ရက်အထိ ရပ်ကွက်နှင့်ကျေးရွာအုပ်ချုပ်ရေးမှူးများ လုပ်ငန်းစွမ်းဆောင်ရည်မြင့်မားရေးသင်တန်း(၂/၂၀၂၆)ဖွင့်လှစ်ပို့ချလျက်ရှိသည်။

သင်တန်းဖွင့်ပွဲကို ဩဂုတ် ၁၀ ရက်က ကျင်းပရာ ဒုတိယခရိုင်အုပ်ချုပ်ရေးမှူး ဦးကျော်စိုးထင်က အမှာစကားပြောကြားပြီး ခေတ္တမြို့နယ်အုပ်ချုပ်ရေးမှူး၊ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောကာစိုးက သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းဆွေးနွေးပြောကြားခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

အိမ်မဲ ဩဂုတ် ၁၁

ရပ်ကွက် /ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးများ လုပ်ငန်းစွမ်းဆောင်ရည်မြင့်မားရေးသင်တန်း(၂/၂၀၂၆) ဖွင့်ပွဲအခမ်းအနားကို ယမန်နေ့နံနက်ပိုင်းက အိမ်မဲမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ရွှေပြည်တန်ခန်းမ၌ ကျင်းပသည်။

ဦးစွာ မြောင်းမြခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယခရိုင်အုပ်ချုပ်ရေးမှူး ဦးမျိုးဟန်က အမှာစကားပြောကြားပြီး အိမ်မဲမြို့နယ် စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးသက်ကိုကိုဦးက သင်တန်းဖွင့်လှစ်မည့်အခြေအနေများကို ရှင်းလင်းပြောကြားသည်။

အဆိုပါသင်တန်းကို ရပ်ကွက် / ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး ၁၀၂ ဦး တက်ရောက်ခဲ့ပြီး သင်တန်းကာလမှ လေးပတ်ကြာမြင့်မည် ဖြစ်ကြောင်း သိရသည်။

ချစ်သက်လယ်(ပြန်/ဆက်)

အုတ်တွင်း ဩဂုတ် ၁၁

ပဲခူးတိုင်းဒေသကြီး အုတ်တွင်းမြို့နယ်အတွင်းရှိ ရပ်ကွက်/ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးများ လုပ်ငန်းစွမ်းဆောင်ရည်မြင့်မားရေးသင်တန်းကို ယမန်နေ့နံနက်ပိုင်းက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန သိရှိရတနာဝန်းမ၌ ကျင်းပသည်။

ဦးစွာ တောင်ငူခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ခရိုင်အုပ်ချုပ်ရေးမှူး ဦးစောထွန်းဦးက အမှာစကားပြောကြားပြီး မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ခေတ္တအုပ်ချုပ်ရေးမှူး ဦးအောင်ကိုကို က သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်များကို ပြောကြားသည်။

အဆိုပါသင်တန်းတွင် ရပ်ကွက်/ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး ၅၀ တက်ရောက်ပြီး သင်တန်းကာလမှာ ဩဂုတ် ၁၀ ရက်မှ စက်တင်ဘာ ၄ ရက်အထိဖြစ်ကြောင်း သိရသည်။

ခင်ခင်မာ(ပြန်/ဆက်)

နေရောင်အောက် သက်ရှိတွေကို စောင့်ရှောက်ဖို့ အိုဇုန်းလွှာကို ထိန်းသိမ်းစို့

*** ကျောဖုံးမှ**

ထိထိရောက်ရောက် ရှာဖွေနိုင်နင်းလျက်ရှိသည်။

ထိုကဲ့သို့ လုံခြုံရေးပူးပေါင်းအဖွဲ့များက သက်ဆိုင်ရာနယ်မြေများအတွင်း အွန်လိုင်းလိမ်လည်လောင်းကစားမှု လုပ်ကိုင်သူများ အခြေပြုနေထိုင်ခြင်း မရှိစေရန်နှင့် အွန်လိုင်းလိမ်လည်လောင်းကစားမှုများ ဆောင်ရွက်ခြင်းမရှိစေရန်အတွက် စုံစမ်းရှာဖွေ ဖော်ထုတ်စစ်ဆေးခြင်း လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ ယနေ့နံနက် ၁၀နာရီ ၃၅ မိနစ်ခန့်တွင် ရှမ်းပြည်နယ် (မြောက်ပိုင်း) မူဆယ်မြို့ တော်ရွက်ရပ်ကွက် မင်္ဂလာမူဆယ်လမ်းရှိ နေအိမ်တစ်လုံးအတွင်းမှ အွန်လိုင်းလိမ်လည်လောင်းကစားမှု ကျူးလွန်သူ တရုတ်နိုင်ငံသား အမျိုးသား ၆၀ အား ဖုန်းမျိုးစုံ ၈၅လုံး၊ All In One ကွန်ပျူတာ ၁၁လုံး၊ Star Link နှစ်လုံး၊ Power Station နှစ်လုံး၊ Laptop လေးလုံး၊ UPS တစ်ခု၊ ဆိုင်ကယ် နှစ်စီး၊ ဆက်စပ်ပစ္စည်းတို့နှင့်အတူ ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။



မူဆယ်မြို့ တော်ရွက်ရပ်ကွက်၌ အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်သူ တရုတ်နိုင်ငံသား အမျိုးသား ၆၀ အား လုပ်ငန်းသုံးပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိမှု နေရာပြမြေပုံ။



မူဆယ်မြို့ တော်ရွက်ရပ်ကွက်၌ တရုတ်နိုင်ငံသား အမျိုးသား ၆၀ အွန်လိုင်းလိမ်လည်လောင်းကစားမှုလုပ်ကိုင်သည့် လုပ်ငန်းနေရာကို တွေ့ရစဉ်။

အဆိုပါ အွန်လိုင်းလိမ်လည်လောင်းကစားမှုများ လုပ်ကိုင်လျက်ရှိသည့် ဖမ်းဆီးရမိသူများအား လိုအပ်သည့်စစ်ဆေးမှုများ ဆောင်ရွက်ပြီးစီးပါက တည်ဆဲဥပဒေများနှင့်အညီ ထိရောက်ပြင်းထန်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ပြီး သိမ်းဆည်းရမိသည့် လုပ်ငန်းသုံးပစ္စည်းများကို လုပ်ထုံးလုပ်နည်းများနှင့် အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

နိုင်ငံတော်အစနေဖြင့် အွန်လိုင်းလိမ်လည် လောင်းကစားမှု ကျူးလွန်ခြင်းများ ပပျောက်စေရေးနှင့် မြန်မာနိုင်ငံအတွင်း အခြေချလုပ်ကိုင်နိုင်မှု မရှိစေရေး အတွက် အိမ်နီးချင်းနိုင်ငံများ၊ ဒေသတွင်းနိုင်ငံများ၊ နိုင်ငံတကာ အဖွဲ့အစည်းများနှင့် ပူးပေါင်း၍ အွန်လိုင်းလိမ်လည် လောင်းကစားမှု တိုက်ဖျက်ရေးလုပ်ငန်းစဉ်များကို တက်ကြွစွာ ဆက်လက် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်



မြန်အောင်ခရိုင်၌ ရိတ်သိမ်းခြွေလှေ့စက် မောင်းနှင်ထိန်းသိမ်းမှု(အခြေခံ) တောင်သူသင်တန်းဖွင့်

မြန်အောင် ဩက္တိုဘာ ၁၁

စက်မှုလယ်ယာဦးစီးဌာန အမှတ်(၁၃) စက်မှုလယ်ယာစခန်း မြန်အောင်၌ ယမန်နေ့က ရိတ်သိမ်းခြွေလှေ့စက် မောင်းနှင်ထိန်းသိမ်းမှု (အခြေခံ)တောင်သူသင်တန်းဖွင့်ပွဲအခမ်းအနား ကျင်းပသည်။

အဆိုပါအခမ်းအနားတွင် မြန်အောင်ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီအတွင်းရေးမှူး ခရိုင်ရဲတပ်ဖွဲ့မှူး ယာယီခရဲမှူးကြီး ဝေလင်းက အမှာစကားပြောကြားပြီး ဟင်္သာတခရိုင် စက်မှုလယ်ယာဦးစီးဌာန ခရိုင်ဦးစီးဌာနမှူး ဦးငြိမ်းသောင်းက သင်တန်းဖွင့်လှစ်ပေးခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။ ဆက်လက်၍ Shwe Agriculture Company Limited တာဝန်ခံက လယ်ယာသုံးစက်ကိရိယာ ပစ္စည်းများ မိတ်ဆက်ရှင်းလင်းပြောကြားသည်။

သင်တန်းသို့မြန်အောင်မြို့နယ်မှ သင်တန်းသား ၄၅ ဦး တက်ရောက်ရာ ဩက္တိုဘာလ ၁၀ ရက်မှ ၂၁ ရက်အထိ စာတွေ့၊ လက်တွေ့ သင်ကြားပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

ပြည့်ဝဆီများကို တတ်နိုင်သမျှ လျော့စား၍ အသွင်ပြောင်းဆီများ စားသုံးခြင်းကို လုံးဝရှောင်ကြဉ်ကြပါစို့

အွန်လိုင်းလိမ်လည်မှုနှင့် ဒုစရိုက်မှုလုပ်ငန်းများတွင် ဆက်စပ်ပါဝင်ခဲ့ကြသည့် ပြည်ပနိုင်ငံသား ခြောက်ဦး မြန်မာ - ထိုင်း အမှတ်(၂) ချစ်ကြည်ရေးတံတားမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ ထပ်မံလွှဲပြောင်းပေးအပ်

နေပြည်တော် ဩက္တိုဘာ ၁၁

ထိုင်းနိုင်ငံအပါအဝင် အိမ်နီးချင်းနိုင်ငံအချို့ကို တစ်ဆင့်ခံဖြတ်သန်း၍ မြန်မာနိုင်ငံအတွင်းသို့ နယ်စပ်လမ်းကြောင်းများမှ တရားမဝင် ဝင်ရောက်လာပြီး ကရင်ပြည်နယ် မြဝတီ-ရွှေကုက္ကိုလ် နယ်မြေတွင် တရားမဝင် အွန်လိုင်းလောင်းကစားမှုများ၊ အွန်လိုင်းလိမ်လည်မှုများ၊ ဒုစရိုက်မှုများ ကျူးလွန်ခဲ့ကြသည့် အီသီယိုးပီးယားနိုင်ငံသား နှစ်ဦး၊ လိုက်ဘေးရီးယားနိုင်ငံသား တစ်ဦး၊ ဘူရွန်ဒီနိုင်ငံသား တစ်ဦး၊ ယူဂန်ဒါနိုင်ငံသား တစ်ဦးနှင့် တိုဂိုနိုင်ငံသား တစ်ဦး စုစုပေါင်း ပြည်ပနိုင်ငံသား ခြောက် ဦးတို့အား မြန်မာ-ထိုင်း အမှတ်(၂) ချစ်ကြည်ရေးတံတားမှ တစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ လူသားချင်းစာနာထောက်ထားမှုနှင့် နိုင်ငံအချင်းချင်း ချစ်ကြည်ရင်းနှီးမှုတို့ကိုရှေးရှု၍ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ ထပ်မံလွှဲပြောင်းပေးသည်။

ထိုသို့ ပြည်နှင်လွှဲပြောင်းပေးအပ်ရာတွင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ခရိုင်ဦးစီးမှူး ဒုတိယညွှန်ကြားရေးမှူးနှင့် တာဝန်ရှိသူများ၊ အီသီယိုးပီးယားနိုင်ငံ၊ လိုက်ဘေးရီးယားနိုင်ငံ၊ ဘူရွန်ဒီနိုင်ငံ၊ ယူဂန်ဒါနိုင်ငံနှင့် တိုဂိုနိုင်ငံသံရုံးတို့မှ သံရုံးကိုယ်စားလှယ် Mr. Tana Judah Hira နှင့်တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံ တာ့ခ်ခရိုင် လူဝင်မှုကြီးကြပ်ရေးဦးစီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြပြီး မြန်မာနိုင်ငံမှ တာဝန်ရှိသူများက သက်ဆိုင်ရာနိုင်ငံမှ တာဝန်ရှိသူများထံသို့ ပြည်နှင်လွှဲပြောင်းလက်ခံရေးဆိုင်ရာ အထောက်အထား စာရွက်စာတမ်းများကို စနစ်တကျလွှဲပြောင်းပေးအပ်သည်။



၂၀၂၅ ခုနှစ် ဇန်နဝါရီ ၃၀ ရက်မှ ၂၀၂၆ ခုနှစ် ဩက္တိုဘာ ၁၁ ရက်အထိ မြဝတီမြို့နယ်အတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား စုစုပေါင်း ၁၄၇၄၀ ထိန်းသိမ်းနိုင်ခဲ့ကြောင်းနှင့် ယင်းနိုင်ငံသားအားလုံးကို စစ်ဆေးပြီးစီးခဲ့ပြီး ၎င်းတို့အနက်မှ ၁၃၈၂၀ကို ထိုင်းနိုင်ငံမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျ ပြည်နှင်လွှဲပြောင်းပေးခဲ့သည်။

လွှဲပြောင်းပေးအပ်ရန် ကျန်ရှိသည့် ပြည်ပနိုင်ငံသား ၉၂၀ တွင် မြန်မာနိုင်ငံလူဝင်မှုကြီးကြပ်ရေး (လတ်တလော)ပြဋ္ဌာန်းချက်များအက်ဥပဒေပုဒ်မ ၃(၁)/၁၃(၁)နှင့် မူးယစ်ဆေးဝါးနှင့် စိတ်ကို ပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အပြစ်ပေးအရေးယူခဲ့သည့် ပြည်ပနိုင်ငံသား ၇၁၃ ဦး ရှိသည့်အတွက် ကျန်ရှိသည့်ပြည်ပနိုင်ငံသား ၂၀၇ ဦးတို့အား သက်ဆိုင်ရာနိုင်ငံများသို့ လွှဲပြောင်းပေးရန် အသင့်ဖြစ်နေပြီဖြစ်ကြောင်းနှင့် ၎င်းတို့ကို ကောင်းမွန်စွာ ထိန်းသိမ်းစောင့်ရှောက်ထားရှိသည်။

နိုင်ငံတော်အနေဖြင့် Online Scam Center လုပ်ငန်းများတွင် ပါဝင်ပတ်သက် နေသူများနှင့် နောက်ကွယ်မှ ကြိုးကိုင်သော နိုင်ငံခြားသားများအား ဖော်ထုတ်ဖမ်းဆီးပြီး ထိထိရောက်ရောက် ပြင်းပြင်းထန်ထန် အရေးယူနိုင်ရေး အိမ်နီးချင်းနှင့် ဒေသတွင်း နိုင်ငံများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် တက်ကြွစွာ ပူးပေါင်းဆောင်ရွက်လျက်ရှိသည့်အပြင် အကြောင်းအမျိုးမျိုးကြောင့် ဒုက္ခရောက်နေကြသော နိုင်ငံခြားသားများနှင့် လူကုန်ကူးခံရသည့် နိုင်ငံခြားသားများကို သက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံး ပြည်နှင်လွှဲပြောင်းပေးနိုင်ရေး ထိရောက်စွာ ညှိနှိုင်း ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်



နေပြည်တော်၊ ပြည်နယ်နှင့် တိုင်းဒေသကြီးများတွင် တရားမဝင်သစ်များ သိမ်းဆည်းရမိ

နေပြည်တော် ဩက္တိုဘာ ၁၁

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန သစ်တောဦးစီးဌာနသည် တရားမဝင်သစ်နှင့်သစ်တောထွက်ပစ္စည်းများ ရှာဖွေဖော်ထုတ်ဖမ်းဆီးရေးကို ပြည်သူပူးပေါင်းပါဝင်မှုဖြင့် လူထုအခြေပြုစောင့်ကြပ်ကြည့်ရှုသတင်းပို့စနစ် (Community Monitoring and Reporting System-CMRS) အပါအဝင်နည်းလမ်းမျိုးစုံဖြင့် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ ဩက္တိုဘာ ၃ ရက်မှ ၉ ရက်အထိ နေပြည်တော်၊ ပြည်နယ်နှင့် တိုင်းဒေသကြီး သစ်တောဦးစီးဌာနများမှ ပေးပို့လာသည့် စာရင်းများအရ တရားမဝင် ကျွန်း ၂ ဒသမ ၂၈၅၄ တန်၊ သစ်မာ သုည ဒသမ ၂၁၇၈ တန်၊ အခြားသစ် ၂၁ ဒသမ ၃၈၂၂ တန် စုစုပေါင်း ၂၃ ဒသမ ၈၈၅၄ တန် ယာဉ်/ယန္တရား နှစ်စီး၊ တရားခံ ခုနစ်ဦး ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

သတင်းစဉ်

ကြေးမုံ

ကမ္ဘာ့အထည်အလိပ်လောကကို ပြောင်းလဲခဲ့သော အီဂျစ်ဝါဂွမ်း

အီဂျစ်ဝါဂွမ်းဟူသော နာမည်ကိုကြားရုံဖြင့် ဖိမ်ကျပြီး စျေးကြီးကာ ဒဏ္ဍာရီဆန်ဆန်ဖြစ်နေသည်ဟု ခံစားရတတ်ပါသည်။ ဟိုတယ်များက ယင်းကိုကြော်ငြာတတ်ကြပြီး အိပ်ရာခင်းအမှတ်တံဆိပ်များကလည်း သူတို့၏တံဆိပ်များတွင် ရိုက်နှိပ်ကြပါသည်။

ကိုပြည်

ဝယ်ယူသူများကလည်း ယင်းကို ကမ္ဘာပေါ်တွင် အရည်အသွေးအကောင်းဆုံး အထည်အလိပ်ဟု အလိုအလျောက် မှတ်ယူလေ့ရှိကြသည်။ သို့သော် အီဂျစ်ဝါဂွမ်းဆိုသည်မှာ တကယ်တမ်းတွင် သာမန် ဝါဂွမ်းများထက် ပိုကောင်းသလားဆိုသည်ကို မေးခွန်းထုတ်စရာရှိလာပါသည်။ ယင်းသည် အမှန်တကယ် အကောင်းဆုံးလား သို့မဟုတ် အောင်မြင်သော စျေးကွက်ရှာဖွေရေးဗျူဟာသက်သက်လား ဆိုသည်ကို လေ့လာရပါမည်။ အမှန်တကယ်တော့ အီဂျစ်ဝါဂွမ်းတွင် ကမ္ဘာ့အထည်အလိပ်လုပ်ငန်းကို ထာဝရပြောင်းလဲသွားစေလောက်အောင် အထူးကောင်းမွန်သည့် အမျှင်များနှင့် စိတ်ဝင်စားဖွယ် သမိုင်းကြောင်းရှိပါသည်။

သမိုင်းကြောင်း၏အစနှင့် ဖွံ့ဖြိုးတိုးတက်လာမှု

အီဂျစ်ဝါဂွမ်း၏ဇာတ်လမ်းသည် လွန်ခဲ့သော နှစ်ပေါင်း ၂၀၀ ကျော်က အီဂျစ်နိုင်ငံရှိ မြေဆီညြဲဇာ ကောင်းမွန်သော နိုင်းမြစ်ကမ်းပါးများတွင် စတင်ခဲ့သည်။ ဝါဂွမ်းသည် ယဉ်ကျေးမှုအမျိုးမျိုးတွင် နှစ်ထောင်ပေါင်းများစွာ တည်ရှိခဲ့သော်လည်း ယနေ့ ကျွန်ုပ်တို့သိကြသော အီဂျစ်ဝါဂွမ်းမှာ ၁၉ ရာစု အစောပိုင်းမှ ပေါ်ထွက်လာခြင်းဖြစ်သည်။ ၁၈၀၅ ခုနှစ်တွင် အုပ်ချုပ်သူ မူဟာမက်အလီ၏ အမြော်အမြင်ဖြင့် စိုက်ပျိုးရေးကို ခေတ်မီအောင်လုပ်ကာ အလျားရှည်ဝါမျိုးကွဲများကို တင်သွင်းခဲ့သည်။

၁၈၂၀ ပြည့်နှစ်ဝန်းကျင်တွင် Louis Alexis Jumel အမည်ရှိ ပြင်သစ်အင်ဂျင်နီယာတစ်ဦးက အီဂျစ်တွင် ပေါက်ရောက်နေသော ထူးခြားသည့်ဝါပင်ကို ရှာဖွေတွေ့ရှိခဲ့ပါသည်။ နွေးထွေးသောရာသီဥတုနှင့် နိုင်းမြစ်ရေကြီးမှုမှလွဲသော မြေဆီလွှာတို့က ဤဝါဂွမ်းမျိုးကွဲကို အကောင်းဆုံးရှင်သန်ကြီးထွားစေခဲ့ပါသည်။ မူဟာမက်အလီက ဝါကို စီးပွားရေးလက်နက်တစ်ခုအဖြစ် ပြောင်းလဲခဲ့ပြီး တိုးတက်လာမည့် အထည်အလိပ်စီးပွားရေးအတွက် အုတ်မြစ်ချပေးခဲ့ပါသည်။

၁၈၂၀ ပြည့်လွန်နှစ်များသို့ ရောက်သောအခါ အီဂျစ်ဝါဂွမ်းသည် ကမ္ဘာ့စင်မြင့်ပေါ်တွင် စတင်၍ နေရာယူလာနိုင်ခဲ့ပါသည်။ ယင်း၏ အလွန်ရှည်လျားသော အမျှင်များနှင့် နူးညံ့မှုတို့ကြောင့် ဥရောပ တစ်ဝန်းရှိ တော်ဝင်မိသားစုများအတွက် ရွေးချယ်စရာဖြစ်လာခဲ့သည်။ ထို့ကြောင့် မူဟာမက်အလီက ဝါဂွမ်းစိုက်ပျိုးမှုကို နိုင်ငံတစ်ဝန်း အကြီးအကျယ် တိုးချဲ့လုပ်ဆောင်ခဲ့သည်။ အထူးသဖြင့် ၁၈၆၀ ပြည့်လွန်နှစ်များတွင် အမေရိကန်ပြည်တွင်းစစ်ကြောင့် ဝါထောက်ပံ့မှုပြတ်တောက်ချိန်၌ ဝါစျေးကွက် အကြီးအကျယ်ထွန်းကားလာခဲ့ပါသည်။ ဥရောပရှိ အထည်အလိပ်စက်ရုံများက အရည်အသွေးမြင့် ဝါကို လိုအပ်နေချိန်တွင် အီဂျစ်က ဝင်ရောက် ဖြည့်ဆည်းပေးခဲ့သည်။ ဝယ်လိုအား အဆမတန် မြင့်တက်လာကာ နိုင်ငံတကာလွှမ်းမိုးမှုခေတ်ကို မှတ်တမ်းတင်နိုင်ခဲ့ပြီး အီဂျစ်ဝါသည်လည်း ကမ္ဘာ တစ်ဝန်း နာမည်ကောင်းရလာခဲ့ပါသည်။

သာမန်ဝါဂွမ်းနှင့် ကွာခြားစေသည့် အဓိကအချက်များ

အီဂျစ်ဝါဂွမ်းကို သာမန်ဝါဂွမ်းနှင့် အဓိက ကွာခြားစေသောအရာမှာ အမျှင်များပင်ဖြစ်ပါသည်။ ဝါဂွမ်းအမျှင်များကို အရှည်ဖြင့် တိုင်းတာလေ့ရှိပြီး အီဂျစ်ဝါဂွမ်းက အလွန်ရှည်လျားသောအမျှင်များကို ထုတ်လုပ်ပေးနိုင်ပါသည်။ ဤအမျှင်များသည် ပုံမှန်ဝါပင်များတွင် တွေ့ရလေ့ရှိသော အမျှင်များထက် အများကြီး ပိုမိုရှည်လျားကြသည်။ အဆိုပါ ပိုရှည်သောအမျှင်များကို ပိုမိုနုပြီး ခိုင်ခံ့သော ချည်မျှင်များအဖြစ် ဖိုင်းငင်နိုင်သောကြောင့် ချောမွေ့၊ နူးညံ့သောအထည်များကို ဖန်တီးပေးနိုင်ပါသည်။

အပြင်သို့ထွက်နေသော လျော့ရဲရဲအမျှင်စွန်းများ နည်းပါးသဖြင့် အချိန်ကြာလာသည်နှင့်အမျှ အထည်ဖွာခြင်းနှင့် အလုံးလေးများဖြစ်ခြင်းတို့ အလွန်နည်းပါးပါသည်။ လူအများစု ဖိမ်ခံဝိုတယ် အိပ်ရာခင်းများနှင့် ဆက်စပ်တွေးလေ့ရှိသည့် ပိုးသားလိုအေးမြသော ခံစားမှုမျိုးက အလွန် ရှည်လျားသောအမျှင်များမှ လာခြင်းဖြစ်သည်။

ဝါ အရည်အသွေးကို ကောင်းမွန်စေသော နောက်ထပ်အဓိကအချက်တစ်ခုမှာ ဝါသီးနှံစိုက်ပျိုးသည့် ပတ်ဝန်းကျင်အခြေအနေပင်ဖြစ်သည်။ နိုင်းမြစ်ဝကျွန်းပေါ်ဒေသသည် ပရိမီယံဝါများ စိုက်ပျိုးရန်အတွက် ပြီးပြည့်စုံလုနီးပါးဖြစ်သော အခြေအနေများကို အပြည့်အဝ ပံ့ပိုးပေးထားသည်။

> **၂၀၀၀ ပြည့်လွန်နှစ်များတွင် အီဂျစ်သည် ခေတ်မီစိုက်ပျိုးရေးနည်းစနစ်များကို စတင်ကျင့်သုံးလာခဲ့သည်။ ကမ္ဘာလုံးဆိုင်ရာစံချိန်စံညွှန်းများ တိုးတက်ပြောင်းလဲလာသည်နှင့်အမျှ နိုင်ငံအတွင်း၌ သိပ္ပံနည်းကျ စိုက်ပျိုးရေးစနစ်များကို ရင်းနှီးမြှုပ်နှံခဲ့သည်။ ပိုမိုကောင်းမွန်သော ဝါကြိတ်နည်းစနစ်များနှင့် ပိုမိုရှင်းလင်းတိကျသည့် အမျိုးအစားခွဲခြားမှုစနစ်များကိုလည်း အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ကြသည်။ ဤကဲ့သို့ ကြိုးပမ်းအားထုတ်မှုများ၏ ရလဒ်အနေဖြင့် ဝါအမျှင်အရည်အသွေးနှင့် အထွက်နှုန်းတို့သည် သိသိသာသာ ပြန်လည်မွေးဖွားလာခဲ့ပါသည်။ ထိုအချက်များကြောင့်ပင် အီဂျစ်ဝါဂွမ်းအပေါ် ထားရှိသော နိုင်ငံတကာ၏ ယုံကြည်မှုသည်လည်း ပြန်လည်မြင့်တက်လာခဲ့**

ထိုဒေသသည် နေရောင်ခြည်အလုံအလောက်ရရှိသည့်အပြင် နွေးထွေးသောအပူချိန်များကိုလည်း ပံ့ပိုးရရှိနေသော နေရာတစ်ခုဖြစ်သည်။ ထို့အပြင် နိုင်းမြစ်၏ ရာသီအလိုက် ရေကြီးမှုများမှ သမိုင်းစဉ်ဆက် ဖြည့်တင်းပေးထားသော မြေဆီ ဩဇာကြွယ်ဝသည့် မြေဆီလွှာကိုလည်း ရရှိထားသည်။ ဤအခြေအနေများက ဝါပင်ကို ဖြည်းဖြည်း ချင်းကြီးထွားစေပြီး ပိုမိုခိုင်ခံ့ကာ သေးငယ်နုနယ် သောအမျှင်များကို ဖြစ်ပေါ်လာစေသည်။ ရာသီဥတု နှင့် စိုက်ပျိုးမှုဧရိယာထုံးတမ်းတို့၏ ဤသို့ပေါင်းစပ်မှုကို တခြားနေရာများတွင် အတုယူလုပ်ဆောင်ရန် ခက်ခဲကြောင်း အထည်အလိပ်ပညာရှင်များက ယုံကြည်ကြသည်။

ဂုဏ်သတင်းကို ကာကွယ်ခြင်းနှင့် စက်မှုလုပ်ငန်း တိုးတက်လာမှု

ဤကဲ့သို့ တန်ဖိုးကြီးမားလှသော အီဂျစ်ဝါဂွမ်း၏ ဂုဏ်သတင်းကိုကာကွယ်ရန် ၁၉၀၉ ခုနှစ်တွင် Alcatexa ကို ဖွဲ့စည်းခဲ့သည်။ အလက်ဇန္ဒရီးယား ဝါဂွမ်းပွိုကုန်လုပ်ငန်းရှင်များအသင်းက ကုန်သွယ်မှုကို စည်းမျဉ်းသတ်မှတ်ရန်နှင့် အရည်အသွေး စံချိန် စံညွှန်းများကိုထိန်းသိမ်းရန် ပေါ်ပေါက်လာခြင်းဖြစ်သည်။ ၎င်းက လေလံပွဲများနှင့် ပို့ကုန်များကို စီမံခန့်ခွဲပေးပြီး အီဂျစ်ဝါဂွမ်း၏ ပရိမီယံအဆင့်အတန်းကို ဆက်လက်ထိန်းသိမ်းနိုင်ရန် ဆောင်ရွက်ခဲ့သည်။

၁၉၅၂ ခုနှစ် အီဂျစ်တော်လှန်ရေးအပြီးတွင် ဝါစက်မှုလုပ်ငန်းကို နိုင်ငံပိုင်အဖြစ် အပြည့်အဝ ပြောင်းလဲခဲ့သည်။ ဝါကို နိုင်ငံ၏ စီးပွားရေးအသက် သွေးကြောအဖြစ် အသိအမှတ်ပြုကာ စိုက်ပျိုးမှုနှင့် ကုန်သွယ်မှုတို့ကို နိုင်ငံတော်က တိုက်ရိုက်ထိန်းချုပ် ထုတ်လုပ်နိုင်ခြင်းက အီဂျစ်နိုင်ငံ၏ ပြည်တွင်းစီးပွား ရေးကို များစွာအားကောင်းလာစေခဲ့သည်။ ထို့အပြင် နိုင်ငံအတွင်းရှိ လူသောင်းနှင့်ချီသော ပြည်သူများ အတွက်လည်း အလုပ်အကိုင် အခွင့်အလမ်းများစွာ ကို ဖန်တီးပေးနိုင်ခဲ့ပါသည်။ သို့ဖြစ်၍ ထိုကာလများ သည် အီဂျစ်ဝါကဏ္ဍ၏ စက်မှုအင်အားကို ကမ္ဘာ သို့ချပြနိုင်ခဲ့သော အချိန်ကာလများပင်ဖြစ်ခဲ့သည်။

နှစ်ပေါင်းများစွာကြာမြင့်ပြီးနောက် ၂၀၀၀ ပြည့်လွန်နှစ်များတွင် အီဂျစ်သည် ခေတ်မီစိုက်ပျိုး ရေးနည်းစနစ်များကို စတင်ကျင့်သုံးလာခဲ့သည်။ ကမ္ဘာလုံးဆိုင်ရာ စံချိန်စံညွှန်းများ တိုးတက် ပြောင်းလဲလာသည်နှင့်အမျှ နိုင်ငံအတွင်း၌ သိပ္ပံ နည်းကျ စိုက်ပျိုးရေးစနစ်များကို ရင်းနှီးမြှုပ်နှံခဲ့ သည်။ ပိုမိုကောင်းမွန်သော ဝါကြိတ်နည်းစနစ်များ နှင့် ပိုမိုရှင်းလင်းတိကျသည့် အမျိုးအစားခွဲခြားမှု စနစ်များကိုလည်း အကောင်အထည်ဖော် ဆောင်ရွက် ခဲ့ကြသည်။ ဤကဲ့သို့ ကြိုးပမ်းအားထုတ်မှုများ၏ ရလဒ်အနေဖြင့် ဝါအမျှင်အရည်အသွေးနှင့် အထွက် နှုန်းတို့သည် သိသိသာသာ ပြန်လည်မွေးဖွားလာ ခဲ့ပါသည်။ ထိုအချက်များကြောင့်ပင် အီဂျစ်ဝါဂွမ်း အပေါ်ထားရှိသော နိုင်ငံတကာ၏ ယုံကြည်မှုသည် လည်း ပြန်လည်မြင့်တက်လာခဲ့သည်။ စစ်မှန်သော အီဂျစ်ဝါဂွမ်း၏ တန်ဖိုးကြီးမားမှုသည် ယနေ့တိုင် အောင် အခိုင်အမာ ဆက်လက်ရပ်တည်နိုင်ခဲ့ခြင်းပင် ဖြစ်သည်။

ယနေ့ခေတ် စိန်ခေါ်မှုများနှင့် အတုအယပြဿနာများ

ယနေ့ခေတ်တွင် အီဂျစ်ဝါဂွမ်းဟူသော အသုံး အနှုန်းနှင့်ပတ်သက်၍ စားသုံးသူများအကြားတွင် ရွှမ်းထွေးမှုများစွာ ရှိနေပါသေးသည်။ စားသုံးသူ အများအပြားက ထုတ်ကုန်တစ်ခုတွင် ဤတံဆိပ် ပါဝင်နေရုံဖြင့် အရည်အသွေးပိုကောင်းမည်ဟု အလိုအလျောက် ယူဆတတ်ကြသည်။ သို့သော် မကြာသေးမီ ဆယ်စုနှစ်များအတွင်း လူကြိုက်များ လာမှုကြောင့် မှားယွင်းစွာ တံဆိပ်တပ်မှုများနှင့် အတုအယထုတ်ကုန်များ ကျယ်ကျယ်ပြန့်ပြန့် ပေါ်ထွက်လာခဲ့ပါသည်။ အချို့ထုတ်လုပ်သူများက အီဂျစ်ဝါကို စျေးသက်သာသော ဝါမျိုးကွဲများနှင့် ရောစပ်ကာ ပရိမီယံအဖြစ် စျေးကွက်တင်ရောင်းချ ခဲ့ကြသည်။ အချို့ဆိုလျှင် စစ်မှန်သော အီဂျစ် ဝါဂွမ်းမျှင် နည်းနည်းလေးသာ ပါဝင်သည့် သို့မဟုတ် လုံးဝမပါဝင်သည့် ပစ္စည်းများတွင်ပင် ဤနာမည်ကို အသုံးပြုလာကြပါသည်။ စုံစမ်းစစ်ဆေးမှုများအရ အီဂျစ်ဝါဂွမ်းဟု တံဆိပ်တပ်ထားသော ထုတ်ကုန် အများအပြားမှာ လုည့်စားကြော်ငြာထားခြင်းဖြစ် ကြောင်း ဝမ်းနည်းဖွယ်ရာ တွေ့ရှိခဲ့ရသည်။

ထိုသို့ အတုအယပြုလုပ်ခြင်းများက စားသုံးသူ များ၏ ယုံကြည်မှုကို များစွာထိခိုက်စေခဲ့ပြီး အမှတ် တံဆိပ်ကို ကာကွယ်ရန် လိုအပ်လာခဲ့ပါသည်။ ထို့ကြောင့် ၂၀၀၄ ခုနှစ်တွင် အီဂျစ်ဝါဂွမ်းအသင်း (Cotton Egypt Association – CEA) ကို တရားဝင် စတင်ဖွဲ့စည်းခဲ့သည်။ ဤအဖွဲ့အစည်းက စစ်မှန် သော အီဂျစ်ဝါဂွမ်းထုတ်ကုန်များကို စစ်ဆေးပေးရန် အသိအမှတ်ပြုစနစ်များဖန်တီးကာ အတုအယများ ကို ကာကွယ်ပေးပါသည်။ DNA စစ်ဆေးခြင်း၊ ထောက်ပံ့မှု ကွင်းဆက်စစ်ဆေးခြင်းများနှင့် နိုင်ငံတကာ လိုင်စင်ထုတ်ပေးခြင်းများကိုပါ စနစ် တကျ ပြုလုပ်လာခဲ့ကြပါသည်။

၂၀၁၅ ခုနှစ်သို့ရောက်သောအခါ ကမ္ဘာလုံး ဆိုင်ရာ ယုံကြည်မှုသင်္ကေတတစ်ခုဖြစ်သည့် အီဂျစ် ဝါဂွမ်းအမှတ်တံဆိပ် (logo) ပေါ်ထွက်လာခဲ့ပါသည်။ ယနေ့ခေတ်တွင် အဆိုပါအမှတ်တံဆိပ်သည် အမျှင် တိုင်းကို အီဂျစ်နိုင်ငံ၏ မြေဆီလွှာအထိ ခြေရာခံ နိုင်ကြောင်း သေချာစွာ အသိအမှတ်ပြုပေးနေပြီ ဖြစ်သည်။

ချည်မျှင်အရေအတွက်နှင့် ထူးခြားသော အရည်အသွေးများ

ဝါနှင့်ပတ်သက်၍ လူအများစုကြားတွင် ချည်မျှင်အရေအတွက်နှင့်ပတ်သက်သော အထင် အမြင်လွဲမှားမှုများလည်း ရှိနေတတ်သည်။ လူအများ အပြားက ချည်မျှင်အရေအတွက် ပိုများပါက အိပ်ရာခင်းပိုကောင်းသည်ဟု ယုံကြည်ကြသော်လည်း အမြဲတမ်း မှန်ကန်နေခြင်းတော့မဟုတ်ပါ။ ချည်မျှင်အရေအတွက်က အတိုင်းအတာတစ်ခုအထိ အရေးပါသော်လည်း ဝါအမျှင်များ၏ အရည်အသွေး ကသာ ပို၍အရေးကြီးသောအချက်ဖြစ်ပါသည်။ ချည်မျှင်အရေအတွက် အလယ်အလတ်ရှိသော စစ်မှန်သည့် အီဂျစ်ဝါသည် ဂဏန်းများပြားသော စျေးပေါသည့်အထည်များထက် ပိုမိုနူးညံ့ပြီး ကြာရှည်ခံသည်။

အချို့သော ထုတ်လုပ်သူများက ပိုမိုဖိမ်ကျကျ ဖြစ်နေသယောင်ထင်ရစေရန် ကြိုးမျှင်ပေါင်းများစွာ ကို အသုံးပြုပြီး ချည်မျှင်အရေအတွက်ကို လှည့်စား တတ်ကြသည်။ အမှန်တကယ်တွင် ထုပ်ပိုးမှုအပေါ် မှ အမြင့်ဆုံးဂဏန်းကို ရှာဖွေခြင်းထက် စစ်မှန်သော အရည်အသွေးချည်မျှင်နှင့် ကောင်းမွန်သောရက်လုပ်မှု ပေါင်းစပ်ခြင်းကသာ အရေးပါသည်။

စာမျက်နှာ ၁၇ သို့ ○

လေးမျက်နှာမြို့ပေါ်ရပ်ကွက်များနှင့် ပတ်ဝန်းကျင်ကျေးရွာများ၊ ဟင်္သာတမြို့နယ်၊ ရေကြည်မြို့နယ်၊ ကျုံပျော်မြို့နယ်နှင့် ပတ်ဝန်းကျင်ကျေးရွာများတွင် ရေဘေးကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်၊ ရေကျဆင်းသွားသည့်နေရာများအား သန့်ရှင်းရေးဆောင်ရွက်

နေပြည်တော် သြဂုတ် ၁၁

ဧရာဝတီတိုင်းဒေသကြီး လေးမျက်နှာမြို့နယ်တွင် ၂၀၂၆ ခုနှစ် ဇူလိုင် ၃၀ ရက် ညပိုင်းတွင် မိုးသည်းထန်စွာရွာသွန်းမှုနှင့် မြစ်ရေတိုက်စားမှုကြောင့် ဝန်မြစ်ရေကာတာ၏အောက်ခံမြစ်ကျိုးအင်းသဲကြောမှ ထူးပေါက်၍ ရေဖြတ်သန်းစီးဆင်းမှု ဖြစ်ပွားခဲ့သဖြင့် ယနေ့အထိ လေးမျက်နှာမြို့ မြို့ပေါ်ရပ်ကွက် ငါးခု၊ မြို့တွင်းလမ်းမကြီးများနှင့် ပတ်ဝန်းကျင်ကျေးရွာ ၁၂ ရွာ၊ ဟင်္သာတမြို့နယ်တွင် ကျေးရွာ ၃၇ ရွာ၊ ရေကြည်မြို့ပေါ်ရပ်ကွက်နှစ်ခုနှင့် ပတ်ဝန်းကျင်ကျေးရွာ ၂၄ ရွာ၊ ငသိုင်းချောင်းမြို့ မြို့ပေါ်ရပ်ကွက် နှစ်ခုနှင့် ကျုံပျော်မြို့နယ်တွင် ကျေးရွာခြောက်ရွာ စုစုပေါင်း မြို့ပေါ်ရပ်ကွက်ကိုးခုနှင့် ကျေးရွာ ၁၈၈ ရွာသို့ ရောဂါရောက်မှုများ ဖြစ်ပွားခဲ့သည်။

ထိုကြောင့် အနောက်တောင်တိုင်းစစ်ဌာနချုပ်မှ နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ လူမှုကယ်ဆယ်ရေးအဖွဲ့များ၊ ပရဟိတအဖွဲ့များနှင့် ဒေသခံတိုင်းရင်းသားများစုပေါင်း၍ ရေဘေးသင့်ပြည်သူများအား ရှာဖွေကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးခြင်း၊ စားသောက်ဖွယ်ရာများ လိုက်လံပို့ဆောင်ပေးခြင်း၊ လိုအပ်သောကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိပြီး ဝန်ပန်းတာမှ ရေဝင်လမ်း ထိန်းချုပ်ကာကွယ်နိုင်ရန်အတွက် ဝန်ပန်းတာရေဝင်လမ်းအား (Geobags) အိတ်များချခြင်း၊ မျောတုတ်တန်းများအတွင်း သဲအိတ်များဖြည့်၍ ကာကွယ်ခြင်း၊ Steel Sheet Pile ရိုက်သွင်းခြင်း လုပ်ငန်းများကို အရှိန်အဟုန်မြှင့် ဆက်လက်ဆောင်ရွက်လျက်ရှိသည်။



ထို့ပြင် ရေပြန်လည်ကျဆင်းသွားသည့်နေရာများရှိ စာသင်ကျောင်းများတွင် နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ပရဟိတအသင်းအဖွဲ့များက စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။ ထိုသို့ သန့်ရှင်းရေးဆောင်ရွက်နေမှုများကို အနောက်တောင်တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုပြီး လိုအပ်သည်များ ပေါ်ပေးစပ်ညှိနှိုင်း ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

မူဆယ်မြို့၌ မိုးရာသီဘေးလုံးသင်တန်းဆင်း

မူဆယ် သြဂုတ် ၁၁

ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်မြို့တွင် ခရိုင်အားကစားနှင့်ကာယပညာဦးစီးဌာနက ကြီးမှူးဖွင့်လှစ်သည့် Football For School Program အရ မိုးရာသီဘေးလုံး သင်တန်းဆင်းပွဲ အခမ်းအနားကို ယမန်နေ့မွန်းလွဲ ၃ နာရီက ခရိုင်အားကစားကွင်း၌ ကျင်းပသည်။

အခမ်းအနားတွင် ဘေးလုံးအားကစားသင်တန်းမှ အားကစားသမားများက ဘေးလုံးစွမ်းရည်သရုပ်ပြခဲ့ကြပြီး Beauty Angels Dance အက အဖွဲ့က Waka Waka သီချင်းနှင့် ကျေးဇူးကန္တာကိုယ်ပိုင်ကျောင်း အက အဖွဲ့က Dai Dai သီချင်းတို့ဖြင့် ကပြဖျော်ဖြေခဲ့သည်။ ဆက်လက်၍ ကရာတေး သင်တန်းသား သင်တန်းသူများက ကရာတေးကစားကွက်ဖြင့် သရုပ်ပြကစားခဲ့ကြပြီး ဘောလုံးသင်တန်းနည်းပြများနှင့် ကပြဖျော်ဖြေခဲ့ကြသည့်အဖွဲ့သုံးဖွဲ့အား တာဝန်ရှိသူများက ချီးမြှင့်ငွေများ ပေးအပ်ကြသည်။

အဆိုပါ မိုးရာသီဘေးလုံးသင်တန်းကို မူဆယ်ခရိုင်အားကစားနှင့် ကာယပညာဦးစီးဌာနမှ Football For School Program အရ သင်တန်းသား ၁၀၀ ဖြင့် ရက် ၄၀ ကြာ ဖွင့်လှစ်ပို့ချခြင်းဖြစ်ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)



❖ မြန်မာ့လက်ရွေးစင်အသင်းမှ

မြန်မာ့လက်ရွေးစင် အသင်းနည်းပြချုပ် အန်ဒါဆင်သည် လာမည့်ပြိုင်ပွဲအတွက် ပြင်ဆင်မှုများစတင်ပြုလုပ်နေပြီး ကစားသမားများရွေးချယ်ရန် ပြည်တွင်းလူငယ်ပွဲစဉ်အချို့ကို လိုက်လံကြည့်ရှုလျက်ရှိသလို ကစားသမားများ၏ကြွံ့ခိုင်မှုအပိုင်းအတွက်လည်း စစ်ဆေးမှုများ ပြုလုပ်မည်ဖြစ်သည်။ ပြီးခဲ့သည့် အာဆီယံဟွန်ဒိုင်းဖလား ပြိုင်ပွဲတွင် မြန်မာအသင်းအနေဖြင့် အုပ်စုအဆင့်မှ ထွက်ခွာခဲ့သော်လည်း ဖိလစ်ပိုင်နှင့် လာအိုအသင်းကို ဂိုးပြတ် အနိုင်ရခဲ့သည့်အပြင် ပရိသတ်လက်ခံခဲ့ကြသည့် ခြေစွမ်းနှင့် စွမ်းဆောင်ရည်ပြသနိုင်ခဲ့သဖြင့် လာမည့် FIFA-Asean Cup ပြိုင်ပွဲတွင် အောင်မြင်မှုရရှိရန် အချိန်ယူပြင်ဆင်နေခြင်းဖြစ်သည်။

၂၀၂၆ FIFA-Asean Cup ပြိုင်ပွဲကို အဆင့်နှစ်ဆင့်ခွဲ ကျင်းပမည်ဖြစ်ပြီး Premier Division တွင် အသင်းရှစ်သင်း၊ Challenge Division တွင် အသင်းခြောက်သင်း ပါဝင်မည်ဖြစ်သည်။ အုပ်စုခွဲဝေထားမှုအရ Premier Division အုပ်စု (A) တွင် အင်ဒိုနီးရှား၊ အိန္ဒိယ၊ မလေးရှား၊ စင်ကာပူ၊ အုပ်စု (B)တွင် ဗီယက်နမ်၊ ပါကစ္စတန်၊ ထိုင်း၊ ဖိလစ်ပိုင်၊ Challenge Division အုပ်စု (A)တွင် ဟောင်ကောင်၊ မြန်မာ၊ ဘရူနိုင်း၊ အုပ်စု(B)တွင် ကမ္ဘောဒီးယား၊လာအို နှင့် တီမောအသင်းတို့ပါဝင်သည်။

ပြိုင်ပွဲကို စက်တင်ဘာ ၂၄ ရက်မှ အောက်တိုဘာ ၄ ရက်အထိ ကျင်းပမည်ဖြစ်ပြီး Premier Division ပွဲစဉ်များကို အင်ဒိုနီးရှားနိုင်ငံ၊ Challenge Division ပွဲစဉ်များကို ဟောင်ကောင်၌ ကျင်းပမည်ဖြစ်သည်။ ပြိုင်ပွဲစဉ်းမျဉ်းအရ ဝင်ရောက်ယှဉ်ပြိုင်သည့် အသင်းအားလုံးကို ခရီးစရိတ်နှင့်အထွေထွေအသုံးစရိတ် ဒေါ်လာ ၁၂၀၀၀ ထောက်ပံ့မည်ဖြစ်ပြီး Challenge Division ချန်ပီယံအသင်းကဆုကြေး ဒေါ်လာသုံးသိန်း၊ Premier Division ချန်ပီယံအသင်းက ဆုကြေး ဒေါ်လာတစ်သန်း ရရှိမည်ဖြစ်သည်။

သတင်း - ညီမြတ်သော်တာဓာတ်ပုံ - စိုးညွှန့်သော်

❖ မုတ်သုံလေမှ

ရှမ်းပြည်နယ်တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး အချို့ဒေသများတွင် နေရာကွက်၍ မိုးကြိုးနိုင်သည်။

မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၉ ပေမှ ၁၁ ပေခန့် ရှိနိုင်သည်။

သို့ဖြစ်ပါ၍ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေ အားကောင်းနေခြင်းကြောင့်လည်းကောင်း၊ ဘင်္ဂလားပင်လယ်အော်အနောက်မြောက်ပိုင်းတွင် လေထုမငြိမ်မသက်မှုများ ဖြစ်ပေါ်နေခြင်းကြောင့်လည်းကောင်း၊ မိုးတိမ်တောင်များဖြစ်ထွန်းမှုအားကောင်းနေခြင်းကြောင့် လည်းကောင်း မိုးသည်းထန်စွာ ရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ ရုတ်တရက်ကြေးခြင်းနှင့် မြေပြိုခြင်းစသည့် သဘာဝဘေးအန္တရာယ်များဖြစ်ပေါ်နိုင်ပါသဖြင့် ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်နှင့် မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီး၊ ရေလျှံမှုများကို ကြိုတင်သတိပြုနိုင်ပါရန်နှင့် ပြည်တွင်းလေကြောင်းပျံသန်းရေး၊ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်ငယ်ရှိ ကမ်းနီး၊ ကမ်းဝေး ငါးဖမ်းရေယာဉ်များ၊ သင်္ဘောများအနေဖြင့်လည်း ကြိုတင်သတိပြုနိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်။

မိုး/ဧလ

❍ စာမျက်နှာ ၁၆ မှ

အီဂျစ်ဝါဂွမ်းကို လူအများက ဤမျှတန်ဖိုးထားရသည့် အဓိကအကြောင်းရင်းတစ်ခုမှာ အချိန်ကြာလာသည်နှင့်အမျှ ပိုမိုနူးညံ့လာနိုင်ခြင်းကြောင့် ဖြစ်ပါသည်။ သာမန်အထည်အများစုက ထပ်ကာတလဲလဲ လျှော်ဖွပ်ပြီးနောက်တွင် တဖြည်းဖြည်း ပျက်စီးလာတတ်ကြသည်မှာ သဘာဝပင်ဖြစ်သည်။ သို့သော် အရည်အသွေးမြင့်မားသော အီဂျစ်ဝါဂွမ်းကမူ အချိန်ကြာလာသည်နှင့်အမျှ အရည်အသွေး ပိုမိုကောင်းမွန်လာတတ်သည့် ထူးခြားချက်ရှိပါသည်။

ယင်း၏ အမျှင်များသည် ပိုမိုပြေလျော့လာပြီး ခိုင်ခံ့မှုကို ထိန်းသိမ်းထားရင်း တစ်ချိန်တည်းမှာပင် ပိုမိုချောမွေ့လာတတ်သည်။ ဤအချက်ကြောင့်ပင် အီဂျစ်ဝါဂွမ်းကို ပရီမီယံအိပ်ရာခင်းများ၊ ခေါင်းအုံးစွပ်များ၊ တာဘက်များနှင့် ဇိမ်ခံအဝတ်အထည်များအတွက် လူကြိုက်များကြခြင်းဖြစ်သည်။ ဤသို့သော နူးညံ့မှု၊ ခိုင်ခံ့မှုနှင့် ဇိမ်ခံနိုင်သည့် ခံစားမှုတို့က ၎င်းကို ကမ္ဘာတစ်ဝန်း ဒဏ္ဍာရီလာ နာမည်ကောင်းတစ်ခု ရရှိစေခဲ့သည်။

အီဂျစ်ဝါဂွမ်းသည် နူးညံ့ခိုင်ခံရုံသာမက လေဝင်လေထွက်လည်း အလွန်ကောင်းမွန်သည့်အတွက် သက်သောင့်သက်သာရှိမှုကို အပြည့်အဝပေးစွမ်းနိုင်သည်။ ယင်းသည် ဓာတုမျှင်သုံးအထည်များထက် လေကို ပိုမိုထိရောက်စွာ လှည့်ပတ်သွားလာခွင့်ပြုထားသောကြောင့် လူကိုအေးမြစေသည်။ ထို့ကြောင့် အီဂျစ်ဝါဂွမ်း အိပ်ရာခင်းများသည် ပိုနွေးသောရာသီဥတုများတွင် အိပ်စက်နေစဉ်အတွင်း ပိုမိုအေးမြကာ သက်သောင့်သက်သာရှိစေပါသည်။

သို့သော် အီဂျစ်ဝါဂွမ်းက အခြေအနေတိုင်း အတွက်တော့ အမြဲတမ်း ပြီးပြည့်စုံနေသည့်အရာ တစ်ခုမဟုတ်ပါ။ စစ်မှန်သော အီဂျစ်ဝါဂွမ်းထုတ်ကုန်များသည် စိုက်ပျိုးရေးနှင့် ထုတ်လုပ်ရေး လုပ်ငန်းစဉ်များတွင် လုပ်အား ပိုမိုလိုအပ်သဖြင့် ဈေးနှုန်းများစွာ ကြီးမြင့်နိုင်သည်။ ထို့အပြင် မည်သည့်စိုက်ပျိုးရေး ထုတ်ကုန်မှာမဆို အရည်အသွေးသည် ရိတ်သိမ်းမှုနှင့် ထုတ်လုပ်ရေးစံချိန်စံညွှန်းများအပေါ် မူတည်၍ ကွဲပြားနိုင်ပါသေးသည်။

ရေရှည်တည်တံ့ခိုင်မြဲရေးနှင့် အနာဂတ်အမွေအနှစ်

အီဂျစ်ဝါဂွမ်းတိုင်းက အလိုအလျောက် ထိပ်တန်းအရည်အသွေးဖြစ်မနေဘဲ အမေရိကန်နှင့် ပီရူးတို့မှ Pima ဝါဂွမ်းများကလည်း ယှဉ်ပြိုင်နိုင်စွမ်းရှိသည်ဟု ကျွမ်းကျင်သူအချို့က ဆိုကြသည်။ ထို့ကြောင့် အီဂျစ်နိုင်ငံသည် ၂၀၂၀ ပြည့်လွန်နှစ်များတွင် ယင်းတို့၏ ဝါဂွမ်းကဏ္ဍ ရေရှည်တည်တံ့ခိုင်မြဲရေး အပေါ် ပိုမိုအာရုံစိုက်လာခဲ့ပါသည်။ UNIDO ၊ Better Cotton နှင့် Cotton Connect စသည့် အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်မှုများကို စတင်ပြုလုပ်လာခဲ့ကြပါသည်။ ထိုမှတစ်ဆင့် သဘာဝပတ်ဝန်းကျင်ကို ထည့်သွင်းစဉ်းစားသော စိုက်ပျိုးရေးအလေ့အကျင့်များကို အကောင်အထည်ဖော်ဆောင်ရွက်လာနိုင်ခဲ့သည်။ အသေးစား တောင်သူလယ်သမားများကို စွမ်းဆောင်ရည်မြှင့်တင်ပေးခြင်းနှင့် ရေအသုံးပြုမှု လျော့ချခြင်းများကိုလည်း စနစ်တကျ ပြုလုပ်ခဲ့ကြပါသည်။ ထို့အပြင် ထောက်ပံ့မှု ကွင်းဆက်တစ်လျှောက်လုံးတွင် ကျင့်ဝတ်နှင့်ညီသော အလုပ်သမားရေးရာအခြေအနေများကိုလည်း အထူးဦးစားပေး ဆောင်ရွက်လာခဲ့ကြသည်။

ဆောင်းပါးကို နိဂုံးချုပ်ပါမည်။ အီဂျစ်ဝါဂွမ်းဆိုသည်မှာ စျေးကွက်ရှာဖွေရေးအတွက် အသုံးအနှုန်းသက်သက် လုံးဝမဟုတ်ပါ။ စစ်မှန်သော အီဂျစ်ဝါဂွမ်းသည် ရာစုနှစ်ပေါင်းများစွာ ကြာမြင့်ခဲ့ပြီဖြစ်သော စိုက်ပျိုးရေးဓလေ့ထုံးတမ်းနှင့် ထူးခြားသည့် ပတ်ဝန်းကျင်အခြေအနေများကို ကိုယ်စားပြုပါသည်။ ယနေ့ခေတ်တွင် အီဂျစ်ဝါဂွမ်းသည် အထည်တစ်စထက်ပိုပြီး ဂရုတစိုက် စိုက်ပျိုးထားကာ အနာဂတ်အတွက် အသိအမှတ်ပြုလက်မှတ်ရရှိထားသော အမွေအနှစ်တစ်ခုဖြစ်သည်။

သို့သော် ဇိမ်ခံပစ္စည်းအများစုကဲ့သို့ပင် အသေးစိတ်အချက်အလက်များကို မှန်ကန်စွာ နားလည်သဘောပေါက်ရန် အလွန်အရေးကြီးသည်။ နောက်တစ်ကြိမ် တံဆိပ်တစ်ခုပေါ်တွင် အီဂျစ်ဝါဂွမ်းဟုတွေ့သည့်အခါ နိုင်းမြစ်ကမ်းပါးမှ ကမ္ဘာတစ်ဝန်းသို့ ကျယ်ပြန့်လာသော ဇာတ်လမ်းတစ်ပုဒ်ရှိနေကြောင်း သိလာပါလိမ့်မည်။ အဘယ်ကြောင့် ဆိုသော် အီဂျစ်ဝါဂွမ်းသည် ချည်မျှင်တစ်ခုမျှသာ မဟုတ်ဘဲ အမျှင်တိုင်းတွင် ရာဇ်လုပ်ထားသော သမိုင်းကြောင်းခရီးစဉ်တစ်ခုဖြစ်နေသောကြောင့်ပင် ဖြစ်သည်။ ။

နယ်သာလန်နောက်ခံလူ ဗန်ဒီဗင် စပါးအသင်းနှင့် ခြောက်နှစ်သက်တမ်းရှိ စာချုပ်သစ်တစ်ရပ်ချုပ်ဆို



နယ်သာလန်ကြယ်ပွင့် ဗန်ဒီဗင်ဟာ ပရီမီယာလိဂ်ကလပ် စပါးအသင်းနဲ့ ကာလရှည်စာချုပ်သစ်တစ်ရပ် ထပ်တိုးချုပ်ဆိုလိုက်ပြီဖြစ်ပါတယ်။

နောက်တန်းကစားသမား ဗန်ဒီဗင်ဟာ ၂၀၂၃ ခုနှစ်က ဝုလ်ဗ်ဖ်ဘတ်အသင်းကနေ စပါးအသင်းဆီပြောင်းရွှေ့ခဲ့တာဖြစ်ပြီး လက်ရှိအချိန်မှာ ခြောက်နှစ်သက်တမ်းရှိ စာချုပ်သစ်တစ်ရပ် ထပ်တိုးချုပ်ဆိုလိုက်ပြီဖြစ်တာကြောင့် စပါးအသင်းမှာ ၂၀၂၉ ခုနှစ်အထိ ဆက်ရှိနေမှာလည်းဖြစ်ပါတယ်။

နောက်ခံလူ ဗန်ဒီဗင်ဟာ စပါးအသင်းက ရောဘတ်တိုဒီဇောဘီအား အသင်းရဲ့နည်းပြသစ်အဖြစ် မခန့်အပ်မီက စပါးအသင်းမှာ ဆက်ရှိဖို့ မသေချာခဲ့ပေမယ့် လက်ရှိမှာ စပါးအသင်းနဲ့အတူ ခြောက်နှစ်သက်တမ်းရှိ စာချုပ်သစ်တစ်ရပ်ချုပ်ဆိုဖို့ ဆုံးဖြတ်ခဲ့တာဖြစ်ပါတယ်။ ဗန်ဒီဗင်ဟာ ၂၀၂၅ ခုနှစ်က စပါးအသင်းနဲ့အတူ ယူရိုပါလိဂ်ဖလားရယူပေးခဲ့ပြီး ပြီးခဲ့တဲ့ဘောလုံးရာသီကလည်း ပရီမီယာလိဂ်နောက်ဆုံးခုနစ်ပွဲမှာ အသင်းခေါင်းဆောင်အဖြစ် ပါဝင်ကစားပေးခဲ့ကာ စပါးအသင်းကို တန်းမဆင်းရရေး စွမ်းဆောင်ပေးနိုင်ခဲ့တာဖြစ်ပါတယ်။ ဗန်ဒီဗင်ဟာ စပါးအသင်းနဲ့အတူ ပြိုင်ပွဲစုံ ၉၆ ပွဲ ပါဝင်ကစားပေးခဲ့ပြီး နယ်သာလန်နိုင်ငံ လက်ရွေးစင်အသင်းအတွက်တော့ နိုင်ငံတကာပွဲစဉ် ၂၄ ပွဲ ပါဝင်ကစားပေးထားတာဖြစ်ပါတယ်။

စပါးအသင်းဟာ ပြီးခဲ့တဲ့ဘောလုံးရာသီက အမှတ်ပေးဇယားအဆင့် ၁၇ နေရာနဲ့ ရာသီကုန်ဆုံးခဲ့တာကြောင့် ယခုအပြောင်းအရွှေ့ကာလမှာ နယူးကာဆယ်အသင်းမှ တိုနာသီကို အသင်းရဲ့စံချိန်တင်ပြောင်းရွှေ့ကြေးပေါင် သန်း ၁၀၀ နဲ့ခေါ်ယူခဲ့မှုအပါအဝင် ကစားသမား ခေါ်ယူမှုအတွက် ပေါင် ၂၃၇ သန်း သုံးစွဲထားတာဖြစ်ပါတယ်။

ဒွေကြေယ်



ရတနာသစ်တော ပြည့်သွေးကြော သစ်တော ရတနာ ထိန်းသိမ်းပါ

ဧရာဝတီတိုင်းဒေသကြီး လေးမျက်နှာမြို့နယ်မှ ရေဘေးသင့် ပြည်သူများအတွက် သန့်လျင်မြို့နယ် ဂီတအစည်းအရုံးမှ အလှူငွေကျပ် ၇၁ သိန်းကို ဩဂုတ် ၁၁ ရက်က သန့်လျင်မြို့နယ် ဂီတအစည်းအရုံး ဥက္ကဋ္ဌ ဦးမြင့်ဝင်း (ဂီတစာဆို-တက်လူမော်)နှင့် အဖွဲ့က ပေးအပ်လှူဒါန်းရာ မြန်မာနိုင်ငံဂီတအစည်းအရုံး(ဗဟို) ဥက္ကဋ္ဌ ဦးလွင်မြင့်က လက်ခံရယူစဉ်။

သန်းဝင်း(သန့်လျင်)

၁၁ - ၈ - ၂၀၂၆ ရက်နေ့ ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေတစ်ကျပ်သား (၁၆.၃၅၃၃၂၅ ဂရမ်)၏ ဈေးနှုန်းမှာ ဒွေကျပ် ၇၀၀၀၀၀ ဖြစ်သည်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ

ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၁၂-၈-၂၀၂၆ ကျပ်/လီတာ

Fuel (လက်လီဈေးနှုန်း)	ရန်ကုန်	မန္တလေး	နေပြည်တော်	မုံရွာ	မကွေး	တောင်ငူ	မန္တလေး	ပုသိမ်	မြန်တြိုးရား	စစ်ကိုင်း	ကသာ	မော်လမြိုင်	လားရှိုး	တောင်ကြီး	ထွေ့ဝိုင်ကော်	ဟားခါး
92 Ron	၃၈၄၀	၃၉၉၅	၃၉၆၅	၃၈၅၅	၄၀၀၀	၄၀၁၅	၄၀၆၅	၃၉၂၅	၄၂၉၅	၄၀၂၅	၃၉၆၅	၄၀၅၅	၄၀၃၅	၃၉၉၅	၄၀၀၅	၄၂၈၅
95 Ron	၃၉၅၀	၄၀၈၅	၄၀၇၅	၃၉၆၅	၄၁၀၀	၄၁၂၅	၄၁၆၀	၄၀၃၅	၄၄၀၅	၄၁၃၅	၄၀၇၅	၄၁၀၅	၄၁၀၅	၄၁၀၅	၄၁၀၅	၄၁၃၅
HSD (500 ppm)	၄၁၅၅	၄၂၀၀	၄၂၂၅	၄၁၇၀	၄၂၀၅	၄၂၂၀	၄၂၅၀	၄၂၂၅	-	၄၃၀၅	၄၂၂၅	၄၂၆၀	၄၂၀၀	၄၂၀၀	၄၂၀၀	၄၂၆၀
HSD (50 ppm)	၅၀၅၀	၅၂၀၅	၅၀၆၅	၅၀၆၅	၅၂၂၀	၅၂၂၀	၅၂၆၅	၅၀၃၅	၅၀၆၀	၅၀၆၅	၅၂၀၅	၅၂၀၅	၅၂၀၅	၅၂၀၅	၅၂၀၅	၅၂၆၅
HSD (10 ppm)	၅၀၅၀	၅၂၀၅	၅၀၆၅	၅၀၆၅	၅၂၂၀	၅၂၂၀	၅၂၆၅	၅၀၃၅		၅၀၆၀	၅၀၆၅	၅၂၀၅	၅၂၀၅	၅၂၀၅	၅၂၀၅	၅၂၆၅

ကျပ်/လီတာ

Fuel (လက်ကားဈေးနှုန်း)	ရန်ကုန်	မန္တလေး
92 Ron	၃၆၆၀	၃၈၀၉
95 Ron	၃၈၄၉	၃၈၅၄
HSD (500 ppm)	၃၉၅၅	၄၀၆၃
HSD (50 ppm)	၄၀၀၀	၄၀၃၄
HSD (10 ppm)	၄၀၀၀	၄၀၃၄

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများ၁၀ယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၁၁၇၇၁၊ ၀၉-၂၅၄၆၂၇၄၇၇

၀၆၇- ၄၁၁၂၈၂၂ ၀၉-၆၈၀၅၅၉၉၈၈

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

မြန်မာ့အသံနှင့်ခွပ်မြင်သံကြား

၁၂-၀-၂၀၂၆ ဗုဒ္ဓဟူးနေ့

MRTV HD

၀၆:၀၀ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ သာသနတော်အမှုဆောင်နိုင်ငံတော်သံဃမဟာနာယကအဖွဲ့သာသနာ့ဝန်ထမ်းများ၏ ဂုဏ်တရားတော်ဂုဏ်တော်များ ချီးမြှင့်ခြင်း

၀၆:၃၀ ပဋ္ဌာန်းဝိဂ္ဂဟရဂ္ဂ တိဝိဂ္ဂာဂကောဋိဒေ မဟာဒဏ္ဍာရီဒီဂကအဂ္ဂမဟာပဏ္ဍိတာအဘိဓေ ဗဟာရဋ္ဌရဂ္ဂဘာသန္တသိဒ္ဓိနာဘိဝံသ (ဃောဆရာတော်)၏ထေရဂ္ဂါထာ (အပိုင်း-၅)

၀၇:၀၀ နဲနက်သင်းတင်း

၀၇:၃၀ သမဝါယမအသင်းများ၏လွှဲလို မျှတကုန်ကြေးများ ပိုမိုထုတ်လုပ်ရို

၁၁:၁၅ ကမ္ဘာတစ်လွှားအနုပညာသတင်းများ

၁၁:၃၀ MRTV National News

၁၄:၄၅ ပျံသုဂတ်ဝင်းဆိုးကရေတီးအဝေ့

၁၅:၃၀ Weekly Soccer Priveiw

၁၆:၂၅ ပတ်လာဇော်လင်းခြင်းလယ်ယာဝန်ထမ်း (ဒီးဇယ်မြေထုနှင့်ပန်းအစစ်အခြေကိုခံ လုပ်နည်း) (အပိုင်း-၃)

၁၇:၃၀ ကလေးယိမ်းများကနုန်းမာလုံး ကောင်းနှင့်ပန်းကျင်းသန့်ရှင်းပေး

၁၈:၄၀ NEXT LEVEL

၁၈:၅၅ International Youth Day (2026) (Video Clip)

၁၈:၅၅ သံဇင်းကြာစတိုရီယိုတားကမ္ဘာ

၁၉:၁၅ နိုင်ငံခြားဇာတ်လမ်းတွဲ 'စံဘီဝံတစ်ဇီ' (အပိုင်း-၆၁)

၂၀:၀၀ မြေတွင်းသတင်း၊ နိုင်ငံတကာသတင်း ပိုးလေဝသအခြေအနေ

၂၁:၀၀ သံဇင်းမြို့မြန်မာဇာတ်အရပ

၂၁:၂၀ ပြည်ရှင်တိုးပုံ (အပိုင်း-၃)

mitv

07:02 Evergreen Classic: Migadawon (Tekkatho Lei Lei)

07:09 The Art of Sand Painting

07:19 The Artistic Journey of Youth; Hein Htet Aung

07:35 Swiftlet Birds (Aerodramus Fuciphagus) (Part-I)

08:27 Beautiful Friendship (SEAVFC short Video Festival -Lamin)

08:41 The Man and The Elephant (Part-II)

09:01 Memorable Hainan Island

09:25 Discovering Tribes: Kanan their life and customs (Part-I)

Me

၀၆:၀၀ အတွင်း၀မ္မတာဇာသိချင်းများ

၀၆:၂၅ ကာတွန်း 'ပီးကောင်ကြီးဥဇျဉ်နှစ်ကားနှံး' (အပိုင်း-၄၀)

၀၆:၅၀ မြန်မာသံဆိုင်းများ

၀၇:၁၅ မြန်မာဇာတ်လမ်းတွဲ 'အလင်းဝေးဖျံဝေဟင်းတိုင်' (အပိုင်း-၇)

၀၇:၅၀ စတီရီယိုဝေးများ

၀၈:၁၀ နိုင်ငံခြားဇာတ်လမ်းတွဲ 'တန်ဒေးအမြြုးနဲ့အမုန်း' (အပိုင်း-၁၁)

၀၈:၅၀ ရုတ္တရာဇာတ်ကောင်ကြီး(ထေရပိုင်း)

၁၀:၁၅ Bollywood Hit Songs (37)

၁၀:၁၅ ရုတ္တရာဇာတ်ကောင်ကြီး(ဒုတိယပိုင်း)

MRTV NRC

ချင်း (လိုင်ဇိုး) (၀၆:၀၀ မှ ၀၇:၀၀)
ချင်းပလေးချက်သည်လှိုင်ဇုက်ဝမ္မာဆူပေါင်း

ချင်း (ဆျိး) (၀၇:၀၀ မှ ၀၈:၀၀)
တောင်ယာင်းသို့အလည်တစ်ပင်ဒါက်

မွန် (၀၈:၀၀ မှ ၁၀:၀၀)
ရာဇည်မြမ်းအလှတရားများ(အပိုင်း-၁၁)

ရခိုင် (၁၀:၀၀ မှ ၁၂:၀၀)
မြန်မာပြည်တစ်လွှားလူထုဆီအာဆီ ရခိုင်ပင်လယ်များ(သဘာဝတာ)

ရွမ်း (၁၂:၀၀ မှ ၁၄:၀၀)
စာပြိုမ်ရွယ်ရာပျိုမှလက်ရာ (ရွမ်းမိုးရာဇိပေါင်းအစားအစာ)

၀ (၁၄:၀၀ မှ ၁၆:၀၀)
ကြက်ဟက်သီးနှင့်ကျန်းမာရေး

ကချင် (၁၆:၀၀ မှ ၁၈:၀၀)
ဒုနေသီကလက်ဆတ်သံ

ကယား (၁၈:၀၀ မှ ၂၀:၀၀)
ကယားအမျိုးသားတိုင်းဘုံဒိုးယိုးအကအကြောင်း

ဂဏကရင် (၂၀:၀၀ မှ ၂၂:၀၀)
မုန့်ဟင်းခါးချက်စားနည်း

ဘသောက်ပိုးကရင် (၂၂:၀၀ မှ ၂၂:၃၀)
ကရင်စာပေကောင်းပြကြရအောင် (အပိုင်း-၅)

ဘဏ္ဍုပိုးကရင် (၂၂:၃၀ မှ ၂၃:၀၀)
တိုလယ်တောင်း

MRTV NEWS

၀၆:၀၀ အတွင်းတောင်းသိချင်း

၀၆:၀၅ လူထုလူကျများအားကစား

၁၁:၀၀ မြေတွင်းသတင်း (LIVE)

၁၂:၃၀ နိုင်ငံတကာသတင်း (LIVE)

၁၄:၀၀ MRTV National News

၁၆:၀၀ သတင်းမုန်ကဏ္ဍ (LIVE)

၁၈:၃၀ နိုင်ငံတကာသတင်း (LIVE)

၁၉:၀၀ မြေတွင်းသတင်း (LIVE)

၁၉:၁၅ နေ့ရှင်းနှံသစ်သိပ္ပံဝေဒါ (Razor)

၂၀:၀၀ မြေတွင်းသတင်း (LIVE)

၂၀:၃၀ နိုင်ငံတကာသတင်း (LIVE)

၂၀:၄၅ Festivals Around The World

MRTV PARLIAMENT

၀၉:၀၀ အတွင်းအလံ

၀၉:၃၀ တတိယအကြိမ်ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ကျင်းပမှု (Repeat)

၂၀:၀၀ မြေတွင်းသတင်း (၁၂-၀-၂၀၂၆)

MRTV FARMERS

၀၆:၀၀ အတွင်းနိုင်ငံတော်သိချင်း

၀၆:၀၂ တောင်သူလယ်ယာဆရာသတင်း

၀၆:၁၅ နိုင်ငံခြားမွေးမြူစီးပွားဖြစ်ရေးအသင်း MSME လုပ်ငန်းများအားမြှင့်တင်ဆောင်ရွက်ပေး

၀၆:၂၀ လေအေးပေးနေ့စဉ်ပြင်ဆင်ဆွမ်းရွှေလုပ်ခြင်း နည်းပညာဆိုသည်မှာ

၀၇:၀၀ စီးပွားဖြစ်တစ်ဝိုင်းတစ်နိုင်း ဒေသကြက်နှင့်ဘဲမွေးကြာနိုင်

၁၀:၃၀ နိုင်ငံခြားဇာတ်လမ်းတွဲ 'လွှမ်းတောင်းဟူးဒေဘ' (အပိုင်း၁၁၀၂)

MRTV SPORTS

၀၆:၀၀ အတွင်

၀၆:၂၀ လူငယ်တို့အတွက်လမ်းပြကြမ်း

၀၆:၄၀ Sports Diary

၀၇:၃၀ Weekly MNL Review

၀၈:၀၀ (၃၁)ကြိမ်မြောက် SEA Games ပြိုင်ပွဲ (အမျိုးသမီး)ဘောလုံးပြိုင်ပွဲ (Replay) (မြန်မာနှင့်ဗလေးငွား)

၁၄:၀၀ အားကစားသတင်း

Scan Here

MRTV | MRTV | MRTV Radio | MRTV Radio

Education Channel

မွေးသက္ကရာဇ်အမှန်

နောင်ချိုမြို့ WVEC ကိုယ်ပိုင် အထက်တန်းကျောင်း Grade-၁၂ မှ အဖ ဦးနိုင်လင်းအောင် [၁၃/နခတ (နိုင်)၀၅၀၂၁၇]၏ သား မောင်ထူးဝေယံလင်း၏ မွေးသက္ကရာဇ်အမှန်မှာ (၇-၃-၂၀၀၉) ဖြစ်ပါကြောင်း။

ဖခင်အမည်မှန်

နောင်ချိုမြို့ အထက-၁ Grade- ၈(B)မှ မသုနဒီနှင့် Grade-၆ (B)မှ မောင်မြင့်မြတ်သီဟတို့၏ ဖခင်အမည်မှန်မှာ ဦးဆန်သို့(စ်) (ခ) ဇော်ဇော် ဖြစ်ပါကြောင်း။

ဦးဆန်သို့(စ်)(ခ)ဇော်ဇော်

အမည်မှန်

ဦးစိုးမင်းဝေ၏ သမီး စစ်ကိုင်းတိုင်းဒေသကြီး၊ ကန့်ဘလူမြို့၊ အထက(၁) Grade-4 မှ မယွန်းသံဇဉ်ဝေ၏ အမည်မှန်မှာ မယွန်းသံစဉ်ဝေ ဖြစ်ပါကြောင်း။

မယွန်းသံစဉ်ဝေ

မွေးသက္ကရာဇ်အမှန်

စစ်ကိုင်းတိုင်း ဒေသကြီး၊ ဟုမ္မလင်းခရိုင်၊ ဟုမ္မလင်း မြို့နယ်၊ ကိန်ကင်းကျေးရွာအုပ်စု၊ မာလာကျေးရွာနေ (ဘ) ဦးအောင်အောင် [၅/ဟမလ (နိုင်) ၁၆၉၀၈၈] ကိုင်ဆောင်သူ၏ သမီးဖြစ်သူ မပန်းဖြူဦး၏ မွေးသက္ကရာဇ်အမှန်မှာ (၂၆-၁-၂၀၀၅) ဖြစ်ပါသည်။

ကေရာင် အိမ်ခြံမြေ
ရောင်းဝယ်ရေး
ဒဂုံလေးမြို့နယ်ရှိ မြေကွက်များ
ဈေးကောင်းပေးဝယ်သည်။
09-758893764

မညွန့်
အိမ်၊ခြံ၊မြေရောင်းဝယ်ရေး
ဒဂုံမြို့သစ် အရှေ့ပိုင်း၊
မြောက်ပိုင်း၊ တောင်ပိုင်း၊
ဆိပ်ကမ်း လေးမြို့နယ်ရှိ
မြေကွက်များ ဝယ်လိုသည်။
Ph:09-250370756

ပျောက်ဆုံးကြောင်း

မုံရွာမြို့၊ နမ- ၂၁၊ မြဝတီရပ်ကွက်နေ ဦးမျိုးကျော်၏သား မောင်ခန့်ဝေယံ [၅/မရန (နိုင်) ၂၄၅၆၃၃]၏ နိုင်ငံကူးလက်မှတ် (MH-860392)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

ဖုန်း-09-977200069

ပျောက်ဆုံးကြောင်း

မုံရွာမြို့၊ ရွှေဇလုပ် (ကမ) ရပ်နေ ဦးထွန်းလင်း၏ သား မောင်အောင်သီဟ [၅/မရန(နိုင်) ၃၇၀၀၉၃]၏ နိုင်ငံကူးလက်မှတ် (MI/868148)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

ဖုန်း-09-949102701

ဖခင်အမည်မှန်

ရန်ကုန်တိုင်း ဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ အ.ထ.က(၃) အထက်တန်းကျောင်း Grade-11 မှ မောင်နှင်းဝေခန့်၏ ဖခင်အမည်မှန်မှာ ဦးဝင်းသိန်း ဖြစ်ပါသည်။

ဦးဝင်းသိန်း

ဖခင်အမည်မှန်

ရန်ကုန်တိုင်း ဒေသကြီး၊ ထန်းတပင်မြို့နယ်၊ အ.ထ.က(ခွဲ) ရိုးခွကျောင်း၊ Grade - 11 မှ မမြနှင်းအေး၏ ဖခင်အမည်မှန်မှာ ဦးဝင်းဇော် [၁၂/ထတပ (နိုင်) ၀၈၅၂၂၆] ဖြစ်ပါကြောင်း။

ဦးဝင်းဇော်

မိဘအမည်မှန်

သထုံမြို့နယ်၊ အ.လ.က (ဝင်းပ) ကျောင်း Grade-7 တွင် ပညာသင်ကြားနေသော စောဝေထူးကျော်၏ မိဘအမည်မှန်မှာ ဦးမောင်နီ [၁၀/သထန (နိုင်) ၂၀၈၆၀၃]နှင့် မခင်မျိုးထွန်း [၁၀/သထန (နိုင်) ၂၀၈၆၃၁] ဖြစ်ပါကြောင်း။

ဦးမောင်နီ + ဒေါ်ခင်မျိုးထွန်း

ဖခင်အမည်မှန်

သထုံမြို့နယ်၊ အ.ထ.က(၄) သထုံကျောင်းမှ ၂၀၂၆-၂၀၂၇ ပညာသင်နှစ်တွင် Grade-11 တန်းခွဲ (C)မှ ခွန်ဇေယျာခန့်၏ ဖခင် အမည်မှန်မှာ စောအောင်စိုး [၁၀/သထန (နိုင်) ၁၀၅၉၄၀] ဖြစ်ပါကြောင်း။

ခွန်ဇေယျာခန့်
[၁၀/သထန (နိုင်) ၁၀၅၉၄၀]

ပတ်စ်ပို့ပျောက်

(ဘ) ဦးအောင်စိုးမိုး၏ သား မောင်ထက်နိုင်အောင် [၁၂/ဒလန (နိုင်) ၀၆၄၉၀၂]၏ နိုင်ငံကူး လက်မှတ် အမှတ်(မမှတ်မိ) ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

ဖုန်း- ၀၉-၇၉၉၇၉၉၈၀၇

အမည်ပြောင်း

ရေးခရိုင်၊ ရေးမြို့၊ အ.ထ.က (အစင်) Grade(7-B)မှ (အဖ) ဦးဝင်းဇော် [၁၄/ဒဒရ (နိုင်) ၁၂၇၄၆၅]၏ သမီး မအိမ့်ခြူးခြူးချစ်အား မအိန္ဒြေသွန်းဟု ပြောင်းလဲခေါ်ဆိုပါရန်။

မအိန္ဒြေသွန်း

အထွေထွေကိုယ်စားလှယ်လွှဲစာအား ပြန်လည်ရုပ်သိမ်းကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ မင်းနန္ဒာအိမ်ရာ၊ ရောဝတီလမ်းမကြီး၊ အမှတ်(၅)နေ (အဖ) ဦးလှဖေ၏သား ဦးဇော်ဝင်း [၁၂/ရကန(နိုင်) ၀၂၀၆၂၂] ကိုင်ဆောင်သူ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်သည်မှာ -

ရန်ကုန်မြို့၊ ဒဂုံမြို့နယ်၊ ပြည်လမ်း၊ အခန်း(၄၀၃)၊ အမှတ်(၄၄)နေ ဦးဇော်ဝင်း၏သမီးဖြစ်သူ ဒေါ်မြပွင့်ဖြူ [၁၂/ရကန(နိုင်) ၀၀၀၀၉၈] ကိုင်ဆောင်သူအား ကျွန်ုပ်မိတ်ဆွေမှ ရန်ကုန်မြို့စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် (၂၀-၁၂-၂၀၀၇)ရက်နေ့တွင် အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ် (၁၁၈၄၅/၂၀၀၇)ဖြင့် အထွေထွေကိုယ်စားလှယ်လွှဲစာအား ပေးအပ်ထားခဲ့ပြီး ယခုအချိန်တွင် အဆိုပါအထွေထွေကိုယ်စားလှယ်လွှဲစာအမှတ် (၁၁၈၄၅/၂၀၀၇)အား ကျွန်ုပ်၏မိတ်ဆွေဖြစ်သူမှ ပြန်လည်ရုပ်သိမ်းကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားသူ	**လွှဲအပ်ညွှန်ကြားချက်အရ**
ဦးဇော်ဝင်း	**ဒေါ်ထက်ထက် (LL.B)**
[၁၂/ရကန(နိုင်)	**အထက်တန်းရှေ့နေ**
၀၂၀၆၂၂]	**(စဉ်- ၅၄၅၁၀) (၂၅- ၁၁-၂၀၂၁)**

အမှတ်(၃၇)၊ ၅/၃ လမ်း၊ စဉ့်ငူရပ်ကွက်၊
အင်းစိန်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။
Ph: 09-891865417

ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၄၁၊ လူနေရပ်ကွက် အမှတ်- တ/၁၅ ရပ်ကွက်၊ ပန်းခြံ(၇)၊ ဗိုလ်တိုက်ချွန်းလမ်း၊ မြေကွက်အမှတ်- ၁၃၃၃/ခ၊ အကျယ်အဝန်း (၂၀x၆၀)ပေရှိ မြေကွက်သည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ မြေယာဌာနနှင့် အိုးအိမ်ဖွံ့ဖြိုးရေး ဦးစီးဌာနတို့တွင် ဦးကျော်မြင့် (ဘ) ဦးတင်ရွှေ (ISN-၅၆၅၈၀၂) အမည်ဖြင့် မှတ်သားတည်ရှိသော ပါမစ်မြေအမျိုးအစားမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို မူလအမည်ပေါက်မှတစ်ဆင့် ပိုင်ဆိုင်မှုစာရွက်စာတမ်း၊ အဆက်အစပ်စာချုပ်စာတမ်းများဖြင့် လက်ရှိထား တရားဝင်ဝယ်ယူပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်းအဆိုပြုသူ- ဦးသန်းဌေးအောင် (ဘ)ဦးကြည်လင်း [၈/နမန(နိုင်)၁၂၀၉၉၈]ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဦးဇော်ဝင်းခိုင် (ဘ) ဦးတင်ကြည် [၈/နမန(နိုင်)၁၆၀၇၇၂]က အပြီးအပိုင်ဝယ်ယူရန် ညှိနှိုင်းသဘောတူသည့် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေပြီးဖြစ်ပါသည်။

အထက်ဖော်ပြပါ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့နှင့်ပတ်သက်ပြီး အရောင်းပြုလုပ်သည်ကို ပိုင်ဆိုင်အကျိုးခံစားခွင့်ရှိသူ မည်သူမဆို ကန့်ကွက်လိုသူများရှိပါက ဤကြေညာသည့်နေ့မှ (၁၄)ရက်အတွင်း ခိုင်လုံသောစာချုပ်စာတမ်း အထောက်အထားများနှင့်တကွ ကျွန်ုပ်ထံသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပြီး သတ်မှတ်ရက်နေ့တိုင် ကန့်ကွက်သူမရှိပါက ကျန်ရောင်းဖိုးငွေများပေးချေလျက် အရောင်းအဝယ်ပြီးမြောက်အောင် ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ
ဒေါ်ထက်ထက်လှိုင် (LL.B, D.B.L)
တရားလွှတ်တော်ရှေ့နေ (စဉ်- ၉၇၄၇)
အမှတ်- ၂၂၂/ခ၊ အောင်သုခလမ်း၊ တ/၁၅ ရပ်ကွက်၊ ရွှေပြည်သာမြို့နယ်၊
ရန်ကုန်မြို့။ ဖုန်း- ၀၉-၂၅၀၅၂၄၉၄၃

ကန့်ကွက်နိုင်ကြောင်းကြေညာစာ

ရန်ကုန်မြို့၊ကမာရွတ်မြို့နယ်၊(၈)ရပ်ကွက်၊ပြည်လမ်း၊တိုက်အမှတ်(၄၉၉)၊အခန်းအမှတ်(D-3)၊အကျယ်အဝန်း(၂၀'×၅၅')ခန့်ရှိ၃-လွှာတိုက်ခန်းရေမီးစုံအပါအဝင်အကျိုးခံစားခွင့်အရပ်ရပ်အားတရားဝင်ပိုင်ဆိုင်ရောင်းချခွင့်ရှိသူဒေါ်ခင်သီတာ(၁၂/ဗဟန(နိုင်)၀၄၇၃၆၃)(MGE-၁၆၇၂၇၅)ထံမှကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန်အတွက်စရန်ငွေပေးချေပြီးဖြစ်ပါသည်။ကန့်ကွက်လိုသူများရှိပါကခိုင်မာသောအထောက်အထားမူရင်းများနှင့်တကွကျွန်ုပ်ထံသို့ဤကြေညာစာပါသည့်နေ့မှစ၍(၇)ရက်အတွင်းလာရောက်ကန့်ကွက်နိုင်ပါသည်။ကန့်ကွက်မှုမရှိပါကဥပဒေနှင့်အညီဆက်လက်အရောင်းအဝယ်ပြုလုပ်သွားမည်ဖြစ်ကြောင်းအများသိစေရန်ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ
ဒေါ်ခင်အေးမြင့်(စဉ်-၇၁၅၈)
LL.B, LL.M, D.B.L
တရားလွှတ်တော်ရှေ့နေ
အမှတ်(၁၇၈)၊မြေညီထပ်၊(၃၄)လမ်း၊ကျောက်တံတားမြို့နယ်၊
ရန်ကုန်မြို့။ ဖုန်း - ၀၉ - ၅၁၈၆၀၄၅။

သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ ကာယရပ်ကွက်၊ (၃)လမ်းနေ ဦးဇော်ရှိုင်းအောင်-(ဒေါ်မာလာထွေး)တို့၏ သား မောင်လင်းထွဋ်မင်းသည် မိဘတို့၏ ဆိုဆုံးမမှုကို မနာခံဘဲ စိတ်ဆင်းရဲအောင် အကြိမ်ကြိမ်ပြုလုပ်ပြီးနေအိမ်မှ ဆင်းသွားသဖြင့် ယနေ့မှစ၍ အမွေပြတ်စွန့်လွှတ်လိုက်ပါကြောင်း။ (စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)

ဦးဇော်ရှိုင်းအောင် [၁၂/မဂဒ (နိုင်) ၁၄၀၅၆၈]

အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ (၅)ရပ်ကွက်၊ စိတ္တသုခလမ်း၊ အမှတ်(၀/၁၁) အကျယ် (၄၀ပေx၆၀ပေ)ခန့်ရှိ ခြံမြေသည် ကွယ်လွန်သူ (ဦးစိန်ကြီးနှင့် ဇနီး ဒေါ်လှရင်)တို့ပိုင်ဆိုင်သော ခြံမြေဖြစ်ပါသည်။ အဆိုပါခြံမြေနှင့်ပတ်သက်၍ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ လွှဲပြောင်းခြင်း၊ လက်ဆင့်ကမ်း ပေးကမ်းခြင်း၊ ကိစ္စရပ်များအား ကျွန်ုပ်၏မိတ်ဆွေများဖြစ်သော ကွယ်လွန်သူ (ဦးစိန်ကြီးနှင့် ဇနီး ဒေါ်လှရင်)တို့၏ မြေးများဖြစ်ကြသည့် ဦးအောင်သီဟ [၁၂/လမန(နိုင်) ၁၇၀၄၈၂]၊ ဒေါ်ခိုင်နှင်းကြည် [၁၂/လမန(နိုင်) ၁၇၀၄၈၃]၊ (ဘ) (ဦးသိန်းမြင့်)၊ ဒေါ်အေးအေးစန်း [၁၂/မရက(နိုင်)၁၇၁၃၄၈] (ဘ)(ဦးဖိုးတုတ်(ခ)ဦးစန်းလွင်)၊ ဒေါ်အိအိဖြူ [၁၂/မရက(နိုင်) ၁၇၀၆၂၁] (ဘ)(ဦးတင်ဦး+ဒေါ်ဖြူဖြူဝင်း)တို့၏ သဘောတူညီမှုမရှိဘဲ ပြုလုပ်ဆောင်ရွက်ခြင်းမပြုရန်နှင့် ပြုလုပ်ဆောင်ရွက်ခဲ့ပါက တည်ဆဲဥပဒေများနှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ
ဦးဝင်းလွင်ဦး
တရားလွှတ်တော်ရှေ့နေ (စဉ်- ၈၁၅၁)
အမှတ်(၂၉)၊ ဦးအောင်မင်းလမ်း၊ (၂)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။ ၀၉-၂၅၄၃၂၉၉၇၁

ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့၊ အေးသာယာရပ်ကွက်၊ ဗဟို(၂၈)လမ်း၊ ဦးအေးလှိုင် အမည်ဖြင့် ချထားပေးသော မြေကွက်အမှတ် (L-၁၄၅) (L-၁၄၆)၊ (၁)ကွက်လျှင် မြေအကျယ် (၄၀ပေx ၆၀ပေ)အကျယ်ရှိ (စလစ်)မြေ (၂)ကွက်နှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား လက်ဝယ်ထားရှိပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချခွင့်ရှိကြောင်း ကတိပြုသူ ဦးအောင်စိုးမိုး [၁၂/ကမရ(နိုင်) ၀၁၅၈၀၉] ကိုင်ဆောင်သူထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်ဝင်းဝင်းမော် [၁၂/ကတန(နိုင်) ၀၇၄၀၁၀] ကိုင်ဆောင်သူက ဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်နှင့်ပတ်သက်ပြီး ကန့်ကွက်လိုသူများရှိပါက ပိုင်ဆိုင်ခွင့်ရှိသူ မည်သူမဆို ပိုင်ဆိုင်မှုအထောက်အထားစလစ်မူရင်း၊ ငွေသွင်းချလန်မူရင်း၊ စာချုပ်စာတမ်းမူရင်းများယူဆောင်ပြီး ဤကြော်ငြာပါသည့်နေ့မှစပြီး (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်ဝင်းမင်းသန်း (LL.B)
တရားလွှတ်တော်ရှေ့နေ (စဉ်- ၁၀၆၉၁)
အမှတ်(၁၂)၊ ပြည်တော်သာလမ်း၊ မြို့သစ်အရှေ့ရပ်ကွက်၊ သန်လျင်မြို့။
ဖုန်း-၀၉-၅၀၉၂၁၀၆

"ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၂/A)ကမာရွတ်၊ မြေကွက်အမှတ်(၅၄)၊ ၃-ရပ်ကွက်၊ (၁၁)လမ်း၊ တိုက်အမှတ်(၅၁)၊ ၂-ခန်းတွဲ (၆)ထပ်တိုက်၏ တတိယထပ်(၄-လွှာ/ခေါင်းရင်းခန်း)၊ အကျယ်အဝန်း (၁၉ ပေ x ၅၀ ပေ)ရှိ တိုက်ခန်းနှင့်ပတ်သက်၍ အရောင်းအဝယ်ကို ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြော်ငြာ"

အထက်ဖော်ပြပါ လိပ်စာရှိ တိုက်ခန်းသည် ဒေါ်အေးအေးသွင် [၁၂/အစန(နိုင်) ၁၆၁၈၂၀]မှ ပိုင်ဆိုင်ပြီး တရားဝင်ရောင်းချပိုင်ခွင့်ရှိကြောင်း၊ ပိုင်ဆိုင်ခွင့်ရှိသူမှာလည်း မိမိတစ်ဦးတည်းသာဖြစ်ကြောင်း၊ အရှုပ်အရှင်းတစ်စုံတစ်ရာမရှိကြောင်း၊ မည်သူ့ကိုမျှ ကြိုတင်လွှဲပြောင်းရောင်းချထားခြင်းတို့ မရှိပါကြောင်း ဝန်ခံကတိပြုသဖြင့် ကျွန်ုပ်၏ မိတ်ဆွေများဖြစ်ကြသော ၁။ ဦးစည်သူထက် [၈/အလန(နိုင်) ၁၄၆၄၁၂]၊ ၂။ ဒေါ်သိဂီစိ [၁၄/ဟကက(နိုင်) ၀၄၀၄၈၆]တို့မှ (၁၀-၈-၂၀၂၆)ရက်စွဲဖြင့် အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။ ဖော်ပြပါကိစ္စနှင့်စပ်လျဉ်း၍ ကန့်ကွက်လိုသူများရှိပါက ကျွန်ုပ်ထံသို့ တိကျခိုင်လုံသော တရားဝင်စာချုပ်စာတမ်း(မူရင်း)များနှင့်တကွ ယခုကြော်ငြာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်သူမရှိပါက ဤအရောင်းအဝယ်ကို ပြီးမြောက်အောင် ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဦးစည်သူထက်နှင့် ဒေါ်သိဂီစိတို့၏ လွှဲအပ်ညွှန်ကြားချက်အရ
ဒေါ်ခင်ဝါဝါလွင်
တရားလွှတ်တော်ရှေ့နေ (စဉ်- ၁၃၃၈၉)
အမှတ်(၄၀)၊ မာလာမြိုင်(၇)လမ်း၊ ၁၆-ရပ်ကွက်၊ လှိုင်မြို့နယ်၊
ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း- ၀၉-၄၅၂၄၂၄၈၂၂

"ကန့်ကွက်နိုင်ကြောင်းကြော်ငြာ"

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်- ရလပ-၂၅၊ မြေကွက်အမှတ်- ၄၀၅၊ ဧရိယာ (၂.၄၃၇)ဧကရှိ နှစ်(၆၀) မြေငှားဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ရန်ကုန်မြို့၊ လှိုင်သာယာမြို့နယ်၊ ရွှေလင်ပန်းစက်မှုဇုန်၊ ယောအတွင်းဝန်ဦးဖိုးလှိုင်လမ်း၊ အမှတ် (၄၀၅) ဟုခေါ်တွင်သော မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အဆောက်အဦအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တရားဝင်လက်ရှိထား အမည်ပေါက်ပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူ ဒေါ်လီချိုကျင် [၁၃/တကန(နိုင်)၂၈၇၄၃၅]ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောစာချုပ်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံတွင် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကုန်ဆုံးသည့်တိုင် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ -**

ဒေါ်အေးကျော့ဆွေ (LL.B)	**ဒေါ်သက်ဆုလွင်မောင် (LL.B)**
တရားလွှတ်တော်ရှေ့နေ (စဉ်- ၉၇၉၇)	**တရားလွှတ်တော်ရှေ့နေ (စဉ်- ၁၆၆၆၄)**

အမှတ် (၅၆၅/၅၆၇)၊ အခန်းအမှတ် (၆၀၃)၊ MAC Tower ကုန်သည်လမ်း၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း- ၀၉-၇၉၉၉၃၄၃၅၃၊ ၀၉-၅၀၀၉၈၉၃

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ (၁၁)ရပ်ကွက်၊ Royal Maung Bamar Residence၊ စုပေါင်းပိုင် အဆောက်အအုံ Tower(A)ရှိ 3rd Floor၊ အခန်းအမှတ်(3-C)၊ ဧရိယာ(၁၈၉၀)စတုရန်းပေ အကျယ်အဝန်းရှိ အချိုးသင့် မြေပိုင်ဆိုင်မှုပါ ကွန်ဒိုတိုက်ခန်း (၁)ခန်းအပါအဝင် ယင်းတိုက်ခန်းနှင့်ပတ်သက်ဆက်နွယ်သော ပိုင်ရေးဆိုင်ခွင့်ဆိုင်ရာ အကျိုးခံစားခွင့်အရပ်ရပ်တို့အား မိမိကိုယ်တိုင် တရားဝင်အမည်ပေါက် ပိုင်ဆိုင်ပြီး စီမံခန့်ခွဲရောင်းချပိုင်ခွင့်ရှိပါသည်ဟု ဝန်ခံကတိပြုသူ ဒေါ်မာမာဝေ[၁၂/မရက(နိုင်)၀၀၅၂၀၄]ထံမှ ဝယ်ယူရန်အတွက် ကျွန်ုပ်တို့၏ မိတ်ဆွေက စရန်ငွေ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။

အထက်ဖော်ပြပါ ကွန်ဒိုတိုက်ခန်း အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော စာချုပ်စာတမ်း အထောက်အထားများယူဆောင်၍ ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက အထက်ဖော်ပြပါ ကွန်ဒိုတိုက်ခန်း အရောင်းအဝယ်အား ဥပဒေနှင့်အညီ အပြီးသတ် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ -

ဦးမောင်မောင်သူရ(မြောင်းမြ)	**ဦးဇေယျာထွန်း(LL.B)**
LL. B, A.G.T.I (EP), D.B.L, D.M.L	**တရားလွှတ်တော်ရှေ့နေ**
တရားလွှတ်တော်ရှေ့နေ (စဉ်-၈၁၀၈)	**(စဉ်-၁၂၅၃၂)**
ဒေါ်ချယ်ရီလှိုင် (LL.B)	**ဦးစိုးလွင်ဦး (LL.B)**
တရားလွှတ်တော်ရှေ့နေ(စဉ်-၈၈၆၁)	**အထက်တန်းရှေ့နေ(စဉ်-၃၇၉၈၁)**

အမှတ်-၁၄၇၊ ဒုတိယထပ်၊ လမ်း-၅၀(အထက်)၊ (၁၀)ရပ်ကွက်၊
ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၉-၅၁၈၄၀၄၂၊ ၀၉-၇၃၁၁၅၁၀၅၊ ၀၉-၄၂၁၁၀၈၅၅၁၊ ၀၉-၄၂၅၂၈၇၁၃၄

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၅)၊ သိင်္ဂီ (၁)လမ်းမြောက်၊ မြေကွက်အမှတ်(၅၉)၊ အကျယ်အဝန်း (၄၀x၆၀)ပေရှိ နှစ်(၆၀)မြေငှားဂရန်မြေကွက်ထဲမှ တရားဝင်မခွဲမစိတ်ရသေးသော ခြေရင်းခြမ်း (၁၀x၆၀)ပေရှိ [**ဒေါ်ကျင်မွေး** [၁၂/သကတ(နိုင်)၁၁၉၇၀၉]+၁ အမည်ပေါက်] နှစ်(၆၀) မြေငှားဂရန်(မိတ္တူခြမ်း) မြေကွက်နှင့် မြေကွက်အမှတ်(၆၀/ခ)၊ အကျယ်အဝန်း (၂၀x၆၀)ပေရှိ [**ဦးတင်မြင့်** [၁၂/သကတ(နိုင်)၀၃၈၂၉၃] အမည်ပေါက်] နှစ်(၆၀) မြေငှားဂရန်(မူရင်း)မြေကွက်၊ စုစုပေါင်း မြေကွက်(၂)ကွက်နှင့် နေအိမ်အား အမည်ပေါက်များထံမှ အရောင်းအဝယ်စာချုပ်စာတမ်းဖြင့်ဝယ်ယူပိုင်ဆိုင်ထားသည့် **ဦးဝင်းစိန်** [၁၁/စတန(နိုင်)၀၀၃၃၈၂] ကွယ်လွန်သဖြင့် ဇနီးဖြစ်သူ ဒေါ်လှလှမြင့် [၁၁/စတန(နိုင်)၀၀၉၅၃၁]က တရားဝင်အမွေဆက်ခံပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသဖြင့် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ **ဒေါ်သန်းသန်းဝင်း** [၁၂/သကတ(နိုင်) ၀၄၅၆၂၄]က ဝယ်ယူရန်အတွက် တန်ဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ မြေကွက်+နေအိမ်နှင့် စပ်လျဉ်း၍ အကျိုးခံစားခွင့်ရှိသူ မည်သူမဆို ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောအထောက်အထား စာရွက်စာတမ်း(မူရင်း)များနှင့်တကွ ကျွန်ုပ်ထံ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ**

ဒေါ်ဝင်းပပဖြူ LL.B တရားလွှတ်တော်ရှေ့နေ (စဉ်- ၁၅၁၆၂)
အမှတ်(၁၃၁)၊ မြိုင်ရတနာလမ်း၊ (၁၂၁)ရပ်ကွက်၊
ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်။ ဖုန်း- ၀၉-၄၂၁၀၄၅၃၂၀

ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(ည)၊ သုခမွှာလမ်းမကြီး၊ မြေကွက်အမှတ်(၂၃၀ ၃/၂)၊ မြေအကျယ်အဝန်း(၂၀ပေ×၆၀ပေ)၊ ဧရိယာ(၁၂၀၀)စတုရန်းပေရှိ နှစ်(၆၀) မြေငှားဂရန်မြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိ နေအိမ်အပါအဝင်အကျိုးခံစားခွင့်အရပ်ရပ် အားလုံး တို့သည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုမြေယာ ဌာနရှိမြို့မြေစာရင်းတွင် ဦးအောင်မြင့်ဦး (ZLN-၁၁၂၁၉၆) (၁၂/ဥကမ(နိုင်)၀၅၈၃၇၁) အမည်ဖြင့်အမည် ပေါက်မှတ်သားတည်ရှိပြီး အမည်ပေါက်ဖြစ်သူ ဖခင် ဦးအောင်မြင့်ဦး နှင့် မိခင် ဒေါ်ခင်စန်းဝင်း တို့မှာ ကွယ်လွန်သွားပြီဖြစ်သဖြင့် ၎င်းတို့၏ အမွေဆက်ခံခွင့်ရှိသူ သားသမီးများဖြစ်ကြသော ဦးနိုင်ဝင်းအောင် (၁၂/ဥကမ(နိုင်) ၁၇၄၈၉၆)၊ ဒေါ်နှင်းမြတ်အောင်(၁၂/ဥကမ(နိုင်)၁၈၁၈၄၄)၊ ဦးဝေဖြိုးမောင်(၁၂/ဥကမ(နိုင်)၁၉၈၅၂၀)၊ ဒေါ်နိုင်နိုင်ထက်(၁၂/ဥကမ(နိုင်)၂၃၅၇၁၄)တို့(၄)ဦးမှ အမွေဆက်ခံပိုင်ဆိုင်လာခဲ့ပြီး လွှတ်လပ်စွာလွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူများဖြစ်ကြောင်းဝန်ခံကတိပြု၍ ကျွန်ုပ်တို့၏မိတ်ဆွေထံသို့အပြီး အပိုင်လွှဲပြောင်းရောင်းချရန်စကားကမ်းလှမ်းလာရာ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူက အပြီးအပိုင်ဝယ်ယူရန်အတွက် အရောင်းအဝယ် ပြုလုပ်သောတန်ဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ်ပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍(၇)ရက်အတွင်းပိုင်ဆိုင်မှုအထောက် အထား(မူရင်း)များဖြင့် ကျွန်ုပ်တို့ထံလာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့်သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိုပြီးမြောက်အောင်မြင်သည်အထိဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းအများ သိစေရန်ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ -

ဒေါ်စုမြတ်မောင် (LL.B)	ဒေါ်ကေကေနိုင် (LL.B)
တရားလွှတ်တော်ရှေ့နေ (စဉ်-၁၆၅၅၄)	အထက်တန်းရှေ့နေ (စဉ်-၅၃၃၄၄)
ဦးတိုးဝေနိုင် (LL.B)	ဒေါ်ဥသြခင်(ခ)ဥမ္မာသိန်း (LL.B)
အထက်တန်းရှေ့နေ (စဉ်-၅၅၉၁၃)	အထက်တန်းရှေ့နေ (စဉ်-၅၃၈၇၈)

အမှတ်(၁၃၁)၊ မြရတနာ(၇)လမ်း၊ (ခ)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း - ၀၉-၄၂၈၀၂၂၃၈၄၊ ၀၉-၄၂၆၈၇၆၆၆၀၊ ၀၉-၇၆၉၈၂၃၄၁၇၊ ၀၉-၄၄၅၆၅၉၀၁၇

သစ်တောမှန်လျှင် အသုံးဝင်၊ အစဉ်ထာဝရ ထိန်းသိမ်းကြ

ငြင်းချက်ထုတ်ရန်ဆင့်စာ
(တရားမကျင့်ထုံးဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
တောင်ဥက္ကလာပမြို့နယ်တရားရုံးတော်
၂၀၂၆ ခုနှစ်၊ တရားမကြီးမှုအမှတ် ၆၇

ဦးမြင့်အောင် နှင့် ဒေါ်စန်းစန်းနွယ်
တရားလို **တရားပြိုင်**

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၃)ရပ်ကွက်၊ (၉)လမ်း၊ အမှတ်(၂၈၉) နေ ဒေါ်စန်းစန်းနွယ် (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

တရားလိုက သင့်အပေါ်၌ ပဋိညာဉ်အတိုင်း အရောင်းအဝယ်စာချုပ်အား မှတ်ပုံတင်ပေးစေလိုမှုရလိုကြောင်း လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၂၆ ခုနှစ်၊ ဩဂုတ်လ ၂၅ ရက် (၁၃၈၈ ခုနှစ်၊ ဝါခေါင်လဆန်း ၁၂ ရက်)နေ့ မွန်းမတည့်မီ ၁၀:၀၀ နာရီအချိန်တွင် အထက်အမည်ပါသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင်ကိုယ် စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၆ ခုနှစ်၊ ဩဂုတ်လ ၁၁ ရက်နေ့ ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ် လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(မေသော်သော်ဝင်း)
မြို့နယ်တရားသူကြီး
တောင်ဥက္ကလာပမြို့နယ်တရားရုံး

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ
မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-ဠ၊ မြေကွက်အမှတ်-၃၃၀/က၁၂၀၀စ/ပ၊ မြေကွက်တည်နေရာအမှတ်(၃၃၀/က)၊ မေတ္တာ(၃)လမ်း၊ (ဠ)ရပ်ကွက်၊ ဒေါ်လှတင်[၁၂/ဥကမ(နိုင်)၁၂၃၀၄၃]အမည်ပေါက် နှစ်(၆၀) ဂရန်မြေအား မြေအမည်ပေါက်-ဒေါ်လှတင်ထံမှ(၂၀-၆-၂၀၂၂)ရက်စွဲပါ အရပ်ကတိအရောင်းအဝယ်စာချုပ်ဖြင့် ဝယ်ယူသူ-ဦးငွေစိုးမှ မြောက်ဥက္ကလာပမြို့နယ်တရားရုံး၊ တရားမကြီးမှုအမှတ်-၄၉/၂၀၂၅ ဖြင့် ဒေါ်လှတင်အပေါ် ပဋိညာဉ်အတိုင်း အိမ်ခြံမြေ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုပေးစေလိုမှု စွဲဆိုခဲ့ရာ (၂၉-၁၂-၂၀၂၅)ရက်နေ့က အထက်ဖော်ပြပါမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့အပေါ် ပဋိညာဉ်ချုပ်ဆိုထားသည့်အတိုင်း မှတ်ပုံတင်အရောင်း အဝယ်စာချုပ် ချုပ်ဆိုပေးစေရန် အမိန့်ရရှိခဲ့ပြီး၊ ယင်းတရားရုံး၏ တရားမဒီကရီမှု အမှတ်-၄/၂၀၂၆/၂၀-၂ -၂၀၂၆ ရက်စွဲပါ အမိန့်အရ တရားရုံးကိုယ်စား ဘီလစ်-ဒေါ်သူဇာ[၆/ထဝန (နိုင်)၀၂၆၃၄၃]မှ ဖော်ပြပါ တရားရုံးအမိန့်များ၊ ဘီလစ်ခန့်စာနှင့် ဂရန်မူရင်းတို့တင်ပြ၍ အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန် မြေပုံကူးလျှောက် ထားလာခြင်းအား တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာ ပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေး ကြေညာအပ်ပါသည်။

ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)
မြို့ပြမြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ငြင်းချက်ထုတ်ရန်ဆင့်စာ
(တရားမကျင့်ထုံးဥပဒေအမိန့် - ၅၊ နည်းဥပဒေ - ၂၀)
ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်တရားရုံးတော်
၂၀၂၆ ခုနှစ်၊ တရားမကြီးမှုအမှတ် - ၂၀၄

၁။ ဦးဘိုဘိုရှိန် နှင့် ဦးခင်မြင့်
၂။ ဒေါ်နန်းဆိုင်
(တရားလိုများ) (တရားပြိုင်)

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၆)ရပ်ကွက်၊ မိုးမခလမ်း၊ အမှတ်- (၉၅၃) နေ ဦးခင်မြင့် (ယခုနေရပ်လိပ်စာမသိသူ)သိစေရမည်။

သင့်အပေါ်၌ တရားလိုများက **"ပဋိညာဉ်အတိုင်း အရောင်းအဝယ်စာချုပ်အား မှတ်ပုံတင်ပြုလုပ်ချုပ်ဆိုပေးစေလိုမှု"** လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၂၆ ခုနှစ်၊ ဩဂုတ်လ ၂၄ ရက် (၁၃၈၈ ခုနှစ်၊ ဝါခေါင်လဆန်း ၁၁ ရက်)နေ့ မွန်းမတည့်မီ (၁၀:၀၀)နာရီအချိန်တွင် အထက်အမည်ပါသူ တရားလိုများ၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းအပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုများက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင် လာရမည်။ သို့မဟုတ် သင်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၆ ခုနှစ်၊ ဩဂုတ်လ ၁၀ ရက်နေ့တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ် လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

(ဝင့်ဝါဖေဝင်း)
မြို့နယ်တရားသူကြီး
ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်တရားရုံး

ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း
ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်(၇)၊ ပိတောက်မြိုင်လမ်း၊ မြေကွက်အမှတ်(၈၁၅) ဦးအောင်နိုင်(KPG.၁၃၉၆၁၂) စာအမှတ်(၁၄၁၃)ပါမစ်အမည်ပေါက် ပေ(၄၀x၆၀)ပေမြေကွက်မှ တရားဝင်မခွဲစိတ်ရသေးသော(၂၀x၆၀)ပေ ပါမစ်မူရင်းထောင့်ဘက်မြေကွက်နှင့် နေအိမ်အပါအဝင် မြေပေါ်မြေအောက် အကျိုးခံစားခွင့်အရပ်ရပ်တို့အား အရောင်းအဝယ်မူရင်းအဆပ်စပ်စာချုပ်များနှင့် အပြီးအပိုင်ရောင်းချသူ ဒေါ်မိုးမိုးထွန်းထံမှ ကျွန်ုပ်၏မိတ်ဆွေ ဦးအောင်ကျော်ဇောမှ အပြီးအပိုင်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသအား ပေးချေထားပြီးဖြစ်ပါသည်။ ဤအရောင်းအဝယ်အား ကန့်ကွက်လိုပါက ခိုင်လုံသောစာရွက်စာတမ်းမူရင်းများနှင့်တကွ လူကိုယ်တိုင် (၁၀)ရက်အတွင်း ကျွန်ုပ်ထံသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဦးအောင်ကျော်ဇော၏ လွှဲအပ်ညွှန်ကြားချက်အရ
ဒေါ်ဇာခြည်သက်(LLB)
အထက်တန်းရှေ့နေ (စဉ်-၄၈၁၇၈)
၀၉-၄၄၀၉၈၆၁၄၆

ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း
ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ ၁/အနော်မာရပ်ကွက်၊ အနော်မာ(၃)လမ်း၊ အမှတ်(၃၁/က)၊ (၁)ခန်းတည်း (၆)ထပ်တိုက်၏ ပဉ္စမထပ်၊ (၆)လွှာ၊ (၁၈x၅၄) ပေရှိ တိုက်ခန်းနှင့် ယင်းတိုက်ခန်းပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လက်ရှိထားပိုင်ဆိုင်၍ တရားဝင်လွှဲပြောင်းရောင်းချခွင့်ရှိသူ ဒေါ်မျိုးသန္တာ [၁၂/သကတ(နိုင်)၂၁၆၄၉၀]ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဦးဝေယံထက်[၁၀/မဒန(နိုင်)၂၉၅၆၄၆]၊ ဒေါ်ဝင်းသိင်္ဂီထက်[၁၀/မဒန(နိုင်)၂၉၅၆၄၇]တို့က အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် တိုက်ခန်းတန်ဖိုး၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော တရားဝင်စာရွက်စာတမ်း မူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ ယနေ့သတင်းစာကြေညာသည့်နေ့မှ (၇)ရက် အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက တိုက်ခန်း အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ
ဦးဉာဏ်မင်းထက်(LL.B,DIPL,DBL,PGDB) ဒေါ်ယုဇနကို(LL.B,DBL,PGDB)
အထက်တန်းရှေ့နေ(စဉ်-၅၂၃၂) အထက်တန်းရှေ့နေ(စဉ်-၅၂၇၄၆)
အမှတ်(၂၈၀/က)၊ ညီညွတ်ရေးလမ်း၊ (၃၈)ရပ်ကွက်၊ မြောက်ဒဂုံမြို့နယ်။
ဖုန်း-၀၉-၉၇၇၁၂၈၁၃၈၊ ၀၉-၄၂၀၀၉၉၄၆၄

ကန့်ကွက်နိုင်ပါသည်
ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ၃၈-ရပ်ကွက်၊ ကန်ညီနောင်လမ်း၊ အမှတ်-၄၁၀၊ ၂ ခန်းတွဲ၊ ၆-ထပ်တိုက်၏ တတိယထပ်၊ ၄-လွှာ/ဝဲ၊ ၁၇ပေx၅၄ပေရှိ တိုက်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လွှဲပြောင်း ရောင်းချခွင့်ရှိပြီး ရောင်းချလိုကြောင်း ဒေါ်တင်သန်း(ခ)ဒေါ်ဒိလ်ဒါရ် [၁၂/မဂတ (နိုင်)၁၂၄၈၀]က ကမ်းလှမ်းလာရာ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးငြိမ်းအေးဆွေ [၁၂/မရက(နိုင်)၁၀၅၂၄၅]က ဝယ်ယူရန် သဘောတူလက်ခံ၍ စရန်ငွေပေးချေ ထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်ကို ကန့်ကွက်လိုသူများရှိပါက ပိုင်ဆိုင်မှု အထောက်အထားစာချုပ်စာတမ်းမူရင်းများနှင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက် အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

ဦးငြိမ်းအေးဆွေ၏ လွှဲအပ်ညွှန်ကြားချက်အရ -
ဦးမြတ်ဝေချို[B.A (Law), LL.B] တရားလွှတ်တော်ရှေ့နေ (စဉ်- ၆၁၅၀)
အမှတ်- ၇၀၂(မြေညီ)၊ ကျော်သူ(၁၆)လမ်း၊ (၉)ရပ်ကွက်၊
တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။
ဖုန်း-၀၉-၂၅၄၃၄၅၇၄၆၊ ၀၉-၉၇၁၈၁၁၉၈၁

ကန့်ကွက်နိုင်ပါကြောင်းကြော်ငြာ
တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်ခရိုင်၊ မြိတ်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-ကန်ဖျား၊ ကွင်းအမှတ်-၄/(က)ကန်ဖျား၊ ဦးပိုင်အမှတ်-C/၂၊ ဧရိယာ(၀.၄၇၃) ဧကအကျယ်ရှိ B/မြို့မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အဆောက်အဦအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တရားဝင်အမွေဆက်ခံ၍ လွှဲပြောင်း ရောင်းချပိုင်ခွင့်ရှိသူများဖြစ်ကြောင်း ဝန်ခံကတိပြုသူများ ဦးတိတ်စိန်[၆/မအန(နိုင်) ၀၂၇၆၆၆]၊ ဦးသီဟကိုကို[၁၂/ဒဂမ(နိုင်)၀၂၄၄၃၂]၊ ဒေါ်သီရိသင်း[၆/မမန(နိုင်) ၁၈၈၆၅၅]၊ ဒေါ်သန်းသန်းယု[၁၂/တမန(နိုင်)၀၀၈၂၃၉]၊ ဦးမြင့်လွင်[၆/မအရ(နိုင်) ၀၂၇၂၇၉]၊ ဒေါ်သီသီယု[၆/မအရ(နိုင်)၀၂၇၂၈၇]၊ ဒေါ်အေးအေးယု[၆/မအရ(နိုင်) ၀၂၇၂၈၈]ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန် စရန်ငွေ တချို့ ပေးချေထားပြီးဖြစ်ပါသဖြင့် ကန့်ကွက်လိုပါက ဤကြော်ငြာစာပါသည့်နေ့မှ စ၍ (၁၄)ရက်အတွင်း ပိုင်ဆိုင်မှုစာရွက်စာတမ်း (မူရင်း)များဖြင့် လာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ထက်ကျော်လွန်ပါက ဥပဒေနှင့်အညီ ဆက်လက်အရောင်းအဝယ်ပြုလုပ်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာ အပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်အိသန္တာပိုင်သူ(LL.B, D.B.L)
အထက်တန်းရှေ့နေ(စဉ်-၅၅၀၃၃)
အမှတ်(1/A2)၊ မြသီတာအိမ်ရာ၊ မြင်သာ(၁၁)လမ်း၊
(၁၄/၁)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။
09-400860081, 09-408098822

ကန့်ကွက်နိုင်ပါသည်
ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ (၉)ရပ်ကွက်၊ ရတနာပုံ (၃)လမ်း၊ အမှတ် (၈၅၉/က)၊ မြေကွက်အမှတ် (၈၅၉/က)၊ စတုရန်းပေ (၁၂၀၀)၊ (အလျားxအနံ)(၂၀ပေx၆၀ပေ) အကျယ်အဝန်း၏အနက်မှ ခေါင်းရင်းဘက်ခြမ်းဖြစ်သည့် (အလျားx အနံ)(၁၀ပေx၆၀ပေ) အကျယ် အဝန်းရှိ နှစ် (၆၀) မြေငှားဂရန် အမျိုးအစားဖြစ်သော မြေကွက်နှင့်နေအိမ် အဆောက်အဦ၏ အကျိုးခံစားခွင့်အရပ်ရပ်တို့အား အဆက်အစပ်စာချုပ်ဖြင့် ပိုင်ဆိုင်ထားသူ ဒေါ်သန္တာအောင် [၁၂/လသန(ဧည့်)၀၀၁၈၂၉]ထံမှ ကျွန်ုပ် မိတ်ဆွေဖြစ်သူ ဦးအောင်သိန်း [၁၂/ဥကမ(ပြု)၀၀၀၄၉၄]သည် (၄- ၈- ၂၀၂၆) ရက်နေ့တွင် ဝယ်ယူရန်အတွက် နှစ်ဦးသဘောတူ မြေကွက်နှင့် နေအိမ်အဆောက်အဦအရောင်းအဝယ် စရန်ပေးကတိစာချုပ်ကို ချုပ်ဆိုပြီး စရန်ငွေတစ်စိတ်တစ်ဒေသကို အသိသက်သေများရှေ့တွင် ပေးချေထားပြီး ဖြစ်ပါသည်။

အထက်တွင်ဖော်ပြထားသော မြေကွက်နှင့်နေအိမ်အဆောက်အဦ နှင့်ပတ်သက်၍ ယခုအရောင်းအဝယ်ကို ကန့်ကွက်သူများရှိပါက ဤကြော်ငြာ ပါသည့်နေ့မှစ၍ (၁၁)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူများမရှိပါက ၎င်းမြေကွက်နှင့် နေအိမ်အဆောက်အဦအရောင်း အဝယ်ကို ဥပဒေနှင့်အညီ အပြီးသတ်ငွေပေးချေပြီး မြေကွက်နှင့်နေအိမ် အဆောက်အဦအား လက်ရောက်လက်ခံဆောင်ရွက်သွားမည်ဖြစ်ပြီး သတ်မှတ်ရက်ထက်ကျော်လွန်ပြီးမှ လာရောက်ကန့်ကွက်ခဲ့ပါက တာဝန်ယူ ဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဦးအောင်သိန်း၏ လွှဲအပ်ညွှန်ကြားချက်အရ -
ဦးကျော်ကျော်လှိုင် LL.B, D.B.L, W.I.P.O (Switzerland)
တရားလွှတ်တော်ရှေ့နေ (စဉ်-၁၆၃၆၀)
အမှတ်(၆၈၆)၊ အနော်မာ(၁၆)လမ်းအရှေ့၊ ၁/အနော်မာရပ်ကွက်၊
သာကေတမြို့နယ်။ ဖုန်း-၀၉-၄၂၀၁၆၂၄၈၁၊ ၀၉-၇၅၈၇၆၆၃၆၃

ကန့်ကွက်နိုင်ပါသည်
ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ မြို့ဟောင်းအနောက်ရပ်ကွက်၊ ကြယ်စင်မြို့တော်အိမ်ရာစီမံကိန်း(Star City)အတွင်းရှိ တိုက်အမှတ်-The Aurora A5၊ အခန်းအမှတ်(၅၁၂)၊ (၅ လွှာ)ရှိ(1BR)၊ ဧရိယာ(၆၂၂)စတုရန်းပေရှိ ကွန်ဒို တိုက်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို တရားဝင်ပိုင်ဆိုင်ပြီး ပြန်လည် ရောင်းချပိုင်ခွင့်ရှိသူ ဦးဖုန်းသန့်[၁၂/မဂဒ(နိုင်)၁၃၀၄၆၆]ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ကျော်မိမိငယ်[၅/ကလထ(နိုင်)၁၂၄၇၉၅]က အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေများ ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်နှင့်ပတ်သက်၍ အကျိုးသက်ဆိုင်သူ မည်သူမဆို ပိုင်ဆိုင်မှုအထောက်အထား(မူရင်း)များနှင့်တကွ ကျွန်ုပ်ထံသို့ (၇)ရက်အတွင်း လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိုပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ -
ဒေါ်မိုးခင်အိ(LL.B)
တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၁၅၁)
အမှတ်(၃၇)၊ ပွဲစားလမ်း၊ အိုးဘိုရပ်ကွက်၊ ကြည့်မြင်တိုင်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၀၉-၄၄၃၀၇၁၁၄၈

ကန့်ကွက်နိုင်ကြောင်းကြော်ငြာစာ
